# ပင်တာကျု

## သင်ခန်းစာ
## တစ်ဆယ်တစ်

## ထွက်မြောက်ရာကျမ်းအား ခြုံငုံသုံးသပ်ခြင်း

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ... 1**

**ကနဦးစဉ်းစားချက်များ ... 2**

- **ကျမ်းရေးသူ ... 2**
- **အချိန်အခါ ... 4**
- **မူလအဓိပ္ပါယ် ... 5**
  - နောက်ခံသမိုင်းများ ... 7
  - နမူနာပုံစံများ ... 7
  - ကြိုတင်အရိပ်ပြချက်များ ... 8
- **ခေတ်သစ်ကျင့်သုံးမှု ... 12**

**ဖွဲ့စည်းပုံနှင့် အကြောင်းအရာ ... 15**

- **အီဂျစ်ပြည်မှ ကယ်နုတ်ခြင်း (ထွက်မြောက်ရာ ၁:၁–၁၈:၂၇) ... 16**
  - ကယ်နုတ်ခြင်းမတိုင်မီ (၁:၁–၄:၃၁) ... 16
  - ကယ်နုတ်စဉ်အတွင်း (၅:၁–၁၈:၂၇) ... 19
- **ခါနာန်အတွက် ပြင်ဆင်ခြင်း (ထွက်မြောက်ရာ ၁၉:၁–၄၀:၃၈) ... 22**
  - ဣသရေလ၏ပဋိညာဉ် (၁၉:၁–၂၄:၁၁) ... 23
  - ဣသရေလ၏တဲတော် (၂၄:၁၂–၄၀:၃၈) ... 27

**အဓိကအကြောင်းအရာများ ... 30**

- **ပဋိညာဉ်စောင့်ထိန်းသူ (၁:၁–၄:၃၁) ... 32**
- **အောင်ပွဲခံစစ်သူရဲ (၅:၁-၁၈:၂၇) ... 35**
  - အီဂျစ်၌ ... 36
  - ချီတက်ခြင်း (၁၃:၁၇-၁၈:၂၇)၊ ... 37
- **ပဋိညာဉ်တရားပေးသူ (၁၉:၁–၂၄:၁၁) ... 40**
- **ပစ္စုပ္ပန်စစ်သူရဲ (၂၄:၁၂–၄၀:၃၈)၊ ... 43**

**နိဂုံး ... 47**





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

အဖွဲ့အစည်းတိုင်းသည် အပြောင်းအလဲများကို ဖြတ်သန်းနေရသော်လည်း၊ ခေါင်းဆောင်မှု မျိုးဆက်တစ်ခုမှ နောက်မျိုးဆက်တစ်ခုသို့ လက်ဆင့်ကမ်းသောအခါတွင် အဆိုပါပြောင်းလဲမှုများသည် အနှောက်အယှက်ဖြစ်နိုင်ပါသည်။ အသင်းတော်တစ်ခု၏နောက်ဆုံးတည်ထောင်သူ သေဆုံးသွားသော အခါ၊ သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခု၏ စွန့်ဦးတီထွင်သူတစ်ဦး အနားယူသောအခါတွင်၊ ကျန်ရစ် သောတာဝန်ခံများသည် စိန်ခေါ်မှုအသစ်များနှင့် ရင်ဆိုင်ရသည်။ ထို့ကြောင့် အချိန်တိုင်းနီးပါး ထွက်ပေါ် လာသောမေးခွန်းတစ်ခုမှာ_ မျိုးဆက်သစ်များသည် ယခင်မျိုးဆက်၏ ဦးစားပေးမှုများနှင့် ကျင့်ထုံးများ ကိုမည်မျှလိုက်နာသင့်သနည်း။

ကတိတော်ပြည်နယ်နိမိတ်တွင် စခန်းချစဉ် ဣသရေလလူတို့သည် အခြေအနေများစွာတွင် ဤ မေးခွန်းတွေ့ကြုံခဲ့ကြသည်။ မောရှေ၏ဘဝနောက်ဆုံးချိန်သည် လျင်မြန်စွာ နီးကပ်လာကာ၊ ဣသရေလ လူမျိုးများသည် စိန်ခေါ်မှုအသစ်များစွာကို ရင်ဆိုင်နေကြရသည်။ ထို့ကြောင့် သူတို့အတွက် မောရှေ ချမှတ်ခဲ့သော ဦးစားပေးမှုများနှင့် ကျင့်ထုံးများကို မည်မျှဆက်လက်လိုက်နာရမည်ကို သိရှိရန်လိုအပ် သည်။ သူတို့သည်ခြားနားသောလမ်းကို လိုက်ရန်လိုအပ်ပါမည်လော။ သို့မဟုတ် မောရှေ၏လမ်းစဉ် အတိုင်း ဆက်သွားသင့်ပါသလား။ သမ္မာကျမ်းစာ၏ဒုတိယကျမ်း၊ ယခုကျွန်ုပ်တို့ခေါ်သော ထွက်မြောက် ရာကျမ်းသည် ဤမေးခွန်းများနှင့် အလားတူမေးခွန်းများကိုဖြေဆိုရန် ပုံစံပြုထားပါသည်။

ဤသင်ခန်းစာသည် သမ္မာကျမ်းစာ၏ ဒုတိယမြောက်ကျမ်းကို လွှမ်းခြုံဖော်ပြသော *ပညတ္တိကျမ်း ငါးကျမ်း* ၏အပိုင်းအားလေ့လာခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ၎င်းကို “ထွက်မြောက်ရာကျမ်းအား ခြုံငုံ သုံးသပ်ခြင်း” ဟု ခေါင်းစဉ်တပ်ထားသည်။ ဤသင်ခန်းစာတွင် ထွက်မြောက်ရာကျမ်းကို ပထမဆုံး ရေးသားခဲ့စဉ် မည်သည့်အရာကိုဆိုလိုကြောင်းနှင့် ယနေ့ကျွန်ုပ်တို့၏အသက်တာတွင် မည်သို့ကျင့်သုံး သင့်သည်ကို ပိုမိုနက်ရှိုင်းစွာကြည့်ရှုရန် ပြင်ဆင်ပေးမည့် အခြေခံအကြောင်းအရာများကို လေ့လာပါ မည်။

သင်ခန်းစာကို အဓိကအပိုင်းနှစ်ပိုင်းခွဲပါမည်။ ဦးစွာ၊ ထွက်မြောက်ရာကျမ်းကို လေ့လာရာတွင် ကျွန်ုပ်တို့ရှိသင့်သည့် ကနဦးစဉ်းစားချက်အချို့ကို ကြည့်ပါမည်။ ဒုတိယ၊ ကျမ်း၏ဖွဲ့စည်းပုံနှင့် အကြောင်း အရာကို လေ့လာပါမည်။ တတိယ၊ထွက်မြောက်ရာကျမ်း၏ အဓိကအကြောင်းအရာအချို့ကို ကြည့်ရှုပါ မည်။ ကနဦးစဉ်းစားချက်များကို ဦးစွာကြည့်ကြပါစို့။

# ကနဦးစဉ်းစားချက်များ

ကျွန်ုပ်တို့သည်ခရစ်တော်၏နောက်လိုက်များအနေနှင့်၊ ထွက်မြောက်ရာကျမ်းကို သန့်ရှင်းသော ဝိညာဉ်တော်၏မှုတ်သွင်းမှုအောက်တွင် ရေးသားထားပြီး ၎င်းသည် ဘုရားသခင်၏နှုတ်ကပတ်တော် ဖြစ်ကြောင်း မှန်ကန်စွာယုံကြည်ပါသည်။ ဤယုံကြည်ချက်သည် သာမန်ကျမ်းတစ်အုပ်နှင့် ပတ်သက် နေခြင်းမဟုတ်ကြောင်း သတိပေးသည်။ ထွက်မြောက်ရာကျမ်းသည် မိမိလူတို့အား ဘုရားသခင် ပေးတော်မူသော မြင့်မြတ်သောကျမ်းဖြစ်သည်။ ထို့ကြောင့်၊ ဤကျမ်းသည် ခရစ်တော်၏နောက်လိုက် များဖြစ်သောသင်နှင့်ကျွန်ုပ်အပေါ် ယနေ့ တစ်နည်းမဟုတ်တစ်နည်းဖြင့် အခွင့်အာဏာရှိသည်။ သို့သော် တစ်ချိန်တည်းမှာပင်၊ ဘုရားသခင်သည် လွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာတွင် အသက်ရှင်ခဲ့သူများထံ ဤကျမ်းကိုပထမဆုံးပေးခဲ့ကြောင်းကို ကျွန်ုပ်တို့မမေ့သင့်ပါ။ ထို့ကြောင့်၊ ကျွန်ုပ်တို့၏ ခေတ်သစ်လိုက် လျှောက်ခြင်းများသည် ၎င်းကို ပထမဆုံးရေးသားခဲ့စဉ်၏ရည်ရွယ်ချက်နှင့် ကိုက်ညီသေချာစေရန် အရေးကြီးပါသည်။

ထွက်မြောက်ရာကျမ်းကို စတင်ကြည့်ရှုရာတွင် မတူညီသော ကနဦးစဉ်းစားချက်လေးခုကို မိတ်ဆက်ပေးပါမည်။ ဦးစွာ၊ ကျွန်ုပ်တို့သည် ၎င်း၏ရေးသားသူနှင့်ပတ်သက်၍ လေ့လာမည်ဖြစ်သည်။ ကျမ်းကို မည်သူရေးခဲ့သနည်း။ ဒုတိယ၊ ကျမ်းကို မည်သည့်အချိန်၊ မည်သည့်နေရာတွင် ရေးသားခဲ့သည် ကိုလေ့လာမည်။ တတိယ၊ ထွက်မြောက်ရာကျမ်း၏ မူလအဓိပ္ပာယ်ကို အကျဉ်းချုပ်တင်ပြပါမည်။ စတုတ္ထ၊ ဤကိစ္စရပ်များသည်ကျမ်း၏ မျက်မှောက်ခေတ်ကျင့်သုံးခြင်းအပေါ် မည်သို့လမ်းညွှန်သည်ကို ဆွေးနွေးပါမည်။ ထွက်မြောက်ရာကျမ်းရေးသူကို ဦးစွာကြည့်ကြပါစို့။

## ကျမ်းရေးသူ

ထွက်မြောက်ရာကျမ်းရေးသူနှင့်ပတ်သက်သော မေးခွန်းသည်ပညတ္တိကျမ်းငါးကျမ်းတစ်ခုလုံး ဆိုင်ရာ ရေးသားမှုအပေါ် ရှည်လျားရှုပ်ထွေးသောဆွေးနွေးငြင်းခုံမှုတစ်ခု၏တစ်စိတ်တစ်ပိုင်းဖြစ်သည်။ သို့သော် ယခုသင်ခန်းစာတွင်၊ ဤဆွေးနွေးငြင်းခုံမှုသည် ထွက်မြောက်ရာကျမ်းအပေါ်ကျင့်သုံးသည့် နည်းလမ်းအချို့ကို ဖော်ပြပါမည်။

အနည်းဆုံး၊ မောရှေသည် ကျမ်း၏အကြောင်းအရာနှင့်ပတ်သက်၍ လုပ်ဆောင်မှုရှိကြောင်း ထွက်မြောက်ရာကျမ်းကိုဖတ်ရှုခြင်းအားဖြင့် ကျွန်ုပ်တို့ကိုဖော်ပြပါသည်။ ဘုရားသခင်သည် သိနာတောင် ပေါ်တွင်၎င်းအရာများကို မောရှေအား တိုက်ရိုက်ဖော်ပြခဲ့သည်ဟု ထွက်မြောက်ရာကျမ်းသည် အခိုင်အမာဆိုသည်။ ၎င်းတွင် ပညတ်တော်ဆယ်ပါး၊ ပဋိညာဉ်ကျမ်းနှင့် ဤသရေလ၏တဲတော်ဆိုင်ရာ ညွှန်ကြားချက်များ ပါဝင်သည်။

သို့သော်၊ ပညတ္တိကျမ်းငါးကျမ်း နှင့်ပတ်သက်သည့် အခြားသင်ခန်းစာများတွင် ကျွန်ုပ်တို့တွေ့ ရသည့်အတိုင်း၊ ဆန်းစစ်ဝေဖန်သူပညာရှင်အများစုသည် မောရှေ၏ရေးသားမှုကို ငြင်းပယ်ခဲ့ကြသည်။ ထွက်မြောက်ရာကျမ်းအပါအဝင်၊ ပညတ္တိကျမ်းငါးကျမ်း၏ ဓမ္မပညာသည်၊ မောရှေကာလမှ ဆင်းသက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လာခြင်းဖြစ်သည်ဟုဆိုနိုင်ရန် အဆင့်မြင့်လွန်းသည်၊ ထို့ပြင် ဘီစီခြောက်ရာစု ဗာဗုလုန်တွင်ကျွန်ခံခြင်း မပြီးဆုံးမီ ၎င်းကိုအပြီးသတ်ရေးသားခြင်းမရှိဟု ၎င်းတို့စောဒကတက်ခဲ့ကြသည်။

ဤဝေဖန်ရှုမြင်ချက်များသည် ကျယ်ပြန့်မှုရှိသော်လည်း၊ ၎င်းတို့နောက်ကွယ်ရှိ သမိုင်းဆိုင်ရာနှင့် ဓမ္မပညာဆိုင်ရာ ကြိုတင်ယူဆချက်များသည် အလွန်စိတ်ကူးဆန်ပြီး ယုံကြည်နိုင်စရာမရှိပါ။ ထို့အပြင်၊ ယုံကြည်သူရှုထောင့်မှကြည့်လျှင်၊ သမ္မာကျမ်းစာပါ ခိုင်လုံသောသက်သေခံချက်များကို ကျွန်ုပ်တို့ လိုက်နာရန် အရေးကြီးသည်။ ဓမ္မဟောင်းကျမ်းရေးသူများနှင့် ခရစ်တော်နှင့် သူ၏တမန်တော်များနှင့် ပရောဖက်များသည် ထွက်မြောက်ရာကျမ်းအပါအဝင် ပညတ္တိကျမ်းငါးကျမ်း တစ်ခုလုံးအတွက် မောရှေ သည် တာဝန်ရှိသည်ဟူသောအမြင်ကို တညီတညွတ်တည်း ထောက်ခံကြသည်။

ယခု၊ ယုံကြည်သူများသည် မောရှေအားကျမ်း၏ "အခြေခံ၊" "အစစ်အမှန်" သို့မဟုတ် "ကေန်မုချ" ရေးသားသူဖြစ်သည်ဟုခေါ်ဆိုခြင်းဖြင့် မောရှေ၏ကျမ်းရေးသူဖြစ်ခြင်းဆိုင်ရာ ယုံကြည်ချက်အား မှန်ကန်စွာခံယူကြသည်။ ၎င်းသည် မောရှေသည် ထွက်မြောက်ရာကျမ်းအားလုံးကို သူ့လက်ဖြင့်ထိုင်ရေးခဲ့နိုင်ချေရှိသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ သို့သော် မောရှေ၏မွေးဖွားခြင်းနှင့် ငယ်ရွယ်စဉ်ကလေးဘဝအကြောင်းမှလွဲ၍ ကျမ်းတွင်ဖော်ပြထားသောအဖြစ်အပျက်တိုင်းအတွက် မောရှေသည် ယုံကြည်စိတ်ချရသောမျက်မြင်သက်သေတစ်ဦးဖြစ်သည်။ သူသည် သူ့ခေတ်က နိုင်ငံ့ခေါင်းဆောင်များ၏ဓလေ့ထုံးစံကိုလိုက်နာပြီး သူ၏လမ်းညွှန်မှုအောက်တွင် စာရေးရန် ကျမ်းပြုဆရာများ သို့မဟုတ် စာရေးများကို အသုံးပြုခဲ့ခြင်းဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေကာမူ၊ မောရှေလက်ထက်တစ်ခုသော အချိန်အတွင်း သန့်ရှင်းသောဝိညာဉ်တော်၏မှုတ်သွင်းမှုအောက်တွင် ထွက်မြောက်ရာကျမ်းကို ရေးသား ထားကြောင်း ကျွန်ုပ်တို့ယုံကြည်စိတ်ချနိုင်ပါသည်။

> ထွက်မြောက်ရာကျမ်းကို မည်သူရေးသနည်းဟူသည့်မေးခွန်းသည် အရေးကြီးသည့်မေးခွန်းဖြစ်ပြီး၊ ကျမ်းထဲမှကျမ်းပိုဒ်များကို ဖတ်ကာ၊ မှတ်တမ်းတင်ထားသော အဖြစ်အပျက်များ၏ သမိုင်းကြောင်းကို အလေးအနက်ထားခြင်းဖြင့်၊ ယခုလက်ရှိကျွန်ုပ်တို့ရရှိထားသော ထွက်မြောက်ရာကျမ်း၏ အစိတ်အပိုင်းများကို မောရှေရေးသားခြင်းမဟုတ်ဟု ဆိုနိုင်ရန်အကြောင်းပြချက်မရှိပါ။ မောရှေကို ထွက်မြောက်ရာကျမ်းတွင် ဘုရားသခင်၏ပြောရေးဆိုခွင့်ရှိသူအဖြစ် ပုံဖော်ထားသည်။ ပညတ္တိကျမ်းငါးကျမ်းတစ်လျှောက်လုံးတွင် ထူးခြားသောပြောရေးဆိုခွင့်ရှိသူအဖြစ် မောရှေကိုသရုပ်ဖော်ထားပြီး၊ သူသည် ဘုရားသခင့်လူမျိုးတော်၏ သမိုင်းတစ်လျှောက်၊ ယေရှုမှလွဲ၍ အခြားမည်သည့်ပရောဖက်မှ သူကဲ့သို့ ဘုရားသခင်အားသိကျွမ်းသူမရှိပါ။ သူသည် ဘုရားသခင်ကို အလွန်ရင်းနှီးစွာ သိသောကြောင့်၊ သူငယ်ချင်းတစ်ဦးနှင့် စကားပြောဆိုသကဲ့သို့မျက်နှာချင်း စကားပြောကာ၊ လူတို့အတွက် ဘုရားသခင်၏ပြောရေးဆိုခွင့်ရှိသူအဖြစ် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ဓမ္မဟောင်းကျမ်းသည် ပညတ္တိကျမ်းငါးကျမ်း၏နောက်တွင် ဆက်လက်တည်ရှိနေသကဲ့သို့၊ မောရှေ၏ပညတ္တိကျမ်းကို ပြန်လည်ရည်ညွှန်းကာ နေ့ရောညပါဆင်ခြင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အောက်မေ့ရန် လူတို့အားတိုက်တွန်းသောကြောင့်၊ မောရှေသည် ကျမ်းကို ရေးသားသူဖြစ်သည်ဟု ယူဆခြင်းသည်အဓိပ္ပာယ်ရှိပါသည်။ ယခုတွင်၊ နေရာအမည်များ သို့မဟုတ် သဒ္ဒါပုံစံအချို့ပြုပြင်မွမ်းမံမှုများ ရှိနိုင်သည်၊ အချိန်ကြာလာသည်နှင့်အမျှထိုအရာများသည်၊ ဣသရေလနိုင်ငံရှိ ပရောဖက်၏လက်၊ မှုတ်သွင်းခံလက်အားဖြင့် ဖြစ်ပျက်ခဲ့သည်။ သို့သော် မှန်ပါသည်၊ ထွက်မြောက်ရာကျမ်းသည် မောရှေ၏ ကလောင်မင်တံမှ ဖြစ်ပေါ်လာသည်ဟု ကျွန်ုပ်ထင်ပါသည်… ထို့ကြောင့်၊ မောရှေအား ဣသရေလတွင် ဘုရားသခင်၏ ပြောရေးဆိုခွင့်ရှိသူအဖြစ်သာမက ကျမ်းရေးသူတစ်ဦးအနေဖြင့် ပုံဖော်ထားသည်။

**— Prof. Thomas Egger**

မောရှေ၏ကျမ်းရေးသူဖြစ်ခြင်းဆိုင်ရာ ဤအယူအဆကို စိတ်ထဲတွင်မှတ်သားထားလျှက်၊ ထွက်မြောက်ရာကျမ်းအား ရေးသားခြင်းအကြောင်း ဒုတိယအကြိမ် ကနဦးစဉ်းစားချက်များဖြစ်သည့် အချိန်အခါ သို့မဟုတ် အခြေအနေများကို လေ့လာကြပါမည်။

## အချိန်အခါ

အကျယ်တဝင့်ပြောရလျှင်၊ မောရှေသည်ထွက်မြောက်ရာကို မီးလောင်နေသောချုံပုတ်တွင် သူ့အားဘုရားခေါ် ခြင်း ထွက်မြောက်ရာ ၃:၁–၄:၃၁ နှင့် မောဘလွင်ပြင်တွင်သေဆုံးခြင်း တရားဟောရာ ၃၄:၁-၁၂ ကြား၌ ရေးသားခဲ့သည်။ သို့သော် အထောက်အထားများသည် ဤအရာထက် ပို၍တိကျစွာ ကျွန်ုပ်တို့ကိုပေးနိုင်သည်။ ကတိတော်ပြည်၏နယ်နိမိတ်တွင် ဣသရေလတို့ တပ်ချသောအခါ၊ ထွက်မြောက်ရာကျမ်းသည် အမှန်တကယ်ပြီးမြောက်ခဲ့ပြီဖြစ်ကြောင်း အနည်းဆုံးကိုးကားချက်နှစ်ခု သည်ဖော်ပြသည်။ ထွက်မြောက်ရာ ၁၆:၃၅ တွင်တွေ့ရသော ဤစကားများကို လေ့လာပါ_

> ဣသရေလလူမျိုးတို့သည်၊ လူနေရာပြည်သို့ မရောက်မှီတိုင်အောင်၊ အနှစ်လေးဆယ်ပတ်လုံး မန္နကို စားကြ၏။ ခါနာန်ပြည် နယ်နိမိတ်သို့ မရောက်မှီတိုင်အောင် မန္နကိုစားကြ၏ (ထွက်မြောက်ရာ ၁၆:၃၅)။

ထွက်မြောက်ရာကျမ်းမပြီးသေးမီတွင် ဤအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့သည်မှာ ထင်ရှားပါ သည်။ ထို့ကြောင့်၊ ဣသရေလလူမျိုးသည် "အနှစ်လေးဆယ်" လှည့်လည်ခဲ့ပြီးဖြစ်ကြောင်း ကျွန်ုပ်တို့ သိသည်။ သူတို့သည် "အခြေချသောပြည်" သို့မဟုတ် "ခါနာန်ပြည်နယ်စပ်" သို့ ရောက်ခဲ့ကြသည်။

ကျမ်း၏နောက်ဆုံးအခန်းငယ်ဖြစ်သော ထွက်မြောက်ရာကျမ်း ၄၀:၃၈ တွင် နောက်ဆုံးရေးသား သည့်အချိန်ဆိုင်ရာ အလားတူအရိပ်အယောင်တစ်ခု ပေါ်လာသည်_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ခရီးသွားလေရာရာတွင် ဣသရေလလူမျိုးသားအပေါင်းတို့ရှေ့မှောက်၌ ထာဝရဘုရား၏မိုးတိမ်သည် နေ့အခါတဲတော်အပေါ်မှာ တည်နေ၏။ ညအခါ မီးလျှံဖြစ်လျက် တည်နေလေသတည်း (ထွက်မြောက်ရာကျမ်း ၄၀:၃၈)။

ဤကျမ်းပိုဒ်သည် "ခရီးသွားလေရာရာ" တဲတော်ပေါ်တွင် ဘုရားသခင်၏မျက်မှောက်တော် တည်ရှိခြင်းကို ဖော်ပြထားကြောင်း သတိပြုပါ။ ဤသမိုင်းဝင်မှတ်တမ်းသည် မောရှေသည် ထွက်မြောက်ရာကျမ်းကို သူ၏ဘဝအဆုံးပိုင်းတွင် ပြီးမြောက်ခဲ့ကြောင်း သက်သေပြသည်။ ဣသရေလ လူတို့သည် အနှစ်လေးဆယ်ပတ်လုံး လှည့်လည်၍ မောဘလွင်ပြင်သို့ *ရောက်ပြီးမှ* သူသည်ရေးသားခဲ့ သည်။

ယခုအချိန်အထိ၊ ကျွန်ုပ်တို့သည် ထွက်မြောက်ရာကျမ်း ရေးသားသူနှင့် အချိန်အခါဆိုင်ရာ ကနဦး စဉ်းစားစရာများကို ကြည့်ရှုထားပြီးဖြစ်သည်။ ယခု၊ ကျွန်ုပ်တို့သည် ၎င်း၏မူလအဓိပ္ပာယ်ကို အကျဉ်း ချုပ်ရန် အနေအထားတွင် ရောက်ရှိနေပါသည်။ ဘုရားသခင်သည် မောရှေအားအဘယ်ကြောင့် ထွက်မြောက်ရာကျမ်းကို ရေးဖွဲ့စေခဲ့သနည်း။ ထို့ပြင် မောဘလွင်ပြင်တွင် မောရှေသည် သူ၏မူလ ဣသရေလပရိသတ်ကို မည်သို့အကျိုးသက်ရောက်လိမ့်မည်ဟု မျှော်လင့်ခဲ့သနည်း။

# မူလအဓိပ္ပါယ်

အစကတည်းကပင်၊ ဓမ္မဟောင်း၌ပေါ်လာလေ့ရှိသော ယေဘူယျပန်းတိုင်များစွာ မောရှေတွင် ရှိကြောင်း ကျွန်ုပ်တို့သတိပြုသင့်သည်။ ဥပမာ၊ ထွက်မြောက်ရာကျမ်းသည် ဘုရားသခင်ကို ချီးမွမ်းကိုး ကွယ်ရန် ဣသရေလလူမျိုးကို တသမတ်တည်းလမ်းပြသောကြောင့် ချီးမွမ်းကိုးကွယ်ခြင်းဆိုင်ရာကျမ်း ဖြစ်သည်။ သို့သော် ဘုရားသခင်နှင့်ပတ်သက်သော သမ္မာတရားများကို ထပ်ခါတလဲလဲ ရှင်းပြသော ကြောင့် ဓမ္မပညာဆိုင်ရာကျမ်းလည်းဖြစ်သည်။ ထို့ပြင် ကျမ်းတစ်အုပ်လုံးသည် ဣသရေလ၏ အမျိုးသားရေးကိုပုံဖော်ရန် သဘောတရားအရပုံစံပြုထားသော နိုင်ငံရေးဆိုင်ရာကျမ်းဖြစ်သည်။ မားယွင်းသောအမြင်များကို ဆန့်ကျင်သောကြောင့် အငြင်းအခုန်ဆိုင်ရာကျမ်းဖြစ်သည်။ ဣသရေလ လူမျိုးသည် ဘုရားသခင်ကိုမည်ကဲ့သို့နာခံကြောင်း ဖော်ပြသောကြောင့် ကိုယ်ကျင့်တရားဆိုင်ရာကျမ်း ဖြစ်သည်။ ထို့အပြင် ၎င်းသည် ဘုရားသခင်အပေါ် သစ္စာစောင့်သိမှုကို အားပေးပြီး သစ္စာမဲ့မှုကို သတိပေးသောကြောင့် လှုံ့ဆော်မှုဆိုင်ရာကျမ်းဖြစ်သည်။ ဤအရာများနှင့် အခြားအလားတူပန်းတိုင် များစွာသည် ယေဘူယျအားဖြင့် ထွက်မြောက်ရာကျမ်းတစ်ခုလုံး၏ ထူးခြားချက်ကို ပုံဖော်ပြသည်။

ထွက်မြောက်ရာကျမ်းသည် ဤအရာများနှင့် အခြားဝိသေသလက္ခဏာများကို အခြားကျမ်း များစွာနှင့် မျှဝေနေချိန်တွင်၊ မောရှေသည်လည်း ထွက်မြောက်ရာကျမ်းအား ရေးသားရန်အတွက် ထူးခြားထင်ရှားသောရည်ရွယ်ချက်တစ်ခုရှိသည်။ ဤစည်းလုံးညီညွတ်သောရည်ရွယ်ချက်ကို အကျဉ်းချုပ်ဖော်ပြရန် ဤအချက်များသည်အထောက်အကူဖြစ်စေသည်_

> ထွက်မြောက်ရာကျမ်းသည် ထွက်မြောက်ရာပထမမျိုးဆက်အတွက် မောရှေ၏ဘုရားသခင့်ခန့်အပ်ထားသောအခွင့်အာဏာကို သက်သေပြပြီး၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူတို့၏အသက်တာတွင် မောရှေ၏တည်မြဲနေသောအခွင့်အာဏာကို
အသိအမှတ်ပြုရန် ဒုတိယမျိုးဆက်ကို ညွှန်ကြားသည်။

ဤအနှစ်ချုပ်သည် ထွက်မြောက်ရာကျမ်း၏မူလအဓိပ္ပာယ်ဆီသို့ဦးတည်သည့် ကျွန်ုပ်တို့အား အထောက်အကူဖြစ်စေသော အချက်သုံးချက်အပေါ် သက်ရောက်သည်။ ပထမအချက်၊ ကျမ်း၏အများပိုင်းသည်၊ ထွက်မြောက်လာသောပထမမျိုးဆက်*အကြောင်း* ရေးသားထားသော်လည်း၊ တစ်ချိန်တည်းမှာပင် ဤကျမ်းသည် ထွက်မြောက်ရာဒုတိယမျိုးဆက်အတွက် ရေးသားထားခြင်းဖြစ်သည်ကိုလည်း သတိရစေသည်။

မောရှေသည် ဣသရေလလူတို့ကို အီဂျစ်ပြည်မှ နှုတ်ဆောင်သောအခါ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်အများစုကို ဖော်ပြကြောင်း ထွက်မြောက်ရာကျမ်းနှင့် ရင်းနှီးသူတိုင်း သိကြသည်။ ဤအချိန်ကို သမိုင်း၏ "ထိုကာလ" ဟုလည်း ခေါ် နိုင်သည်။ သို့သော်လည်း၊ ထွက်မြောက်ရာ ပထမမျိုးဆက်၏ "ထိုကာလ"အကြောင်းပြောသမျှသည် "သူတို့၏ကာလ" ဟုခေါ်ဆိုသော ထွက်မြောက်ရာ ဒုတိယမျိုးဆက်ကို ဖော်ပြရန်ပုံစံပြုထားသည်။

ယခု၊ ရှေးဣသရေလလူမျိုးအနည်းငယ်သာ ဖတ်နိုင်သည်ကိုသတိရရန် အရေးကြီးသည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည် ဒုတိယမျိုးဆက် "ပရိသတ်" အကြောင်းပြောသောအခါ၊ ယောက်ျား၊ မိန်းမ၊ ကလေးတိုင်းသည် ထွက်မြောက်ရာကျမ်းတစ်စောင်ကိုယူပြီး ၎င်းတို့ကိုယ်တိုင်အတွက် ဖတ်သည်ဟု မဆိုလိုပါ။ ဆန့်ကျင်ဘက်အနေနှင့်၊ ဓမ္မဟောင်းကျမ်း၏အခြားအပိုင်းများကဲ့သို့ပင်၊ မောရှေသည် ဣသရေလ*ခေါင်းဆောင်များအ*တွက် အဓိကအားဖြင့် ထွက်မြောက်ရာကျမ်းကို ရေးသားခဲ့သည်။ ယောရှု၊ မျိုးနွယ်စုအကြီးအကဲများ၊ တရားသူကြီးများ၊ ယဇ်ပုရောဟိတ်များနှင့် လေဝိသားများသည် ထွက်မြောက်ရာကျမ်းအဓိကအာရုံစိုက်သူများဖြစ်သည်။ ကျမ်းပါအကြောင်းအရာကို အခြားဣသရေလများထံ ပေးပို့ပြီး ရှင်းပြရန် ဤခေါင်းဆောင်များ၏တာဝန်ဖြစ်သည်။ ဤအကြောင်းကြောင့်၊ ထွက်မြောက်ရာကျမ်းသည် လူမျိုးတစ်မျိုးအဖြစ် ဒုတိယမျိုးဆက်ကြုံတွေ့နေရသော ပြဿနာများကို တိုက်ရိုက်ဖြေရှင်းသည်။

"သူတို့၏ကာလ" အပေါ်မောရှေ၏အာရုံစူးစိုက်မှုအများစုသည် သွယ်ဝိုက်စပ်ဆက်နေကြောင်းကိုလည်း သတိပြုရန် အရေးကြီးသည်။ သို့တိုင်၊ ဒုတိယမျိုးဆက်ထင်ရှားလာခြင်းသည် "သူတို့၏ကာလ"ကို မောရှေ၏စိတ်ထဲတွင်ထားလျက်ရေးခဲ့ကြောင်းမကြာခဏယုံကြည်စိတ်ချစေပါသည်။ ကျွန်ုပ်တို့ မှတ်သားထားပြီးဖြစ်သည့်အတိုင်း၊ ထွက်မြောက်ရာ ၁၆:၃၅ နှင့် ၄၀:၃၈ နှစ်ခုစလုံးသည် ဒုတိယမျိုးဆက်ကို ရည်ညွှန်းပါသည်။ ထို့အပြင်၊ ထွက်မြောက်ရာ ၆:၁၃-၂၇ တွင်တွေ့ရသော မျိုးရိုးစဉ်ဆက်မှတ်တမ်းသည် အာရုန်၏မြေး ဖိနဟတ်ထိတိုင် ရောက်သည်။ ထို့နောက် ဒုတိယမျိုးဆက်အတွက် အထူးသက်ဆိုင်သည့် အခြားကျမ်းပိုဒ်များကို နောက်ပိုင်းတွင်တွေ့ရပါလိမ့်မည်။ မောရှေသည် ဤကျမ်းကို ရေးသားရာတွင် ပထမနှင့် ဒုတိယမျိုးဆက်များကို စဉ်းစားကြောင်း ဤအကိုးအကားများသည် ဖော်ပြသည်။

ထွက်မြောက်ရာကျမ်းအတွက် မောရှေ၏မူလရည်ရွယ်ချက်အကျဉ်းချုပ်၏ ဒုတိယအသွင်အပြင်သည် "ပထမမျိုးဆက်" နှင့်ပတ်သက်သည့်အရာအားလုံးကို "ဒုတိယမျိုးဆက်ကို *ညွှန်ကြားရန်*" ဟု

ရေးသားထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ၊ မောရှေသည်ထွက်မြောက်ရာကျမ်းကို သူ၏မူလ၊ ဒုတိယ မျိုးဆက် ပရိသတ်သည် ဘုရားသခင်ကိုအစေခံခြင်း၌နာခံရန် အပြည့်အဝ အခွင့်အာဏာရှိသော ကျမ်းအဖြစ် ရေးသားခဲ့ခြင်းဖြစ်သည်။

ထွက်မြောက်ရာကျမ်းကို ကျွန်ုပ်တို့ဖတ်ရှုသောအခါ၊ မောရှေသည် ဒုတိယမျိုးဆက်နှင့် သက်ဆိုင်စေရန် သူ၏သမိုင်းမှတ်တမ်းကို ဂရုတစိုက်ပုံဖော်ထားကြောင်း ထင်ရှားလာသည်။ ခါနာန်နယ်နိမိတ်တွင် စခန်းချသူများအားဖော်ပြရန် ပထမမျိုးဆက်နှင့် ဒုတိယမျိုးဆက်များကြား ကွာခြားချက်များစွာကို ဂရုတစိုက် မောရှေအာရုံစိုက်ခဲ့သည်။ သူတို့သည် မတူညီသော အချိန်နှင့် နေရာများတွင် နေထိုင်ကြပြီး မတူညီသော စိန်ခေါ်မှုများကို ရင်ဆိုင်ရကြောင်း သူသိရှိခဲ့သည်။ ထို့ကြောင့် မောရှေသည် ၎င်းတို့ကြားရှိ ချိတ်ဆက်မှုကို မီးမောင်းထိုးပြရန် ထွက်မြောက်ရာကျမ်း အပိုင်းတစ်ခုစီကို ကျွမ်းကျင်စွာပုံစံပြုခဲ့သည်။ ဤချိတ်ဆက်မှုများသည် သူ၏မူလပရိသတ်တို့နှင့် သူတို့၏ဘိုးဘေးများကြား ကွာဟချက်ကို ပေါင်းကူးနိုင်စေခဲ့သည်။

## နောက်ခံသမိုင်းများ

မောရှေသည် သူ၏ကျမ်း၏အခွင့်အာဏာကို မူလပရိသတ်အား သက်သေထင်ရှားစေသည့် အခြေခံချိတ်ဆက်မှုသုံးမျိုးကို ဖန်တီးခဲ့သည်။ သူ၏ အရိုးရှင်းဆုံးချိတ်ဆက်မှုများတွင် သမိုင်းနောက်ခံများ ပါဝင်သည်။ ဤစာပိုဒ်များသည် မူလပရိသတ်၏အခွင့်ထူးများနှင့် တာဝန်များ၏သမိုင်းဆိုင်ရာ မူလအစများကို အာရုံစိုက်ထားသည်။

ဣသရေလလူတို့အားပေးသော ဘုရားသခင်၏ကတိတော်ပြည့်စုံမှုနှင့် ဆက်စပ်နေသည့် ထွက်မြောက်ရာ ၃:၈ တွင် သမိုင်းနောက်ခံအမျိုးအစားတစ်ခု တွေ့ရသည်။ ဤအခန်းငယ်တွင်၊ ဘုရားသခင်သည် ဣသရေလလူတို့ကို အီဂျစ်ပြည်မှ "နို့နှင့်ပျားရည်စီးသောပြည်" သို့ ပို့ဆောင်မည်ဟု ကတိပြုခဲ့သည်။ မောရှေ၏ပရိသတ်များသည် သူတို့၏ခေတ်တွင် ပြည့်စုံနေသည်ကိုတွေ့မြင်နေရသောကြောင့် ဤခန့်မှန်းချက်သည် သူတို့အတွက်သက်ဆိုင်ပါသည်။

ပထမမျိုးဆက်နှင့် ဒုတိယမျိုးဆက်အား နောက်ဆက်တွဲတာဝန်များဆိုင်ရာ ဘုရားသခင်၏ မိန့်မှာချက်များတွင် အခြားသမိုင်းနောက်ခံအမျိုးအစား ပေါ်လာသည်။ ဥပမာ၊ ထွက်မြောက်ရာ ၂၀:၁-၁၇ တွင်၊ ဘုရားသခင်သည် ပထမမျိုးဆက်အား ပညတ်တော်ဆယ်ပါးကို မည်ကဲ့သို့ပေးခဲ့ကြောင်း မောရှေဖော်ပြသည်။ ဤဖြစ်ရပ်သည် ဒုတိယမျိုးဆက်အတွက် ကိုယ်ကျင့်တရားဆိုင်ရာ တာဝန်ဝတ္တရားများ၏အခြေခံကို ဖြစ်ပေါ်စေခဲ့သည်။

## နမူနာပုံစံများ

သမိုင်းနောက်ခံများအပြင်၊ မောရှေသည် ၎င်း၏ပရိသတ်အား အတုယူရန် သို့မဟုတ် ငြင်းပယ်ရန် သမိုင်းပုံစံများကို ပေးခဲ့သည်။ ဤချိတ်ဆက်မှုမျိုးကိုတည်ဆောက်ရန်၊ မောရှေသည် ပထမမျိုးဆက်နှင့် ဒုတိယမျိုးဆက်ပရိသတ်ကြား ကြီးမားသောတူညီမှုများကိုထောက်ပြရန် ကျမ်းပိုဒ်အချို့ကို ပုံဖော်ခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျမ်းပိုဒ်များစွာတွင်၊ မောရှေသည် ၎င်း၏မူလပရိသတ်များ အပျက်သဘောဆောင်သောပုံစံများ ကိုငြင်းပယ်ရန် ဤဆင်တူမှုများကို အသုံးပြုခဲ့သည်။ ဥပမာ၊ ထွက်မြောက်ရာ ၁၅:၂၄၊ ၁၆:၂-၁၂၊ နှင့် ၁၇:၃ တွင် သိနာတောင်သို့သွားစဉ် ဣသရေလတို့၏ ထပ်ခါတလဲလဲ ပုန်ကန်သောငြီးတွားခြင်းသည် ဒုတိယ မျိုးဆက်အနေဖြင့်ငြင်းပယ်ရမည့် အနုတ်လက္ခဏာပုံစံများကို ကိုယ်စားပြုသည်။

ဆန့်ကျင်ဘက်အားဖြင့်၊ မောရှေသည် အတုယူရန် အပြုသဘောဆောင်သောပုံစံများကိုလည်း သူ၏ပရိသတ်အား ပေးခဲ့သည်။ ဥပမာ၊ ဣသရေလလူမျိုးသည် ထွက်မြောက်ရာ ၃၆:၈-၃၈ တွင် တဲတော်ဆောက်လုပ်ရန်အတွက် ဘုရားသခင်၏ညွှန်ကြားချက်များကို လိုက်နာခဲ့သည်။ ၎င်းသည် နောက်ပိုင်းတွင် တဲတော်၌ဘုရားသခင်အား ဝတ်ပြုကြစဉ် ဒုတိယမျိုးဆက်တို့အတုယူရန် အပြုသဘော ဆောင်သော စံနမူနာကို ကိုယ်စားပြုသည်။

ထို့အပြင် မောရှေသည် အပြုသဘောနှင့် အနုတ်လက္ခဏာအရည်အသွေးနှစ်မျိုးလုံးကို စံနမူနာ ပြသည့် ရောနှောထားသောပုံစံများကိုလည်း ပေးခဲ့သည်။ သာဓကတစ်ခုအနေနှင့်၊ ထွက်မြောက်ရာ ၇:၈-၁၃ တွင်၊ အာရုန်သည် ဘုရားသခင်ကိုနာခံပြီး သူ၏လှံတံကို ဖာရောဘုရင်ရှေ့မှောက်၌ ပစ်ချခဲ့သည်။ သူ၏နာခံမှုသည် အီဂျစ်ပြည်မှ ဣသရေလတို့လွတ်မြောက်ရေးကို အထောက်အကူဖြစ်စေသည်။ သို့သော်၊ ၃၂:၁-၃၅ တွင်၊ သူသည် လူများကိုးကွယ်ရန် ရွှေနွားသငယ်ရုပ်ကို ပြုလုပ်ခဲ့ပြီး သူ၏မနာခံမှု ကြောင့် ဣသရေလတို့ပြင်းထန်သောပြစ်ဒဏ်ကို ခံခဲ့ရသည်။ ၎င်းသည် ဒုတိယမျိုးဆက်ပရိသတ်အား အတုယူရန်နှင့် ငြင်းပယ်ရန် ရောနှောထားသောစံနမူနာကို ပေးသည်။

## ကြိုတင်အရိပ်ပြချက်များ

တတိယနေရာ၏၊ အကြိမ်အနည်းငယ်တွင် မောရှေသည် သူ၏ဒုတိယမျိုးဆက် ပရိသတ် အတွက် သမိုင်းဆိုင်ရာကြိုတင်အရိပ်ပြချက်များ သို့မဟုတ် ကြိုတင်ဟောပြောခြင်းအဖြစ် သူ၏အဖြစ် အပျက်များကို မှတ်တမ်းတင်ခဲ့သည်။

> ခေတ်သစ်ရုပ်ရှင်နှင့် စာပေများတွင် သမ္မာကျမ်းစာဇာတ်လမ်းများ၌ ကျမ်းရေးသူများသည် ရှေ့ပြေးအရိပ်များကို အသုံးပြုလေ့ရှိသည်။ မောရှေသည် အဲဂုတ္တုပြည်မှထွက်ခွာပြီး ရေတွင်းသို့ရောက်သောအခါ ယေသရော၏ သမီးများကို သိုးထိန်းများလက်မှကယ်တင်စဉ် သို့မဟုတ် ရွေးနုတ်သောအခါ၊ ထွက်မြောက်ရာကျမ်း အစောပိုင်းတွင် ဤဥပမာကောင်းတစ်ခု ကျွန်ုပ်တို့တွင်ရှိသည်။ ထို့ပြင် ကျမ်းပိုဒ်သည်မောရှေကို ကယ်လွှတ်သူ တစ်ဦး၏အခန်းကဏ္ဍတွင် သရုပ်ဖော်ထားသည်။ ၎င်းသည် သူ့အားဖြင့် ဘုရားသခင် လုပ်ဆောင်မည့်အရာကို ကြိုတင်အရိပ်ပြခြင်းဖြစ်သည်။ သူသည် အီဂျစ်ပြည်သို့သွားကာ ဘုရားသခင်၏လူများကို ကျွန်ခံခြင်းမှ ကယ်လွှတ်မည် ဖြစ်သည်။

**ဒေါက်တာ Robert B. Chisholm, Jr.**

ဤချိတ်ဆက်မှုအမျိုးအစားသည် အခြားသော ဓမ္မဟောင်းကျမ်းများတွင် ထွက်မြောက်ရာကျမ်းတွင်ကဲ့သို့ မဖြစ်ပေါ်ပါ။ သို့သော် အချို့သောကိစ္စများတွင်၊ မောရှေသည် သူ၏မူလပရိသတ်များ၏ အတွေ့အကြုံများနှင့် လုံးဝကိုက်ညီလုနီးပါးရှိသည့် အတိတ်မှအဖြစ်အပျက်များကို ဖော်ပြခဲ့သည်။ ဤကြိုတင်အရိပ်ပြချက်များသည် ဒုတိယမျိုးဆက်၏ လက်ထက်တွင် သမိုင်းသည် ယခင်အတိုင်းပင်ဖြစ်သည်ကို ညွှန်ပြနေပါသည်။ ဥပမာ၊ ထွက်မြောက်ရာ ၁၃:၁၈ တွင် "ဣသရေလလူမျိုးတို့သည်၊ ခင်းကျင်းသော တပ်အစဉ်အတိုင်း အဲဂုတ္တုပြည်မှ ထွက်သွားကြ၏။" ပထမမျိုးဆက်၏ဤစစ်ရေးအစီအစဉ်သည် ဒုတိယမျိုးဆက်အား အောင်ပွဲဝင်ရန်အဆင်သင့်ဖြစ်နေသော စစ်တပ်တစ်ခုအနေဖြင့် မည်သို့စီစဉ်ထားသည်ကို ကြိုတင်အရိပ်ပြသသည်။

အလားတူ၊ ထွက်မြောက်ရာ ၄၀:၃၄-၃၈ တွင်တဲတော်သည် ကောင်းစွာဆောင်ရွက်သည်နှင့် တစ်ပြိုင်နက်၊ ဘုရားသခင်သည် မီးခိုးနှင့်မီးကဲ့သို့ပေါ်လာကာ မိမိလူတို့ကိုသွားစဉ်တွင် ဦးဆောင်တော်မူကြောင်း မှတ်သားထားသည်။ ဤသမိုင်းဖြစ်ရပ်မှန်သည် အနှစ် ၄၀ ကြာပြီးနောက်၊ ဘုရားသခင်၏ မျက်မှောက်တော်သည် ဒုတိယမျိုးဆက် ပရိသတ်ကိုသူတို့၏ကာလတွင် မည်သို့ဦးဆောင်လမ်းပြမည်ကို ကြိုတင်မျှော်လင့်ထားသည်။

ကျွန်ုပ်တို့မြင်ဖူးသည့်အတိုင်း၊ မောရှေသည် ဒုတိယမျိုးဆက်အတွက် နောက်ခံများ၊ ပုံစံများနှင့် ကြိုတင်အရိပ်ပြချက်များအဖြစ်ဆောင်ရွက်ရန် သူ၏ပထမမျိုးဆက်၏သမိုင်းမှတ်တမ်းကို ပုံဖော်ခဲ့သည်။ ဘုရားသခင်အားအစေခံခြင်း၌ သူတို့ကို ညွှန်ကြားရန် သူသည်ဤအရာပြုလုပ်ခဲ့သည်။ သို့သော် ဤအရာအားလုံးသည် တတိယနှင့် အရေးကြီးဆုံးအကြောင်းအရာဖြစ်သော ထွက်မြောက်ရာကျမ်း၏ မူလအဓိပ္ပာယ်အကျဉ်းချုပ်သို့ ကျွန်ုပ်တို့အားပို့ဆောင်ပေးပါသည်။ ထွက်မြောက်ရာကျမ်းသည် အဓိကအားဖြင့် ပထမမျိုးဆက်အပေါ် မောရှေ၏ဘုရားသခင့်ခန့်အပ်ထားသောအခွင့်အာဏာကို သက်သေပြရန် ပုံစံပြုထားခြင်းဖြစ်ပြီး၊ ဒုတိယမျိုးဆက်သည် ၎င်းတို့၏အသက်တာတွင် မောရှေ၏တည်မြဲသောအခွင့်အာဏာကို အသိအမှတ်ပြုနိုင်ရန်ဖြစ်သည်။

ယခု၊ ထွက်မြောက်ရာကျမ်းတွင် အာရုန်သည် မောရှေနှင့်အတူ မကြာခဏအတူရှိနေကြောင်း ဖော်ပြရန်အရေးကြီးသည်။ သို့သော် အာရုန်ပါဝင်သည့်တိုင်၊ ထွက်မြောက်ရာကျမ်း၏ အစိတ်အပိုင်းတိုင်းသည် ဒုတိယမျိုးဆက်တို့အပေါ် မောရှေ၏ဆက်လက်အခွင့်အာဏာတည်ရှိကြောင်း အတည်ပြုရန်ဖြစ်သည်။ သူတို့သည် မောရှေ၏ဓမ္မပညာဆိုင်ရာအမြင်များ၊ သူ၏ ကိုယ်ကျင့်တရားအခြေခံမှုများ၊ အမျိုးသားရေးမူဝါဒများနှင့် အခြားအရာများကို ဝန်ခံရမည်ဖြစ်သည်။ ဤသင်ခန်းစာ၏ နောက်ပိုင်းတွင်၊ ဤအကြောင်းအရာသည် မည်မျှပျံ့နှံ့နေသည်ကို အသေးစိတ်လေ့လာပါမည်။ သို့သော်၊ ဤနေရာတွင် ကျမ်း၌အလေးပေးဖော်ပြထားသော နည်းလမ်းနှစ်ခုဖြစ်သည့် ဣသရေလအပေါ် မောရှေ၏အရေးပါမှုနှင့် သူ၏အခွင့်အာဏာကို အကျဉ်းချုံးဖော်ပြပါမည်။

ပထမ၊ ထွက်မြောက်ရာကျမ်းဇာတ်လမ်းတွင် မောရှေသည် အလယ်ဗဟိုနေရာကို သိမ်းပိုက်ထားသည်ကို မြင်ရန် မခက်ပါ။ သေချာသည်မှာ၊ ထွက်မြောက်ရာကျမ်း၏ ပထမအခန်းနှစ်ခန်းသည် မောရှေကိုချက်ချင်းမိတ်ဆက်ခြင်းမပြုပါ။ သို့သော် ထွက်မြောက်ရာ ၂:၁၀ တွင် သူ၏အမည်ကို ကျွန်ုပ်တို့တွေ့ရပြီးနောက်၊ ကျမ်းတွင်ဖြစ်ပျက်သမျှအရာအားလုံးသည် မောရှေနှင့် တစ်နည်းနည်းဖြင့် ထင်ရှားစွာ ဆက်စပ်နေသည်။ ဘုရားသခင်သည် မိမိလူတို့ကို အဲဂုတ္တုပြည်မှ ကယ်နှုတ်ရန် အသင့်ရှိသောအခါ၊

မောရှေကို ခေါ်တော်မူသည်။ အီဂျစ်လူတို့ကို အံ့ဖွယ်နည်းဖြင့် ဘုရားသခင်၏တရားစီရင်မှုတိုင်းတွင် မောရှေသည်အရေးပါသူဖြစ်သည်။ မောရှေသည် ဘုရားသခင်ကိုနာခံပြီး ရေပေါ်သို့ လက်ကိုဆန့်တန်း လိုက်စဉ် ပင်လယ်ပြင်နှစ်ခြမ်းကွဲသွားသည်။ ဣသရေလလူမျိုးကို အီဂျစ်ပြည်မှ သိနာတောင်သို့ ပို့ဆောင်စဉ်တွင် မောရှေသည် ဣသရေလ၏ခေါင်းဆောင်အဖြစ် အမှုထမ်းခဲ့သည်။ ဘုရားသခင်သည် မောရှေအားဖြင့် ဣသရေလလူမျိုးနှင့် ပဋိညာဉ်ဖွဲ့ခဲ့သည်။ မောရှေသည် ပညတ်တရား၏ကျောက်ပြား များနှင့် ပဋိညာဉ်ကျမ်းများကို ဘုရားသခင်ကိုယ်စား ပေးအပ်ခဲ့သည်။ ဘုရားသခင်သည် မောရှေအား တဲတော်ဆိုင်ရာလမ်းညွှန်ချက်ပေးခဲ့သည်။ မောရှေသည် သိနာတောင်ခြေတွင် ဣသရေလတို့၏ ရုပ်တုကိုးကွယ်နေချိန်အတွင်း ဘုရားသခင်ကိုအစေခံခဲ့သည်။ မောရှေသည် တဲတော်ဆောက်လုပ်ခြင်း ကို ဦးဆောင်ခဲ့သည်။

ဒုတိယ၊ ထွက်မြောက်ရာကျမ်းသည် ဣသရေလလူမျိုးအပေါ် မောရှေ၏အခွင့်အာဏာကို အကြိမ်ကြိမ်မီးမောင်းထိုးပြသည်။ ထွက်မြောက်ရာ ၂:၁၄၊ ၅:၂၁၊ ၁၅:၂၄၊ ၁၆:၂၊ ၃ နှင့် ၁၇:၂ တွင် သူတို့၏ခေါင်းဆောင်အဖြစ် မောရှေ၏အခွင့်အာဏာကို ဣသရေလလူများမေးခွန်းထုတ်ကြသည် ဟူသောအချက်ကို ဖော်ပြထားသည်။ သို့သော် အခြားအချိန်များတွင်၊ ဣသရေလလူများသည် ထွက်မြောက်ရာ ၄:၃၁၊ ၁၄:၃၁ နှင့် ၂၀:၁၉ တွင် မောရှေ၏အခွင့်အာဏာကို အသိအမှတ်ပြုခဲ့ကြသည်။ ထွက်မြောက်ရာ ၆:၁-၈၊ ၁၀-၁၃၊ ၂၄:၂ နှင့် ၃၄:၁-၄ တွင် မောရှေအား ဣသရေလ၏အခွင့်အာဏာရှိ သော ခေါင်းဆောင်အဖြစ် ကိုယ်တော်တိုင်ခန့်အပ်ကြောင်း ဘုရားသခင်၏အတည်ပြုမှုကို ကျွန်ုပ်တို့ ဖတ်ရသည်။ ဥပမာတစ်ခုအနေနှင့်၊ သိနာတောင်ပေါ်၌မောရှေအား ဘုရားသခင်သည် သူ၏နောင်လာ မည့်ကိုယ်တိုင်အုပ်စိုးခြင်း သို့မဟုတ် ဘုရားသခင့်အသွင်အပြင်ကို ရှင်းပြသည့် ထွက်မြောက်ရာ ၁၉:၉ ကို နားထောင်ပါ_

> ထာဝရဘုရားကလည်း ကြည့်ရှုလော့။ သင်နှင့်ငါပြောသောအခါ
> လူများတို့သည်ကြား၍ အစဉ်အမြဲ သင့်ကိုယုံမည်အကြောင်း၊
> မိုးတိမ်တိုက်၌သင့်ဆီသို့ငါလာမည်ဟု မောရှေအားမိန့်တော်မူ၏
> (ထွက်မြောက်ရာ ၁၉:၉)။

ဤကျမ်းပိုဒ်ထောက်ပြသည့်အတိုင်း၊ ဘုရားသခင်သည် သိနာတောင်ပေါ်တွင် “မိုးတိမ်တိုက်” ၌ ပေါ်ထွန်းလာသောကြောင့် ဣသရေလလူတို့သည် မောရှေနှင့် ဘုရားသခင် စကားပြောသည်ကို ကြားသောအခါ “[မောရှေ] ကို အမြဲယုံကြည်ကိုးစား” ကြမည်ဖြစ်သည်။ ဤနေရာတွင် ကျွန်ုပ်တို့ တွေ့မြင်ရသည့်အတိုင်း၊ ဤကျမ်းပိုဒ်သည် ထွက်မြောက်ရာကျမ်းကို ရေးသားရခြင်း၏အထင်ရှားဆုံး အကြောင်းရင်းကို အာရုံစိုက်စေသည်။ ထွက်မြောက်ရာကျမ်းသည် ဣသရေလအပေါ် မောရှေ၏တည်မြဲ သောအခွင့်အာဏာကို သက်သေပြသည်။

> ယုံကြည်သူများသည် ထွက်မြောက်ရာကျမ်းကဲ့သို့ သို့မဟုတ် ထိုကိစ္စအတွက်၊
> အခြားမည်သည့်ကျမ်းကိုမဆို ပြောသောအခါတွင် သူတို့အားလုံးသည်
> ဘုရားသခင်ဗဟိုပြုဖြစ်ရန်သဘောထားရှိပြီး၊ ၎င်းသည်အရာခပ်သိမ်းသည်
> ဘုရားသခင်ကိုဗဟိုပြု၍ ကျမ်းတိုင်းနှင့် ကျမ်းတိုင်း၏ ကဏ္ဍအားလုံးသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်နှင့်ပတ်သက်သည်ဟု ကျွန်ုပ်ဆိုလိုပါသည်။ သို့သော် လက်တွေ့တွင်၊ ထွက်မြောက်ရာကျမ်းကို သင်လေ့လာသောအခါတွင်၊ ၎င်းကို မြင်မည်မဟုတ်ပါ။ ဘုရားသခင်သည် အရေးကြီးသည်၊ များစွာသော ကဏ္ဍများတွင်၊ ဘုရားသခင်သည် အဓိကဇာတ်ကောင်ဖြစ်သည်၊ သူသည် ထွက်မြောက်ရာကျမ်းတွင် ဖော်ပြသောသမိုင်းကြောင်းကိုထိန်းချုပ်ထားပြီး လုပ်ဆောင်နေသည်ဟူသည့် အဓိပ္ပာယ်ရှိသည်။ သူသည် ဣသရေလလူမျိုးကို အဲဂုတ္တုပြည်မှ ကယ်နှုတ်သောသူဖြစ်သည်။ တရားကိုပေးသောသူဖြစ်သည်၊ တဲတော်ကို ပေးသောသူဖြစ်သည်။ သို့သော် တစ်ချိန်တည်းမှာပင်၊ ထွက်မြောက်ရာကျမ်းထဲရှိ အဖြစ်အပျက်များတွင်တွေ့ရသော စာပေပုံစံကို လေ့လာသောအခါ၊ သင်တွေ့ရှိသည့်အရာသည် အစပိုင်းတွင် ထူးဆန်းသည်ဟုထင်ရသော်လည်း၊ ၎င်းသည်မှန်ကန်သည်ဟု ကျွန်ုပ်ထင်သည်၊ ခြွင်းချက်တစ်ခုမှာ ဘုရားသခင်သည် ထွက်မြောက်ရာကျမ်းတခုလုံးတွင် မောရှေအားဖြင့်မှတပါး မည်သည့်အရာကိုမျှ မလုပ်ပါ။ ထွက်မြောက်ရာကျမ်းတွင် မောရှေနှင့် ခွဲထုတ်ထားသော ဘုရားသခင်ထင်ရှားစွာလုပ်ဆောင်သည့် တစ်ခုတည်းသောအရာမှာ ပထမအခန်းတွင် သားဖွားဆရာမများကို ဘုရားသခင်ကောင်းချီးပေးသည့် အကြောင်းဖြစ်သည်။ ထို့ကြောင့်၊ ထွက်မြောက်ရာကျမ်းတွင် ကျွန်ုပ်တို့ တွေ့ရှိရသောအရာမှာ ဘုရားသခင်သည် ထင်ရှားပေါ်ထွန်းပြီး ဣသရေလအတွက်အရာများကို လုပ်ဆောင်ပေးမှုဖြစ်သည်၊ သို့သော် မောရှေသည်အသုံးခံဖြစ်သောကြောင့် ဘုရားသခင်လုပ်ဆောင်ပေးသော အချိန်တိုင်းတွင် အမြဲရှိနေသည်။ ဤအကြောင်းကြောင့် မောရှေနှင့် သူ၏အသက်တာပြီးဆုံးချိန်တွင်၊ မောရှေသည် ဣသရေလထံမှ ထွက်ခွာမည်ဖြစ်သော်လည်း ဘုရားသခင်သည် ဣသရေလလူမျိုးကို စွန့်ခွာသွားမည်မဟုတ်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် အမှန်တကယ် ထွက်မြောက်ရာကျမ်းကို သင်ဖတ်စဉ်တွင်၊ သိရမည့်အရာမှာ မောရှေသည် ဣသရေလထံမှထွက်ခွာတော့မည်ဟူသောအချက်ကို ဖော်ပြနေသည့် မောဘလွင်ပြင်တွင်ပြီးစီးခဲ့သော ကျမ်းဖြစ်သည်။ ဤအရာအားလုံး၏ ရလဒ်အနေဖြင့်၊ ထွက်မြောက်ရာကျမ်းကို လေ့လာသောအခါ၊ ဣသရေလတို့သည် ဤသို့သောမေးခွန်းများကို မေးကြသည်_ ကျွန်ုပ်တို့ကို မည်သူဦးဆောင်မည်နည်း။ မည်သို့ဦးဆောင်မည်နည်း။ သူတို့၌ဦးစားပေးရမည့် အရာများသည် မည်သည့်အရာနည်း။ မောရှေသည် ကျွန်ုပ်တို့ကို စွန့်ခွာတော့မည်ဖြစ်၍ ကျွန်ုပ်တို့ခေတ်ကာလတွင် မည်သို့သောအခွင့်အာဏာကို ယခုလိုက်နာသင့်သနည်း။ ထွက်မြောက်ရာကျမ်းသည် ထိုမေးခွန်းများကို ဖြေဆိုရန် ပုံစံပြုထားသည်။ အမှန်တကယ်ဘုရားသခင်သည် ဣသရေလလူမျိုးကို အီဂျစ်ပြည်မှ ကယ်နှုတ်ခဲ့သော်လည်း၊ မောရှေအားဖြင့် ကယ်နှုတ်ခဲ့သည်။ မှန်ပါသည်၊ ဘုရားသခင်သည်ဣသရေလကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပညတ်တရားပေးသည်၊ သို့သော် မောရှေအားဖြင့်ပေးခဲ့သည်။ မှန်ပါသည်၊ ဘုရားသခင်သည် တဲတော်၊ သူ၏သန့်ရှင်းသောစစ်တဲတော်ကို ပေးတော်မူသော်လည်း၊ မောရှေအားဖြင့် ထိုသို့ပြုတော်မူသည်။ ၎င်းသည် ထွက်မြောက်ရာကျမ်း၏ အလေးပေးချက်ဖြစ်သည်။ ထို့ကြောင့်၊ ထွက်မြောက်ရာကျမ်းသည် ပထမမျိုးဆက်တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များနှင့် လူများရှေ့တွင် မောရှေအား ဘုရားသခင် ချီးမြှောက်ပုံအကြောင်းဇတ်လမ်းများပြောပြခြင်းဖြင့် ဒုတိယမျိုးဆက်အတွက် သက်သေပြနေပါသည်။ ထိုချီးမြှောက်ခြင်းကြောင့် သူ၏ကွယ်လွန်ခါနီးချိန်တွင်ပင်၊ ဒုတိယမျိုးဆက်ရှေ့တွင် ချီးမြှောက်ခြင်းခံသင့်ပါသည်။

**ဒေါက်တာ Richard L. Pratt, Jr.**

ယခု ကျွန်ုပ်တို့သည် ကျမ်းရေးသူ၊ အချိန်အခါနှင့် ထွက်မြောက်ရာကျမ်း၏မူလအဓိပ္ပာယ်နှင့် ပတ်သက်သော ကနဦးစဉ်းစားချက်များနှင့်ပတ်သက်၍ လေ့လာခဲ့ပြီးဖြစ်သည်၊ ကျွန်ုပ်တို့သည် ၎င်းအပေါ်ခေတ်သစ်ကျင့်သုံးမှုဆိုင်ရာ မှတ်ချက်အနည်းငယ်ပေးသင့်သည်။ ယနေ့ ခရစ်တော်၏ နောက်လိုက်များအတွက် ဤကျမ်းကို မည်သို့ကျင့်သုံးသင့်သနည်း။

## ခေတ်သစ်ကျင့်သုံးမှု

ထွက်မြောက်ရာကျမ်းကဲ့သို့ ရှုပ်ထွေးသည့်ကျမ်းကို ခေတ်သစ်အသက်တာတွင် မရေမတွက်နိုင်သော နည်းလမ်းများဖြင့် ကျင့်သုံးနိုင်သည်။ လူတိုင်းသည်ထူးခြားပြီး မတူညီသောအခြေအနေများကို ရင်ဆိုင်ရကြောင်းကိုကျွန်ုပ်တို့သိကြပါသည်။ ထို့ပြင် ဤသင်ခန်းစာ၏နောက်ပိုင်းတွင် ခေတ်သစ်ကျင့်သုံးမှုကို ကျွန်ုပ်တို့ပို၍ဂရုတစိုက်လေ့လာပါမည်။ သို့သော် ဤအချိန်တွင်၊ ယနေ့ကျွန်ုပ်တို့၏ အသက်တာတွင် ထွက်မြောက်ရာကျမ်းကိုအသုံးပြုရာ၌ အစဉ်အမြဲမှတ်သားထားသင့်သည့် ယေဘုယျ ရှုထောင့်အချို့ကို သတိပြုမိရန် အထောက်အကူဖြစ်ပါလိမ့်မည်။

ခရစ်တော်၏နောက်လိုက်များအနေနှင့်၊ ထွက်မြောက်ရာကျမ်းသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်သောကြောင့် ကျွန်ုပ်တို့နှင့်သက်ဆိုင်ကြောင်း သိပါသည်။ သို့သော် ကျွန်ုပ်တို့နှင့် မူလပရိသတ်ကြားတွင် သိသာထင်ရှားသော ကွာခြားချက်များရှိပါသည်။ ဤအကြောင်းကြောင့်၊ ကျွန်ုပ်တို့၏ ခေတ်သစ်ကျင့်သုံးမှုတွင် ကျွန်ုပ်တို့ကိုလမ်းညွှန်ရန် ဓမ္မသစ်ကျမ်းကို အမြဲလေ့လာရမည်ဖြစ်သည်။ ဓမ္မသစ်ကျမ်းသည် ထွက်မြောက်ရာကျမ်းကို အကြိမ် ၂၄၀ ခန့် ကိုးကားခြင်း သို့မဟုတ် သွယ်ဝိုက်၍ ရည်ညွှန်းခြင်းဖြင့် ကျွန်ုပ်တို့အားလမ်းညွှန်ချက်ပေးသည်။ သို့သော် ဓမ္မသစ်ကျမ်းပိုဒ်တစ်ခုသည် အထူးအထောက်အကူဖြစ်သည်။ တမန်တော်ပေါလုရေးသားခဲ့သော ၁ ကောရိန္သု ၁၀:၁-၅ ကို နားထောင်ပါ_

> ညီအစ်ကိုတို့၊ ငါတို့ဘိုးဘေးအပေါင်းတို့သည် မိုးတိမ်အောက်မှာရှိ၍၊
> ပင်လယ်အလယ်၌လျှောက်သွားကြသည်ဟူ၍လည်းကောင်း၊
> မိုးတိမ်နှင့်ပင်လယ်ထဲမှာ မောရှေ၌ ဗတ္တိဇံကိုခံကြသည်ဟူ၍လည်းကောင်း၊
> ဓမ္မအစာကို အတူစားကြသည်ဟူ၍လည်းကောင်း၊
> ဓမ္မရေကိုအတူသောက်ကြသည်ဟူ၍လည်းကောင်း၊
> ထိုသူတို့နောက်၌လိုက်သောဓမ္မကျောက်မှ ထွက်သောရေကိုသောက်ကြ၏။
> ထိုကျောက်ကားခရစ်တော်ဖြစ်သတည်း။ သို့သော်လည်း ထိုသူတို့တွင်
> များစွာသောသူတို့ကို ဘုရားသခင်သည် အားရနှစ်သက်တော်မမူ။ သူတို့သည်
> တော၌သေကြေပျက်စီးခြင်းသို့ရောက်ကြ၏ (၁ ကောရိန္သု ၁၀:၁-၅)။

ဤနေရာတွင် ကျွန်ုပ်တို့မြင်ရသည့်အတိုင်း၊ ပေါလုသည် ထွက်မြောက်ရာကျမ်းတွင် ဖော်ပြထားသော အဖြစ်အပျက်များစွာကို ကိုးကားခဲ့သည်။ ယခုမူကား၊ ၁ ကောရိန္သု ၁၀:၁၁ ကိုကြည့်ပါ_

> ထိုအကြောင်းအရာရှိသမျှတို့သည် ပုံသက်သေဖြစ်အံ့သောငှာ
> ထိုသူတို့၌ရောက်ကြ၏။ ကပ်ကာလအဆုံးတွင် ဖြစ်သောငါတို့ကို
> ဆုံးမစရာဖို့ကျမ်းစာ၌ရေးထားလျက်ရှိသတည်း (၁ ကောရိန္သု ၁၀:၁၁)။

တူညီစွာပင်၊ ဤအခန်းငယ်များသည် ခရစ်တော်၏နောက်လိုက်များအတွက် ထွက်မြောက်ရာကျမ်း၏ ဆက်စပ်မှုကို ထင်ရှားစွာအတည်ပြုထားသည်။ ပေါလုဤသို့ဆိုသည်အတိုင်း၊ "ထိုအကြောင်းအရာရှိသမျှတို့သည် ပုံသက်သေဖြစ်အံ့သောငှာ။" ထို့ပြင်၎င်းတို့သည် "ထိုသူတို့၌ရောက်ကြ၏။" ဤနေရာ၌ ပေါလု၏စကားများသည် ထွက်မြောက်ရာကျမ်းသည် "*ထိုကာလ*" အကြောင်းသာမက "*သူတို့*ကာလ" အတွက်သာမက "ကျွန်ုပ်တို့ကာလ" အတွက်လည်း ရေးထားသည်ကိုသိမြင်စေပါသည်။ ဤသင်ခန်းစာကို အသုံးအနှုန်းဖြင့်ဖော်ပြရာတွင်၊ ထွက်မြောက်ရာကျမ်းသည် ၎င်း၏မူလပရိသတ်ကို ညွှန်ကြားရန်အတွက်သာ ပုံစံပြုထားသည်မဟုတ်ပါ။ ခရစ်တော်၏နောက်လိုက်များ"ကျွန်ုပ်တို့အတွက်" အတွက်လည်း ရည်ရွယ်ထားသည်။

ခရစ်တော်၏နောက်လိုက်များ၏ကာလကို တမန်တော်သည် မည်သို့ဖော်ပြသည်ကို နားထောင်ပါ။ ကျွန်ုပ်တို့သည် "အဆုံးစွန်သောခေတ်ကာလသို့ ရောက်လေပြီ" ဟူ၍ဖြစ်သည်။ "အဆုံးစွန်သော" ဟူသောစကားလုံးသည် ဂရိစကားလုံး τέλος (telos) မှ ဘာသာပြန်ဆိုလေ့ရှိပြီး "အဆုံး" သို့မဟုတ် "ပန်းတိုင်" ဟုမကြာခဏပြန်ဆိုသည်။ သမိုင်းအတွက် ဘုရားသခင်၏အစီအစဉ်သည် အဆုံး သို့မဟုတ် ခရစ်တော်၌ပန်းတိုင်ရောက်သည့်အချိန်၌ ခရစ်ယာန်များသည် အသက်ရှင်ကြသည်။ ယေဘူယျအားဖြင့် ဓမ္မပညာအသုံးအနှုန်းအရ၊ ယေရှုနောက်လိုက်သော ကျွန်ုပ်တို့သည် သမိုင်း၏ "နောက်ဆုံးသောကာလ" သို့မဟုတ် "နောက်ဆုံး"သောခေတ်တွင်အသက်ရှင်ကြသည်။

ပေါလု၏စိတ်တွင်ရှိသောအရာကို နားလည်ရန်၊ ကျွန်ုပ်တို့သည် ခရစ်တော်ကိုယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းသို့ရောက်သောအခါ၊ ခရီးတစ်ခု၏တစ်စိတ်တစ်ပိုင်းဖြစ်လာကြောင်း သဘောပေါက်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အီဂျစ်ပြည်တွင်ကျွန်ခံခြင်း၊ ဖိနှိပ်ချုပ်ချယ်ခြင်းမှ ဘုရားသခင့် ကတိတော်ပြည်ရှိလွတ်မြောက်ခြင်းနှင့် ကောင်းချီးများဆီသို့ မောရှေ၏"နောက်ဆုံးသောနေ့ရက်များ"နှင့် ဣသရေလတို့၏ခရီးစဉ်တွင် အမှန်တကယ်ဝင်ရောက်သည်။

ဓမ္မသစ်ကျမ်းတစ်ခုလုံးတွင် နောက်ဆုံးသောခေတ်ကာလ သို့မဟုတ် ခရစ်တော်၌နောက်ဆုံးသောနေ့ရက်များအား အဓိကအဆင့်သုံးဆင့်ဖြင့်ဖော်ပြကြောင်း သွန်သင်ထားသည်။ ထို့ကြောင့်၊ သမ္မာကျမ်းစာရှုထောင့်မှကြည့်လျှင်၊ မောရှေနှင့် ဣသရေလတို့၏ခရီးစဉ်နောက်ဆုံးအဆင့်သည် ခရစ်တော်၏ မြေကြီးဆိုင်ရာဓမ္မအမှုတော်ဆောင်နေစဉ် ကိုယ်တော်၏နိုင်ငံတော်စတင်တည်ထောင်ချိန်မှ အစပြုခဲ့သည်။ ထွက်မြောက်ရာကျမ်းရှိ မောရှေနှင့်ဣသရေလတို့၏ခရီးစဉ်သည် အသင်းတော်သမိုင်းတစ်လျှောက် ကိုယ်တော်၏နိုင်ငံတော်ဆက်လက်တည်နေစဉ်တွင် ခရစ်တော်နှင့်အတူကျွန်ုပ်တို့စည်းလုံးစွာ အသက်ရှင်သကဲ့သို့ ဤနောက်ဆုံးသောနေ့ရက်များတွင် ထင်ရှားလာသည်။ နောက်ဆုံးတွင်၊ မောရှေနှင့် ဣသရေလတို့သည် အီဂျစ်ပြည်မှ ကတိတော်ပြည်သို့ ခရီးဆက်ကြသကဲ့သို့၊ ခရစ်တော်၌ ကျွန်ုပ်တို့ ခရီးစဉ်၏နောက်ဆုံးသောနေ့ရက်များသည် သူ၏နိုင်ငံတော်ပြည့်စုံခြင်းနှင့်အတူ ကုန်ဆုံးသွားမည်ဖြစ်ပြီး၊ ကိုယ်တော်၏ဘုန်းအသရေနှင့်ပြန်ကြွလာသောအခါ၊ ကျွန်ုပ်တို့သည် ကောင်းကင်သစ်နှင့် မြေကြီးသစ်သို့ ဝင်စားကြမည်ဖြစ်သည်။ .

ထို့ကြောင့်၊ ၁ ကောရိန္သု ၁၀ ဖော်ပြသည့်အတိုင်း၊ နိုင်ငံတော်စတင်တည်ဆောက်မှု၊ ဆက်လက်တည်မြဲမှုနှင့် ခရစ်တော်၌နောက်ဆုံးသောကာလ ပြည့်စုံခြင်းကိုသိနားလည်ခြင်း၌ ထွက်မြောက်ရာကျမ်းပါ အကြောင်းအရာတိုင်းကို ခေတ်သစ်ခရစ်ယာန်များအတွက် ကျွန်ုပ်တို့ကျင့်သုံးသင့်သည်။

ဤချိတ်ဆက်မှုများကို နည်းလမ်းများစွာဖြင့် ကျွန်ုပ်တို့ပြုလုပ်နိုင်သည်။ ဥပမာ၊ သိနာတောင်တွင် ဣသရေလလူမျိုးသည် မောရှေ၌ ဘုရားသခင်နှင့်ပဋိညာဉ်ဖွဲ့ခဲ့ကြောင်း ထွက်မြောက်ရာကျမ်းသည် ကျွန်ုပ်တို့ကိုဖော်ပြသည်။ ထိုနည်းအတူ၊ ခရစ်ယာန်များသည် ခရစ်တော်၌ပဋိညာဉ်သစ်ထဲသို့ ဝင်ကြသည်။ သို့သော် ဤပဋိညာဉ်သစ်သည် ခရစ်တော်၏ပထမဆုံးသော ပေါ်ထွန်းခြင်းမှ စတင်ခဲ့သည်။ ယခုဆက်လက်တည်ရှိနေသည်။ ခရစ်တော်၏ဒုတိယအကြိမ်ပေါ်ထွန်းခြင်း၌ ပြီးပြည့်စုံလိမ့်မည်။

အခြားဥပမာအနေဖြင့်၊ ထွက်မြောက်ရာကျမ်းသည် မောရှေခေတ်တွင် တဲတော်၌ဘုရားသခင်၏ မျက်မှောက်တော်တည်ရှိနေခြင်းကို ဖော်ပြသည်။ ဓမ္မသစ်ကျမ်းသည် ခရစ်တော်၌ဘုရားသခင်၏ မျက်မှောက်တော်တည်ရှိခြင်းသည် ပို၍ကြီးမားကြောင်း သွန်သင်သည်။ သခင်ယေရှုသည် သူ၏နိုင်ငံတော်စတင်တည်ထောင်ချိန်တွင် ကျွန်ုပ်တို့တွင် ကျိန်းဝပ်တော်မူသော ဘုရားသခင်၏တည်ရှိခြင်းဖြစ်သည်။ နိုင်ငံတော်၏ဆက်လက်တည်နေခြင်းတွင်၊ ယခုအခါ သန့်ရှင်းသောဝိညာဉ်တော်သည် ယုံကြည်သူတစ်ဦးချင်းစီနှင့် အသင်းတော်တွင်အစုအဝေး၌ ကျိန်းဝပ်သည်။ သမိုင်း၏ပြည့်စုံခြင်းသို့ရောက်သောအခါ၊ ဘုရားရှင်၏ဘုန်းတော်သည် ဖန်ဆင်းခြင်းအသစ်အနေဖြင့် ကိုယ်တော်၏သန့်ရှင်းသောကျိန်းဝပ်တော်မူခြင်းနှင့်အညီ အရာအားလုံးအပေါ် ပြည့်စုံမည်ဖြစ်သည်။

ထွက်မြောက်ရာကျမ်းသည် မောရှေခေတ်တွင် ဘုရားသခင်သည် သူ၏ရန်သူများကို အောင်နိုင်ခဲ့ကြောင်းလည်း ဖော်ပြသည်။ ခရစ်တော်သည် အပြစ်နှင့်သေခြင်းကိုအနိုင်ယူသည်ဟု ဓမ္မသစ်ကျမ်းတွင် သွန်သင်ထားသည်။ ခရစ်တော်သည် သူ၏ပထမဆုံးပေါ်ထွန်းခြင်းတွင် ဘုရားသခင်၏တန်ခိုးကြီးသော စစ်သူရဲအဖြစ် ဤအောင်နိုင်ခြင်း၏နောက်ဆုံးအဆင့်ကို စတင်ခဲ့သည်။ အသင်းတော်သည် ဝိညာဉ်ရေး



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

စစ်ပွဲတွင် ဘုရားသခင်၏လက်နက်အပြည့်အစုံကို ဝတ်ဆင်ခြင်းဖြင့် ခရစ်တော်၏စစ်တပ်နောက် ယခု လိုက်ပါနေသည်။ ဘုန်းတန်ခိုးဖြင့်ပြန်ကြွလာသောအခါ၊ ခရစ်တော်သည် ဘုရားသခင်၏ရန်သူများကို တိုက်ခိုက်ရန် သူ၏ကြီးမားသော စကြာဝဠာစစ်ပွဲကို ပြီးမြောက်စေလိမ့်မည်။

ထို့အပြင် ထွက်မြောက်ရာကျမ်းတွင်၊ ဣသရေလလူမျိုးတို့သည် ကတိတော်ပြည်၌ ဘုရားသခင် ထံမှ ၎င်းတို့၏အမွေကိုဆက်ခံရန် ဦးတည်ကြသည်။ ဤသည်မှာ ကမ္ဘာတစ်ဝှမ်းလုံးတွင် ဘုရားသခင်၏ အုပ်စိုးမှုကို ပျံ့နှံ့စေရန် သူတို့၏ပထမဆုံးခြေလှမ်းဖြစ်သည်။ ခရစ်ယာန်များသည် ၎င်းတို့၏အမွေ ကို ခရစ်တော်၌ရရှိကြောင်း ဓမ္မသစ်ကျမ်းတွင်သွန်သင်သည်။ ခရစ်တော်ကိုယ်တိုင်သည် သူ၏နိုင်ငံတော် စတင်တည်ထောင်ချိန်၌ သူ၏အမွေကို အာမခံခဲ့သည်။ ယနေ့ခရစ်ယာန်များအနေနှင့် ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ပေးသော ကျွန်ုပ်တို့၏အမွေကို ဆက်လက်ခံစားနေကြပါသည်။ ခရစ်တော်ပြန်လည်ကြွလာတော်မူသောအခါ၊ ကိုယ်တော်—နှင့်ကိုယ်တော်၌ရှိသောကျွန်ုပ်တို့—သည် အလုံးစုံတို့ကို အမွေခံရလိမ့်မည်။

ဤအရာများနှင့် အခြားကျယ်ပြန့်သောဆက်နွယ်မှုများသည် ခရစ်တော်၌ရှိသောကျွန်ုပ်တို့အပေါ် ကျင့်သုံးနေသေးသည့် မောရှေ၏တည်မြဲသောအခွင့်အာဏာအပေါ် ထွက်မြောက်ရာကျမ်း၏ထင်ရှား သောအာရုံစိုက်မှုကို ရှင်းလင်းစွာဖော်ပြသည်။ အတိုချုပ်အားဖြင့်၊ ထွက်မြောက်ရာကျမ်းသည် ၎င်း၏ မူလပရိသတ်ကို သူတို့၏ခေတ်၌ ဘုရားသခင်လုပ်ဆောင်သည့်အရာများနှင့်ပတ်သက်၍ မောရှေ၏ အခွင့်အာဏာအပေါ် သစ္စာရှိရန် တောင်းဆိုသည်။ ယခု ထွက်မြောက်ရာကျမ်းသည် ဘုရားသခင်သည် ခရစ်တော်၌ ပြီးမြောက်အောင်မြင်ခဲ့သော၊ ပြီးမြောက်အောင်မြင်နေသောနှင့် ပြီးမြောက်စေမည့်အရာ အားလုံးတွင် မောရှေ၏အခွင့်အာဏာကို သစ္စာစောင့်သိရန် ကျွန်ုပ်တို့ကို တောင်းဆိုထားသည်။

ကျွန်ုပ်တို့သည် ထွက်မြောက်ရာကျမ်းနှင့်ပတ်သက်သော ကနဦးစဉ်းစားမှုများနှင့်ပတ်သက်၍ တွေးတောဆင်ခြင်ပြီးနောက်၊ ကျွန်ုပ်တို့သည် ဤသင်ခန်းစာရှိ ဒုတိယအဓိကအကြောင်းအရာဖြစ်သည့် ကျမ်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာတို့ကို ဆက်၍ကြည့်သင့်ပါသည်။

# ဖွဲ့စည်းပုံနှင့် အကြောင်းအရာ

ထွက်မြောက်ရာကျမ်းတွင် မတူညီသောဇာတ်ကောင်များ၊ တင်ပြမှုများနှင့် ဖြစ်ရပ်များစွာ ပါဝင်သော အခန်းကြီးလေးဆယ်ပါရှိသည်။ ဇာတ်ကြောင်း၊ သီချင်း၊ မျိုးရိုးစဉ်ဆက်၊ စာရင်း၊ ပညတ်ချက်၊ ဟောပြောချက်၊ ဆုတောင်းချက်နှင့် ညွှန်ကြားချက်များကဲ့သို့သော စာပေပုံစံအမျိုးမျိုးကို တွေ့ရှိပါသည်။ ထို့ပြင် ဤရှုပ်ထွေးမှုများသည်ကျမ်း၏အဓိကအပိုင်းများ၊ အပိုင်းခွဲများနှင့် အပိုင်းငယ် များကို ခွဲခြားရခက်စေသည်။ ထို့ကြောင့် ထွက်မြောက်ရာကျမ်းကို ပုံစံအမျိုးမျိုးဖြင့် ဖော်ပြနိုင်သည်ဟု ဆိုခြင်းသည် တရားမျှတပါသည်။ သို့သော် ကျမ်း၏မူလရည်ရွယ်ချက်ကို မှတ်မိသောအခါ ကျမ်း၏ အခြေခံဖွဲ့စည်းပုံနှင့် အကြောင်းအရာကို ပိုင်းခြားဖို့ရန် မခက်ပါ။

ထွက်မြောက်ရာကျမ်းတွင် အဓိကအပိုင်းနှစ်ပိုင်းရှိသည်။ ပထမပိုင်း၊ ၁:၁–၁၈:၂၇ တွင်၊ မောရှေနှင့် ဣသရေလတို့၏ အီဂျစ်ပြည်မှသိနာတောင်သို့ ကယ်နုတ်ခြင်းအပေါ် အာရုံစိုက်သည်။ ဒုတိယပိုင်း၊ ၁၉:၁–၄၀:၃၈ တွင်၊ သိနာတောင်တွင် ခါနာန်ပြည်အတွက် မောရှေနှင့် ဣသရေလ၏ ပြင်ဆင်မှုအကြောင်း ဖြစ်သည်။

အထူးသဖြင့် ထွက်မြောက်ရာဒုတိယမျိုးဆက်အပေါ် မောရှေ၏တည်မြဲသောအခွင့်အာဏာကို ဤအဓိက အပိုင်းနှစ်ခုသည် မည်သို့အထူးပြုပုံကို ကျွန်ုပ်တို့ကြည့်ရှုပါမည်။ အီဂျစ်ပြည်မှ သိနာတောင်သို့ မောရှေနှင့် ဣသရေလတို့၏ ကယ်နုတ်ခြင်းဖြင့် စတင်ကြပါစို့။

# အီဂျစ်ပြည်မှ ကယ်နုတ်ခြင်း (ထွက်မြောက်ရာ ၁:၁–၁၈:၂၇)

မောရှေနှင့် ဣသရေလတို့၏ အီဂျစ်ပြည်မှ ကယ်နုတ်ခြင်းသည်ဣသရေလတို့ကယ်နုတ်ခြင်း *မတိုင်မီ* မောရှေ၏အခွင့်အာဏာကို အာရုံစိုက်ခြင်းဖြင့်စတင်သည်။ ၎င်းကို ထွက်မြောက်ရာ ၁:၁–၄:၃၁ တွင်တွေ့နိုင်သည်။ ထို့နောက်၊ ၅:၁–၁၈:၂၇ တွင်၊ မောရှေသည် ဣသရေလ၏ကယ်နုတ်*စဉ်အတွင်း* အဖြစ်အပျက်များကို အဓိကထားသည်။ ဣသရေလ၏ကယ်နုတ်ခြင်းမတိုင်မီ ထွက်မြောက်ရာကျမ်း တွင် မည်သည့်အဖြစ်အပျက်များအကြောင်းဖော်ပြသည်ကို ဦးစွာကြည့်ကြမည်။

## ကယ်နုတ်ခြင်းမတိုင်မီ (၁:၁–၄:၃၁)

ဣသရေလတို့ကယ်နုတ်ခြင်းမတိုင်မီ ဖြစ်ရပ်များကို နှစ်ပိုင်းခွဲနိုင်ပါသည်။ ပထမ၊ မောရှေ၏ မွေးဖွားမှုနှင့် ကြီးပြင်းမှုသည် ၁:၁ တွင်စတင်ပြီး ၂:၁၀ အထိဖြစ်သည်။ ၎င်းပြီးနောက်၊ ၂:၁၁–၄:၃၁ တွင် မောရှေ၏ဣသရေလအပေါ် ခေါင်းဆောင်မှုဖြစ်ပေါ်လာခြင်းအကြောင်း ကျွန်ုပ်တို့လေ့လာကြသည်။ ကျွန်ုပ်တို့သည် မောရှေ၏မွေးဖွားမှုနှင့် ကြီးပြင်းလာမှုဇာတ်လမ်းဖြင့် စတင်ပါမည်။

**မွေးဖွားခြင်းနှင့် ကြီးပြင်းခြင်း (၁:၁–၂:၁၀)။** မောရှေသည်သူ၏ငယ်ဘဝကို အီဂျစ်ပြည်၏ နန်းတော်တွင် ကုန်ဆုံးစေခဲ့သောကြောင့် ရရှိလာခြင်းဖြစ်နိုင်သည့် မောရှေ၏အခွင့်အာဏာကို ဆန့်ကျင် ကန့်ကွက်မှုမှန်သမျှကို ဤအခန်းငယ်များသည် ဖော်ပြသည်။ ဇာတ်လမ်းအစတွင်၊ ဖာရောဘုရင်သည် ဣသရေလလူများတိုးပွားလာမှုကြောင့် ပုန်ကန်မည်ကို ကြောက်ရွံ့ခဲ့သည်။ သူသည်ဣသရေလ၏ လူဦးရေကို ထိန်းချုပ်ရန် လိမ္မာပါးနပ်သောအစီအစဉ်သုံးခုကို ဖန်တီးခဲ့သည်။ သို့သော် သူ၏ပြင်းထန်စွာ ကြိုးစားအားထုတ်မှု အောင်မြင်ခြင်းမရခဲ့။ ဣသရေလသားယောကျ်ားလေးများကို မွေးစကတည်းကပင် သတ်ရန် သားဖွားဆရာမများအား သူ၏အမိန့်သည်မအောင်မြင်ခဲ့ပါ။ အရေးအကြီးဆုံးသည်၊ နိုင်းမြစ် တွင် ဣသရေလယောကျ်ားလေးများကိုရေနစ်သတ်ရန် သူ၏အမိန့်သည်မအောင်မြင်ခဲ့ပါ။

ဝိရောဓိသည် ဤအပိုင်းများတစ်လျှောက်လုံး ဖြစ်ပေါ်နေသည်။ သို့သော် ဖာရောဘုရင်၏သမီး တော်သည် မောရှေအား နိုင်းမြစ်မှကယ်တင်ခြင်းဖြင့် သူ၏နောက်ဆုံးအကြံအစည် ပျက်ပြယ်သွားသော အခါတွင် အကြီးကျယ်ဆုံးသော ဝိရောဓိဖြစ်ပေါ်လာသည်။ ၂:၁၀ တွင်၊ ဖာရောဘုရင်၏သမီးတော်သည် မောရှေဟူသောအမည်ပေး၍ “ရေထဲကငါနုတ်ယူသည်” ဟုဆိုသည်။ ယခု အီဂျစ်ဘာသာစကားတွင် “မောရှေ” သည် “သား” ဟူ၍အဓိပ္ပာယ်ရပြီး၊ မောရှေသည် တော်ဝင်နန်းတွင်းသားတစ်ဦးဖြစ်ကြောင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လူအများအား ညွှန်ပြသည်။ သို့သော် ဖာရောဘုရင်၏သမီးတော်သည် "နုတ်ယူရန်" ဟုအဓိပ္ပာယ်ရသော ဟေဗြဲကြိယာနှင့်တူသော **מָשָׁה**(*mashah*)မောရှေဟူသောအမည်ကို ရွေးချယ်ခဲ့ကြောင်း ရှင်းလင်းစွာ ဖော်ပြသည်။ ထို့ကြောင့်၊ သစ္စာရှိဣသရေလလူတို့နားထဲတွင်၊ မောရှေ၏အမည်သည် ဖာရောဘုရင်၏ သားတော်ဖြစ်ကြောင်း မဖော်ပြခဲ့ပါ။ ၎င်းအစား၊ မောရှေဟူသောအမည်သည် ဣသရေလတို့အား အန္တရာယ်ပြုရန် ဖာရော၏ကြိုးပမ်းမှု မအောင်မြင်ခြင်းကို ဣသရေလလူမျိုးတို့အားသတိပေးခြင်းဖြင့် ဖာရောဘုရင်ကို လှောင်ပြောင်ခြင်းဖြစ်သည်။

### ခေါင်းဆောင်မှုဖြစ်ပေါ်လာခြင်းအကြောင်း (၂:၁၁–၄:၃၁)။

အီဂျစ်ပြည်မှဣသရေလတို့အားမကယ်နုတ်မီ အဖြစ်အပျက်များ၏ဇာတ်ကြောင်းသည် မောရှေ၏ မွေးဖွားခြင်းနှင့် ကြီးပြင်းခြင်းမှ ၂:၁၁–၄:၃၁ တွင် မောရှေ၏ဣသရေလအပေါ် ခေါင်းဆောင်မှု ဖြစ်ပေါ်လာခြင်းဆိုင်ရာ မေးခွန်းများဆီသို့ ပြောင်းလဲသွားသည်။

ထွက်မြောက်ရာကျမ်း ၂:၁၄ တွင်၊ ဣသရေလကျွန်တစ်ဦးသည် မောရှေအား ထိပ်တိုက်တွေ့ပြီး "အဘယ်သူသည်သင့်ကို ငါတို့အပေါ်မှာ အကဲအမှူးတရားသူကြီးအရာ၌ ခန့်ထားသနည်း" ဟုမေးခဲ့သည်။ မောရှေသည် ဣသရေလ၏အခွင့်အာဏာရှိသော ခေါင်းဆောင်ဖြစ်လာပုံကို ရှင်းပြခြင်းဖြင့် ဤမေးခွန်းကို ဤကဏ္ဍတစ်ခုလုံးသည် အဖြေပေးသည်။ ဣသရေလလူတို့၏မေးခွန်းအတွက်အဖြေသည် အစောပိုင်းနှင့် နောက်ပိုင်းရှိအပိုင်းကဏ္ဍများသည် တူညီသော သို့မဟုတ် ဟန်ချက်ညီသော စာပေဖွဲ့စည်းပုံဖြစ်သည့် အကြောင်းအရာများကိုအရှေ့အနောက်ပြောင်းပြန်ဝါဒ၌ အဆင့်ခြောက်ဆင့် ဖြစ်ပေါ်လာသည်။

ပထမ၊ ထွက်မြောက်ရာ ၂:၁၁-၁၅ တွင် အီဂျစ်ပြည်မှ မောရှေ၏ ထွက်ပြေးခြင်းသည် မောရှေ အနေဖြင့်ဣသရေလကျွန်တစ်ဦးအား ခုခံကာကွယ်ရန် အီဂျစ်လူတစ်ဦးကိုသတ်ကာထွက်ပြေးခဲ့ကြောင်း ရှင်းပြခြင်းဖြင့် မောရှေအားဣသရေလခေါင်းဆောင်အဖြစ် သက်သေပြသည်။

ဒုတိယ၊ မောရှေသည် ၂:၁၆-၂၂ တွင် မိဒျန်မိသားစုနှင့်အတူနေခဲ့သည်။ မောရှေ၏သားအမည် သည် "ဂေရရှုံ" ဟူ၍ အခန်းငယ် ၂၂ တွင် မှတ်သားထားသည်။ ဤကျမ်းပိုဒ်ရှင်းပြထားသည့်အတိုင်း၊ ဤအမည်သည် ဟေဗြဲအသုံးအနှုန်းဖြစ်သော **גֵּר שָׁם**(*ger sham*) "ထိုအရပ်၌ တည်းခိုသူ" ဟု အဓိပ္ပာယ်ရသည်။ မောရှေသည် မိဒျန်လူမျိုးများကြားတွင် ဂြိုလ်သားကဲ့သို့ခံစားရကြောင်း ဤအမည် သည်ဖော်ပြသည်။ တစ်နည်းဆိုရသော်၊ သူ၏ဣသရေလလူမျိုးစစ်ဖြစ်ခြင်းကို မည်သည့်အခါမျှ မျက်ကွယ်မပြုခဲ့ပါ။

တတိယအပိုင်း၊ ထွက်မြောက်ရာ ၂:၂၃-၂၅ တွင်၊ ဘုရားသခင်၏ပဋိညာဉ်ကို အောက်မေ့ကြောင်း ညွှန်ပြသည်။ ဤအပိုင်းတွင်၊ ဣသရေလလူတို့သည် အကူအညီအတွက် ဟစ်ကြွေးခဲ့ကြပြီး၊ ဣသရေလ လူမျိုးဘိုးဘေးများနှင့်ပြုခဲ့သော သူ၏ကတိတော်ကိုသတိရခြင်းဖြင့် ဘုရားသခင်တုံ့ပြန်ခဲ့သည်။

စတုတ္ထအပိုင်းသည် ယခင်ရှေ့အပိုင်းနှင့် သက်ဆိုင်သည်။ အခန်း ၃:၁–၄:၁၇ တွင်၊ မီးလောင်နေ သော ချုံပုတ်တွင် မောရှေအား ဘုရားသခင်၏တာဝန်ပေးမှုကို ဖော်ပြထားသည်။ ဤတွင်၊ ဣသရေလ လူမျိုးကို အီဂျစ်ပြည်မှနုတ်ဆောင်ကာ ကတိတော်ပြည်သို့ ပို့ဆောင်ရန် မောရှေကိုခေါ်ခြင်းဖြင့် ဘုရားသခင်သည် ဣသရေလလူမျိုးဘိုးဘေးများနှင့် သူ၏ပဋိညာဉ်ကို သတိရသောကြောင့် မောရှေ၏ ခေါင်းဆောင်မှုကို ထင်ရှားစေပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပဌမအပိုင်း၊ ထွက်မြောက်ရာ ၄:၁၈-၂၆ သည် မိဒျန်မိသားစုနှင့် မောရှေအတူရှိခဲ့ချိန်ဖြစ်သော ဒုတိယအပိုင်းနှင့် သက်ဆိုင်သည်။ ဤအပိုင်းတွင် မောရှေသည်မိဒျန်မိသားစုမှ ထွက်ခွာသွားပုံကို ဖော်ပြသည်။ ကျမ်းပိုဒ်သည် ဂေရရှုံအပေါ် နောက်တဖန် အာရုံစိုက်သည်။ အကြောင်းမှာ မောရှေသည် ဂေရရှုံအား အရေဖျားလှီးပေးရန် ပျက်ကွက်ခဲ့သည်။ ဤအပိုင်းတွင်၊ ကမ္ဘာဦး ၁၇:၁၀-၁၄ တွင် အာဗြဟံနှင့်ပြုခဲ့သော ပဋိညာဉ်အရ မောရှေအားဘုရားသခင်ပယ်ရှင်းမည်ဟု ကြိမ်းဝါးခဲ့သည်။ သို့သော် ဤအဖြစ်အပျက်သည် မောရှေ၏ခေါင်းဆောင်မှုကို ဘုရားသခင်ထောက်ခံကြောင်း ပြသသည်။ မောရှေ၏ မိဒျန်မယား ဇိပေါရာသည် ဂေရရှုံကိုအရေဖျားလှီးပေးသောအခါ ဘုရားသခင်သည်ကရုဏာဖြင့် တုံ့ပြန်သောကြောင့် ဤအရာကိုကျွန်ုပ်တို့သိကြသည်။

နောက်ဆုံးအနေနှင့်၊ မောရှေ၏ အီဂျစ်ပြည်မှထွက်ပြေးခြင်းနှင့် ဟန်ချက်ညီစွာ၊ ထွက်မြောက်ရာ ၄:၂၇-၃၁ တွင် မောရှေသည် အာရုန်နှင့်အတူ အီဂျစ်ပြည်သို့ ပြန်လာကြောင်း ဖော်ပြသည်။ မောရှေ၏ ခေါင်းဆောင်မှုဖြစ်ပေါ်လာခြင်းအကြောင်းသည်လည်း ဤနေရာတွင်ထင်ရှားသည်။ ၄:၃၁ ၌ ဘုရားသခင်သည်မောရှေကိုစေလွှတ်သောကြောင့် ဣသရေလလူတို့သည်ဘုရားသခင်ကို ယုံကြည်ကိုးကွယ်ကြကြောင်း ကျွန်ုပ်တို့သိရှိကြသည်။

> နားထောင်ပါ၊ ကျွန်ုပ်တို့အားလုံး၏ပုံပြင်ပြောပြသည့်ပုံစံ၊ လူတိုင်း၏ ပုံပြင်တစ်ပုဒ်ပြောပြသည့်ပုံစံ၊ အစနှင့်အဆုံးရှိသည်၊ ဇာတ်ကောင်ရှိသည်၊ အချိုးအကွေ့တစ်ခုရှိသည်၊ ဇာတ်ကြောင်းတစ်ခုရှိသည်၊ ၎င်းသည် အချိုးညီဖြစ်ရပါမည်...ထို့ကြောင့်၊ သမ္မာကျမ်းစာဇာတ်ကြောင်းတွင် ဤအချိုးကျသောဖွဲ့စည်းပုံကို တွေ့ရှိသောအခါ ကျွန်ုပ်တို့ မအံ့သြသင့်ပါ။ အမှန်တကယ်၊ ၎င်းသည် သမ္မာကျမ်းစာဇာတ်ကြောင်းတွင် ကျွန်ုပ်တို့ တွေ့ရန်မျှော်လင့်ထားသည့်အရာဖြစ်သည်။ ကျမ်းစာပုံပြင်ပြောသူများ၊ သမ္မာကျမ်းစာဇာတ်ကြောင်းပြောသူများသည် ၎င်းတို့၏အကြောင်းအရာများကို လုပ်ကြံဖန်တီးခြင်းမဟုတ်ပါ။ ဤကဲ့သို့ အနုပညာဆန်စွာ လုပ်ဆောင်နိုင်ရန် ၎င်းတို့၏အကြောင်းအရာများကို ကြိုးကိုင်ခြယ်လှယ်နေခြင်းမဟုတ်ပါ။ ၎င်းသည်ပုံပြင်များပြောပြသည့် နည်းလမ်းမျှသာဖြစ်ပြီး ၎င်းကိုရှာတွေ့ရန် ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဇာတ်ကြောင်းပြကွက်တစ်ခု မည်သို့ လုပ်ဆောင်သည်ကို သိရှိခြင်းဖြင့် ၎င်းကိုရှာဖွေရန်မျှော်လင့်ခြင်းသည် ကျွန်ုပ်တို့အား စောင့်ကြည့်ရမည့်အရာနှင့် ရှာဖွေရမည့်အရာ ဟူသောအချက်များအတွက် လက်နက်တစ်ခုပေးသည်။

**ဒေါက်တာ Gordon H. Johnston**

ဣသရေလအားကယ်နုတ်ခြင်းမတိုင်မီ မောရှေနှင့် ဣသရေလတို့၏ အီဂျစ်ပြည်မှလွတ်မြောက်မှုကို ကျွန်ုပ်တို့ လေ့လာခဲ့ပြီးနောက်၊ ထွက်မြောက်ရာ ၅:၁–၁၈:၂၇ တွင် ဣသရေလအားကယ်နုတ်စဉ် *အတွင်း* မောရှေ၏လုပ်ဆောင်မှုများကို ဆက်၍ကြည့်သင့်သည်။

## ကယ်နုတ်စဉ်အတွင်း (၅:၁–၁၈:၂၇)

ဣသရေလလူတို့ကို ကယ်နုတ်စဉ်အတွင်း မောရှေ၏လုပ်ဆောင်မှုများသည် ထွက်မြောက်ရာ ၅:၁–၁၃:၁၆ တွင်တွေ့ရသော အီဂျစ်ပြည်၌ သူ၏အချိန်ကာလနှင့်စတင်သည်။ ၎င်းပြီးနောက်၊ ထွက်မြောက်ရာ ၁၃:၁၇–၁၈:၂၇ တွင် အီဂျစ်ပြည်မှ သိနာတောင်သို့သွားစဉ်တွင် မောရှေ၏ခေါင်းဆောင်မှုအကြောင်း ကျွန်ုပ်တို့ လေ့လာသိရှိနိုင်သည်။ အီဂျစ်ပြည်တွင်ရှိသော မောရှေ၏အချိန်ကာလကို ကြည့်ကြပါစို့။

**အီဂျစ်ပြည်တွင် (၅:၁–၁၃:၁၆)။** အီဂျစ်ပြည်တွင် ဣသရေလလူမျိုး၏ဆင်းရဲဒုက္ခအပေါ် သူ၏ကနဦးကြိုးပမ်းခြင်းသည် အမှတ်တမဲ့ကူညီပေးခဲ့သောကြောင့် ဖြစ်ပေါ်လာနိုင်သည့် မောရှေအား ဆန့်ကျင်ကန့်ကွက်မှုများကို မောရှေ၏အီဂျစ်ပြည်ရှိအချိန်ကာလသည် အဖြေပေးသည်။

၅:၁–၆:၂၇ တွင်၊ မောရှေ၏ခေါင်းဆောင်မှုအပေါ် ဣသရေလတို့၏ငြင်းပယ်ခြင်း၊ မောရှေ၏မြည်တမ်းခြင်းနှင့် ဘုရားသခင်၏အာမခံချက်တို့ပါဝင်သည့် တူညီသည့်အစီအစဉ်နှစ်ခုကို ကျွန်ုပ်တို့ ဖတ်ရသည်။ ပထမအစီအစဉ်သည် ၅:၁–၆:၈ တွင်တွေ့ရသည်။ ဖာရောဘုရင်ကို ရန်စသည့်အတွက် မောရှေကို ဣသရေလများငြင်းပယ်ကြသည်။ မောရှေသည် နှိမ့်ချစွာဖြင့်မြည်တမ်းခဲ့သည်။ ဣသရေလလူမျိုးကို ဦးဆောင်ရန် သူ၏ခေါ်ခြင်းနှင့်ပတ်သက်၍ ဘုရားသခင်သည်သူ့အား ပြန်လည်၍စိတ်ချစေသည်။

ဒုတိယအစီအစဉ်၊ ၆:၉-၂၇ တွင် အလားတူပုံစံအတိုင်းဖြစ်သည်။ သို့သော် မောရှေအား ဣသရေလတို့၏ဒုတိယအကြိမ် ငြင်းပယ်မှုနှင့် မောရှေ၏ဒုတိယအကြိမ်မြည်တမ်းခြင်းပြီးနောက်၊ ဘုရားသခင်၏စိတ်ချယုံကြည်မှုသည် မျိုးရိုးစဉ်ဆက်ပုံစံဖြင့် ထွက်ပေါ်လာသည်။ အခန်းကြီး ၆:၁၃-၂၇ တွင် မောရှေနှင့် အာရုန်တို့၏မျိုးရိုးစဉ်ဆက်အား ဘိုးဘေးဖြစ်သောလေဝိမှ အာရုန်၏မြေးဖိနဟတ်အထိ ခြေရာခံသည်။ လေဝိသည် ဣသရေလလူမျိုး၏ဘိုးဘေးဆယ့်နှစ်ပါးတွင် တစ်ဦးဖြစ်သည်။ တောလည်ရာကျမ်း ၂၅ နှင့် ၃၁ အရ၊ ဖိနဟတ်သည် ဘုရားသခင်အားသစ္စာရှိစွာအစေခံခြင်းဖြင့် ဒုတိယမျိုးဆက်ကာလတွင် ဣသရေလလူတို့ကို ဦးဆောင်ခဲ့သည်။ ဤတွင်၊ မောရှေနှင့် အာရုန်တို့သည် ယာကုပ်အမျိုးအနွယ်မှ ဆင်းသက်လာသော ဣသရေလလူမျိုးစစ်မှန်ကြောင်း ဒုတိယမျိုးဆက်အား ဘုရားသခင်သည် ပြန်လည်၍စိတ်ချစေခဲ့သည်။ သူတို့သည် မောရှေနှင့် အာရုန်တို့၏ သစ္စာအမွေအနှစ်ကို ဖိနဟတ်ထံ၌ ကိုယ်တိုင်လက်တွေ့မြင်နိုင်ပြီး၊ ဤသူတို့သည် သူတို့ကိုဦးဆောင်ရန် ဘုရားသခင်ခေါ်ထားခြင်းဖြစ်ကြောင်း ယုံကြည်စိတ်ချစေသည်။

၎င်းသည် အီဂျစ်ပြည်ရှိ မောရှေ၏လုပ်ဆောင်မှုများ၏ ဒုတိယအဓိကအပိုင်းသို့ ကျွန်ုပ်တို့ကို ပို့ဆောင်ပေးသည်_ ထွက်မြောက်ရာ ၆:၂၈–၁၃:၁၆ တွင် အီဂျစ်ပြည်အပေါ် ဘုရားသခင်၏အံ့ဖွယ်တရားစီရင်ခြင်းဖြစ်သည်။ ဤအခန်းများသည် အီဂျစ်လူမျိုးများအပေါ် ဘုရားသခင်၏ သဘာဝလွန်တရားစီရင်ခြင်းတွင် သူပါဝင်ခဲ့သော အရေးပါသောအခန်းကဏ္ဍကို ညွှန်ပြခြင်းဖြင့် မောရှေ၏အခွင့်အာဏာကို သက်သေပြသည်။

မြွေများအားဖြင့် ကနဦးတရားစီရင်မှုကို ၆:၂၈–၇:၁၃ တွင်တွေ့ရသည်။ အာရုန်၏တောင်ဝှေးသည် မြွေအဖြစ်သို့အံ့ဖွယ်နည်းဖြင့် ပြောင်းလဲခဲ့ပြီး ဖာရောဘုရင်၏မှော်ဆရာများပြုလုပ်သော

မြေမွများကို ဝါးမျိုခြင်းဖြင့် အီဂျစ်ပြည်အပေါ် ဘုရားသခင်၏တန်ခိုးကို ပြသခဲ့သည်။ ဤကနဦးအဖွဲ့ဖွယ်အမှုပြီးနောက်၊ ထွက်မြောက်ရာ ၇:၁၄–၁၀:၂၉ တွင် စီရင်ချက်ကိုးချက်အစဉ်အတိုင်း ထွက်ပေါ်လာသည်။ ဤစီရင်ချက်ကိုးခုကို အပိုင်းသုံးပိုင်းအညီအမျှခွဲခြင်းဖြင့်၊ တစ်ခုစီတွင်မောရှေသည် ဖာရောဘုရင်နှင့် နိုင်းမြစ်တွင် ထိပ်တိုက်တွေ့ခြင်းဖြင့် အစပြုသည်။

ပထမအပိုင်းသည် ၇:၁၄ မှ ၈:၁၉ အထိဖြစ်သည်။ ရေသည်သွေးအဖြစ်သို့ပြောင်းခဲ့သောအံ့ဖွယ်အမှုများ၊ တိုင်းပြည်ကိုဖုံးလွှမ်းသော ဖားများနှင့် မြေမှုန့်မှတက်လာသော ခြင်ကောင်များ ပါဝင်သည်။ ဒုတိယအပိုင်းသည် ၈:၂၀–၉:၁၂ ဖြစ်ပြီး၊ ယင်ရဲကပ်ဘေး၊ အီဂျစ်တိရစ္ဆာန်များပေါ်ကျရောက်သော ရောဂါဘေးနှင့် အနာအကျိတ်ရောဂါတို့ ပါဝင်သည်။ တတိယအပိုင်းသည် ၉:၁၃–၁၀:၂၉ အထိဖြစ်သည်။ ၎င်းတွင် မိုးသီးများ၊ ကျိုင်းကောင်များနှင့် အမှောင်ထုတို့ ပါဝင်သည်။ ဤအံ့ဖွယ်နည်းဖြင့် စီရင်ခြင်းအားလုံးတွင် မောရှေ၏အဓိကအခန်းကဏ္ဍသည် သူ၏အခွင့်အာဏာကို ဣသရေလခေါင်းဆောင်အဖြစ်ထင်ရှားစေခြင်းဖြစ်သည်။ နောက်ဆုံးတွင်၊ ပသခါ၏နောက်ဆုံးစီရင်ချက်သည် ဤအပိုင်း ၁၁:၁–၁၃:၁၆ တွင်အဆုံးသတ်ထားသည်။ အီဂျစ်ပြည်၌သားဦးတိုင်းကို ဘုရားသခင်သည်သေစေပြီးနောက်၊ နောက်ဆုံးတွင် ဖာရောဘုရင်သည်ဣသရေလလူမျိုးကို ထွက်ခွင့်ပြုလေသည်။

အီဂျစ်ပြည်တွင် ဣသရေလတို့ ကယ်နုတ်ခြင်းခံရစဉ်အတွင်း အဖြစ်အပျက်များကို ကြည့်ရှုပြီးနောက်၊ ထွက်မြောက်ရာ ၁၃:၁၇–၁၈:၂၇ တွင် ဘုရားသခင်သည် မောရှေ၏အခွင့်အာဏာကို အီဂျစ်ပြည်မှ သိနာတောင်သို့ သွားစဉ်တွင် ထင်ရှားစေသည့်နည်းလမ်းများကို ကျွန်ုပ်တို့ကြည့်သင့်သည်။

**ချီတက်ခြင်း (၁၃:၁၇–၁၈:၂၇)။** ယခု၊ သိနာတောင်သို့သွားစဉ်တွင် ဣသရေလတို့ တွေ့ကြုံခဲ့ရသည့် အခက်အခဲများကြား၌၊ ဣသရေလတို့သည် ပြင်ဆင်မှုမရှိဘဲ အီဂျစ်ပြည်မှထွက်ခဲ့ခြင်း မဟုတ်ကြောင်း သတိပြုရန်အရေးကြီးသည်။ ထွက်မြောက်ရာ ၁၃:၁၈ တွင် ဣသရေလလူတို့သည် အီဂျစ်ပြည်မှ "ခင်းကျင်းသောတပ်အစဉ်အတိုင်း" ထွက်ခဲ့ကြကြောင်း အတိအလင်းဖော်ပြထားသည်။ ဤစစ်တပ်အခင်းအကျင်းအရ၊ ဤကဏ္ဍတစ်ခုလုံးကို အခြားလူမျိုးများနှင့်ဖြစ်သောပဋိပက္ခများနှင့် ဣသရေလစစ်တပ်အတွက် ရေနှင့် အစားအစာလိုအပ်မှုတို့အားဖြင့် ပုံဖော်ထားသည်။

ဣသရေလ၏စစ်ပွဲ၌ချီတက်ခြင်းများတွင် အဓိက အပိုင်းလေးပိုင်း ခွဲထားသည်။ ပထမအပိုင်းသည် ၁၃:၁၇–၁၅:၂၁ တွင် ပင်လယ်၌မောရှေ၏အခွင့်အာဏာကို သက်သေပြခြင်းနှင့် သက်ဆိုင်သည်။ ထွက်မြောက်ရာ ၁၄:၃၁ တွင်၊ ဣသရေလသည် ပင်လယ်ကိုဖြတ်ကျော်ပြီးနောက် ကုန်းမြေပေါ်တွင်၊ မောရှေ၏သက်သေပြခြင်းကို ကျွန်ုပ်တို့ဖတ်ရသည်_

> ဣသရေလလူတို့သည်မြင်၍၊ ထာဝရဘုရားကိုကြောက်ရွံ့ကြ၏။ ထာဝရဘုရားနှင့် ကိုယ်တော်၏ကျွန်မောရှေကို ယုံကြည်ကြ၏ (ထွက်မြောက်ရာ ၁၄:၃၁)။

ဤအခန်းငယ်သည် ဤအပိုင်း၏အဓိကအချက်များကို ခိုင်မာစွာ တင်ပြသည်။ ဣသရေလစစ်တပ်သည် "ထာဝရဘုရားကိုကြောက်ရွံ့ပြီး ကိုယ်တော့်ကိုယုံကြည်ကိုးစားကြသည်။" *ထို့ပြင်* သူတို့သည် "ကျွန်မောရှေ" ကိုလည်း ယုံကြည်ကြသည်။ အမှန်ပင်၊ ဆိုလိုချက်သည် ထွက်မြောက်ရာကျမ်း၏

မူလပရိသတ်အတွက် သိသာထင်ရှားသည်။ သူတို့သည် သူတို့၏ခေတ်တွင် ဘုရားသခင်နှင့် မောရှေကို ယုံကြည်ကိုးစားရပေမည်။

ငင်းနောက်၊ ဣသရေလစစ်တပ်သည် ၁၅:၂၂-၂၇ တွင် ရှုရတောသို့ ချီတက်ခဲ့သည်။ ရှုရတောတွင် တွေ့သောရေသည်သောက်၍မရသောကြောင့် လူများသည်မောရှေ၏အခွင့်အာဏာကို ငြီးတွားခဲ့ကြသည်။ ထို့ကြောင့်၊ ဘုရားသခင်သည်ရေကိုချိုစေသော သစ်ပင်တစ်ပင်ကိုပြခြင်းဖြင့် မောရှေအား ဣသရေလခေါင်းဆောင်အဖြစ် ချီးမြှောက်ခဲ့သည်။

တတိယအပိုင်း၊ ၁၆း၁-၃၆ တွင် ဣသရေလလူတို့သည် သိန်တောသို့ရောက်ရှိလာကြသည်။ သိန်တော၌ ဣသရေလလူတို့သည် မောရှေနှင့် အာရုန်တို့ကို ဆန့်ကျင်ငြီးတွားခြင်းဖြင့် မောရှေ၏ ခေါင်းဆောင်မှုကို ထပ်မံစိန်ခေါ် ခဲ့သည်။ သို့သော် ဤတစ်ကြိမ်၊ အခန်းငယ် ၇ တွင်၊ သူတို့သည် *ဘုရားသခင်ကို* ငြီးတွားခြင်းဖြစ်ကြောင်း မောရှေအခိုင်အမာဆိုခဲ့သည်။ ဘုရားသခင်သည် ဣသရေလတို့၏အစာအတွက် ငုံးများနှင့် မန္နကိုပုံမှန်ချပေးခြင်းဖြင့် မောရှေအားသက်သေပြခဲ့သည်။

> တောတွင်လူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းအားဖြင့် မောရှေ၏အခွင့်အာဏာကို ဘုရားသခင် အတည်ပြုပေးသည်။ မောရှေနှင့် ဘုရားသခင်ကို ဆန့်ကျင်၍ ငြီးတွားကြသော်လည်း၊ ဘုရားသခင်သည် သူတို့ကိုကြင်နာစွာဖြင့် ကျောက်ထဲမှရေကို ပေးသည်၊ ကောင်းကင်မှ မန္နမုန့်ကို ပေးတော်မူသည်၊ ထိုအရာအားလုံးသည် သူတို့အတွက် ဖခင်၏ပြုစု စောင့်ရှောက်မှုသဘောသာမဟုတ်ဘဲ မောရှေသည် ဧကန်စင်စစ် သူစေလွှတ်လိုက်သောသူဖြစ်ကြောင်းကိုလည်း အတည်ပြုရန်ဖြစ်သည်…ခရစ်ယာန်များအနေနှင့် ကျွန်ုပ်တို့သည် လူကိုယုံကြည်ခြင်းအကြောင်း သိပ်မစဉ်းစားကြပါ၊ သို့သော်ဤနေရာတွင် ဘုရားသခင်၌သာမက မောရှေအား ဘုရားသခင်၏အသုံးခံနှင့် ကိုယ်စားအဖြစ်ယုံကြည်ရန် လူများကို တောင်းဆိုထားသည်။ ပင်လယ်နီကိုဖြတ်ချိန် အဲဂုတ္တုတပ်များအပေါ် ဘုရားသခင်၏ တန်ခိုးကြီးသောအောင်ပွဲခံသောအခါ၊ ပင်လယ်နီ၏ နောက်ဘက်၌ရှိသောအရာအားလည်း ကျွန်ုပ်တို့မြင်တွေ့သည်။ ပင်လယ်၏အစွန်အဖျားတွင်၊ လူများတို့သည် ဝမ်းမြောက်ရွှင်လန်းကာ ဘုရားသခင်ကိုချီးမွမ်းကြပြီး ဘုရားသခင်နှင့် မောရှေကို သူတို့ယုံကြည်ကြသည်။
>
> **— Prof. Thomas Egger**

ဣသရေလတို့ ချီတက်ခဲ့သည့် စတုတ္ထနှင့်နောက်ဆုံးနေရာသည် ထွက်မြောက်ရာ ၁၇:၁–၁၈:၂၇ တွင် ရေဖိဒိမ်အရပ်ဖြစ်သည်။ ဤအတော်အတန်ရှည်လျားသောအပိုင်းကို အပိုင်းသုံးပိုင်းခွဲထားသည်။ ပထမ၊ ထွက်မြောက်ရာ ၁၇:၁-၇ တွင်၊ လူတို့သည် ရေနှင့်ပတ်သက်၍ ထပ်၍ငြီးတွားကြကာ ဘုရားသခင်ကို စမ်းသပ်ခဲ့ကြသည်။ တုံ့ပြန်ရာတွင်၊ ဘုရားသခင်သည် မောရှေအား သိနာတောင်သို့ အကြီးအကဲများအားခေါ်ဆောင်ရန် အမိန့်ပေးခဲ့သည်။ ထိုနေရာတွင်၊ ဘုရားသခင်သည် မောရှေအား

ကျောက်တုံးကိုရိုက်စေပြီး ရေသည်ထွက်လာသည်။ သို့သော် ဤအံ့ဖွယ်အမှုများကြားမှ၊ ဣသရေလလူမျိုးများသည် ဘုရားသခင်အားပို၍ပင် ရန်မူခဲ့ကြသည်။ အခန်းငယ် ၇ တွင် "ထာဝရဘုရားသည် ငါတို့တွင်ရှိသလော၊ မရှိလော" နောက်အပိုင်းနှစ်ပိုင်းသည် ဤအကြောင်းအရာကို ဖော်ပြမထားပါ။

ယခု ဤအပိုင်းများသည် မေးခွန်းကိုမည်သို့ဖြေဆိုသည်ကို နားလည်ရန်၊ ကျွန်ုပ်တို့သည် ဣသရေလလူမျိုးများ ကောင်းစွာသိရှိထားသည့်အရာများကို မှတ်သားထားရန် လိုအပ်သည်။ ကမ္ဘာဦး ၁၂:၃ တွင်၊ ဘုရားသခင်သည်ဣသရေလလူမျိုးကို ကောင်းချီးပေးသူကိုကောင်းချီးပေးမည်၊ ကျိန်ဆဲသောသူအားလုံးကိုကျိန်ဆဲမည်ဟု အာဗြဟံအား ကတိပြုခဲ့သည်။ ထို့ကြောင့်၊ ထွက်မြောက်ရာ ၁၇:၈-၁၆ တွင်၊ ဤကတိတော်နှင့်အညီ၊ အာမလက်လူတို့သည် ဣသရေလလူမျိုးကို တိုက်ခိုက်သောအခါ၊ ဘုရားသခင်သည် အာမလက်လူတို့ကိုအနိုင်ယူကာ ကျိန်ဆဲခဲ့သည်။

ထို့နောက် ဤအပိုင်း၏နောက်ဆုံးအပိုင်း၊ ၁၈း၁-၂၇ တွင် ယေသရောသည် မောရှေထံသို့ ငြိမ်သက်ခြင်းဖြင့်ရောက်ရှိလာခဲ့သည်။ ယေသရောသည် ဣသရေလများကို ကောင်းချီးပေးသောကြောင့် ဘုရားသခင်သည် ယေသရောကို ကောင်းချီးပေးခဲ့သည်။ ဤအဖြစ်အပျက်နှစ်ခုသည် အာဗြဟံကိုကတိပြုထားသည့်အတိုင်း ဘုရားသခင်သည် ဣသရေလလူတို့ကြားတွင်ရှိနေကြောင်း သံသယမရှိစေဘဲ သက်သေပြခဲ့သည်။ ဣသရေလစစ်တပ်သည် မောရှေနောက်သို့လိုက်သောအခါ၊ သူတို့သည် ဘုရားသခင်၏တန်ခိုးကြီးသောမျက်မှောက်တော်တည်ရှိမှု၏ အကာအကွယ်ကို ရရှိခဲ့သည်။

ယခုအချိန်အထိ၊ ထွက်မြောက်ရာကျမ်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာသည် မောရှေနှင့် ဣသရေလတို့အား အီဂျစ်ပြည်မှ သိနာတောင်သို့ ကယ်နုတ်ခြင်းအပေါ် အာရုံစိုက်ခြင်းဖြင့် မောရှေ၏ အခွင့်အာဏာကို ဦးစွာဖော်ပြပုံကို ကျွန်ုပ်တို့မြင်တွေ့ခဲ့ရသည်။ ယခု ကျွန်ုပ်တို့သည် ထွက်မြောက်ရာ ၁၉:၁–၄၀:၃၈ ပါကျမ်း၏ ဒုတိယပိုင်းကို ဆက်၍ကြည့်သင့်သည်။ ဤအခန်းများသည် သိနာတောင်တွင် မောရှေနှင့် ဣသရေလ၏ခါနာန်အတွက် ပြင်ဆင်မှုကိုကြည့်ခြင်းဖြင့် မောရှေ၏အခွင့်အာဏာကို သရုပ်ပြသည်။

## ခါနာန်အတွက် ပြင်ဆင်ခြင်း (ထွက်မြောက်ရာ ၁၉:၁–၄၀:၃၈)

သိနာတောင်ခြေရင်းစခန်း၌ မောရှေနှင့် ဣသရေလတို့ဖြစ်ပျက်ခဲ့မှုများကို သမ္မာကျမ်းစာလေ့လာသူအများစုသည်ရင်းနှီးကြသည်—ဘုရားသခင်သည် သူတို့ကို ပညတ်တရားနှင့် တဲတော်ကို ပေးခဲ့ခြင်းဖြစ်သည်။ သို့သော် ထွက်မြောက်ရာကျမ်းသည် ထိုနေရာတွင် အမှန်တကယ်ဖြစ်ပျက်ခဲ့သော အရာအချို့ကိုသာဖော်ပြသည်။ ဝတ်ပြုရာကျမ်းသည် ထိုအချိန်တွင်ဖြစ်ပျက်ခဲ့သော အခြားအရာများစွာကို ဖော်ပြသောကြောင့် ၎င်းကို ကျွန်ုပ်တို့သိကြသည်။ ဤအကြောင်းကြောင့်၊ ဤအခန်းများသည် အလွန်ရွေးချယ်ထားရကြောင်း ကျွန်ုပ်တို့သိပါသည်။ ဤဖြစ်ရပ်များအပေါ် အချို့သော အမြင်များကိုပေါ်လွင်စေရန် ၎င်းတို့ကိုပုံစံပြုထားသည်။ ကျွန်ုပ်တို့မြင်ရသကဲ့သို့၊ ၎င်းတို့ကိုသည် သိနာတောင်တွင် ဣသရေလလူမျိုးအပေါ် မောရှေ၏အခွင့်အာဏာကို ဘုရားသခင်ပြသပုံအပေါ် အထူးအာရုံစိုက်ကြသည်။

ခါနာန်ပြည်အတွက် မောရှေနှင့် ဣသရေလ၏ပြင်ဆင်မှုကို အဓိကအပိုင်းနှစ်ပိုင်းခွဲထားသည်။ ပထမအပိုင်းသည် ထွက်မြောက်ရာ ၁၉:၁–၂၄:၁၁ တွင်တွေ့ရပြီး မောရှေ၏အခွင့်အာဏာနှင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဣသရေလ၏ပုန်ကန်မှုဖြင့် စတင်ပြီး ... ဒုတိယအပိုင်း၊ ၂၄:၁၂–၄၀:၃၈ တွင် မောရှေ၏အခွင့်အာဏာနှင့် ဣသရေလ၏တဲတော်ကို အလေးပေးဖော်ပြသည်။ ဣသရေလ၏ပဋိညာဉ်ကို ကြည့်ကြမည်။

## ဣသရေလ၏ပဋိညာဉ် (၁၉:၁–၂၄:၁၁)

ယခု၊ ဣသရေလ၏ပဋိညာဉ်မှတ်တမ်းသည် ထွက်မြောက်ရာကျမ်း၏မူလပရိသတ်အတွက် အရေးကြီးသောမေးခွန်းကို ဖြေပေးသည်_ ထွက်မြောက်ရာဒုတိယမျိုးဆက်သည် သိနာတောင်တွင် မောရှေထံမှငင်းတို့၏ဘိုးဘေးများရရှိခဲ့သည့် ပဋိညာဉ်တရားတော်ကို အဘယ်ကြောင့် နာခံသင့်သနည်း။ အဘယ်ကြောင့် မတူညီသောအခြားလမ်းကို မလိုက်သင့်သနည်း။

ဣသရေလ၏ပဋိညာဉ်အတွက် အထူးပြုထားသောအခန်းများသည် ဤမေးခွန်းကို အဆင့်လေးဆင့်ဖြင့် အဖြေပေးသည်။ ပထမ၊ ထွက်မြောက်ရာ ၁၉:၁ တွင် အခန်းငယ် ၈ ၏အစမှ၊ ဘုရားသခင်နှင့် ဣသရေလတို့၏ပဋိညာဉ်စတင်မှုကို တွေ့ရှိရသည်။

**ပဋိညာဉ်စတင်ခြင်း (၁၉:၁-၈က)။** ဤအခန်းငယ်များသည် မောရှေပဋိညာဉ်၏ အခြေခံအချက်များကို ပေးသည်_ ဘုရားသခင်သည် ဣသရေလလူတို့ကို သနားကြင်နာမှု ပြသခဲ့သည်။ သူတို့ထံမှသစ္စာရှိမှုကိုတောင်းဆိုသည်။ သူတို့နာခံလျှင် မင်္ဂလာရှိလိမ့်မည်။ ထွက်မြောက်ရာ ၁၉:၈ သည် ဣသရေလ၏ စိတ်အားထက်သန်မှုနှင့် တညီတညွတ်တည်း တုံ့ပြန်မှုဖြင့် အပိုင်းကိုအဆုံးသတ်သည်_ "ထာဝရဘုရား မိန့်တော်မူသမျှတို့ကို ကျွန်ုပ်တို့သည်ပြုပါမည်။" အမှန်တွင်၊ ဆိုလိုချက်သည် ရှင်းပါသည်။ ထွက်မြောက်ရာ ဒုတိယမျိုးဆက်ပရိသတ်များသည် ငင်းတို့၏ဘိုးဘေးများကို အတုယူသင့်သည်။ သူတို့သည် မောရှေမှတစ်ဆင့် ဘုရားသခင်၏ပဋိညာဉ်ကို တူညီသောစိတ်အားထက်သန်မှုဖြင့် ပြန်လည်လိုက်နာသင့်သည်။

***မောရှေအပေါ် ဣသရေလ၏ယုံကြည်ကိုးစားမှု (၁၉:၈ (ခ)–၂၀:၂၀)။*** မောရှေ၏အခွင့်အာဏာနှင့် ဣသရေလ၏ပဋိညာဉ်၏ဒုတိယအဆင့်သည် ဘုရားသခင်၏ပဋိညာဉ်ဖျန်ဖြေသူအဖြစ် မောရှေအပေါ် ဣသရေလ၏ယုံကြည်ကိုးစားမှုကို အာရုံစိုက်သည်။ ငင်းသည် ထွက်မြောက်ရာ ၁၉ အခန်းငယ် ၈ ၏ဒုတိယပိုင်းတွင်စတင်ပြီး ၂၀:၂၀ ထိဖြစ်သည်။ ထွက်မြောက်ရာ ၁၉:၉ တွင်၊ ဘုရားသခင်သည် မောရှေအား ဤကတိတော်ကို ပေးခဲ့သည်ကိုသင်မှတ်မိလိမ့်မည်_

> ထာဝရဘုရားကလည်း ကြည့်ရှုလော့။ သင်နှင့်ငါပြောသောအခါ
> လူများတို့သည်ကြား၍ အစဉ်အမြဲ သင့်ကိုယုံမည်အကြောင်း၊
> မိုးတိမ်တိုက်၌သင့်ဆီသို့ငါလာမည်ဟု မောရှေအားမိန့်တော်မူ၏
> (ထွက်မြောက်ရာ ၁၉:၉)။

"လူတို့သည်... [မောရှေ] ကို *အစဉ်အမြဲ* ယုံကြည်ကိုးစားစေခြင်းငှာ" သိနာတောင်ပေါ်တွင် ပေါ်လာပြီး မောရှေနှင့် စကားပြောမည်ဟု ဘုရားသခင်မိန့်တော်မူသည်ကို ဤနေရာတွင် သတိပြုပါ။ ထို့နောက် နောက်တွင်တွေ့ရသောမြင်ကွင်းများသည် ဘုရားသခင်သည် ဤကတိတော်ကို မည်သို့ ထိန်းသိမ်းထားကြောင်း ရှင်းပြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအဆင့်၏ အဓိကအချက်သည် ဘုရားသခင်၏ တူညီသောညွှန်ကြားချက်အပိုင်းနှစ်ခု၊ မောရှေ၏နာခံမှုနှင့် ဘုရားသခင်၏ကိုယ်တိုင်အုပ်စိုးခြင်းတို့ ပါဝင်သည်။ ၁၉:၁၀-၁၉ တွင် ဘုရားသခင်သည် ဣသရေလလူမျိုးတို့အနေဖြင့် ဘုရားသခင်နှင့်တွေ့ဆုံရန်ပြင်ဆင်ဖို့ မောရှေအား ညွှန်ကြားထားခြင်းကို ပထမအပိုင်းတွင် တွေ့ရသည်။ မောရှေသည် ဘုရားသခင်၏ညွှန်ကြားချက်ကို နာခံခဲ့ပြီး၊ ရလဒ်သည်သိနာတောင်ပေါ်တွင် ဘုရားသခင်၏ကိုယ်တိုင်အုပ်စိုးခြင်းတစ်ခုဖြစ်သည့်—ထိုနေရာတွင် ဘုရားသခင်၏မျက်မှောက်တော်၏ ဘုန်းအသရေကို မြင်နိုင်ပြီး ကြားနိုင်သောထင်ရှားမှုဖြစ်သည်။

ထို့နောက်၊ ထွက်မြောက်ရာကျမ်း ၁၉:၂၀-၂၅ တွင်တွေ့ရသောဒုတိယအပိုင်းကို ကျွန်ုပ်တို့ဖတ်ရှုပါမည်။ လူများကိုပြင်ဆင်ရန် ဘုရားသခင်သည်မောရှေအား တစ်ဖန်ညွှန်ကြားခဲ့ပြီး မောရှေသည်လည်း နာခံခဲ့သည်။ ရလဒ်အနေဖြင့်၊ ၂၀:၁-၁၇ တွင်ဇတ်ကြောင်းသည်၊ ပညတ်တော်ဆယ်ပါးကို ဣသရေလလူအပေါင်းကြားနာရန် ဘုရားသခင်မိန့်ဆိုခဲ့သည့် ဘုရားသခင်အုပ်စိုးသောသိနာတောင်ပေါ်အကြောင်း ပြန်လည်၍ဖော်ပြသည်။

ဤအပိုင်း၏အဖွင့်အပိုင်းတွင် ဘုရားသခင်၏ကတိတော်နှင့် ညီညွတ်စွာဖြင့်၊ ထွက်မြောက်ရာ ၂၀:၁၈-၂၀ တွင် မောရှေအားပေးသော ဘုရားသခင်၏ကတိတော် ပြည့်စုံကြောင်း ရှင်းပြထားသည်။ ဤအခန်းငယ်များသည် တောင်ပေါ်၌ ဘုရားသခင်၏အသံကိုကြားပြီးနောက် ဣသရေလလူမျိုးများသည် အလွန်ကြောက်ရွံ့ထိတ်လန့်ခဲ့ကြပြီး ၎င်းတို့နှင့် တိုက်ရိုက်စကားပြောခြင်းကို ရပ်တန့်ပေးရန် ဘုရားသခင်ထံ တောင်းဆိုခဲ့ကြသည်။ ဘုရားသခင်ကိုယ်စား သူတို့အားစကားပြောရန် မောရှေကို တောင်းလျှောက်ကြသည်။ ဒုတိယမျိုးဆက်ပရိသတ်အတွက် ဤတောင်းဆိုမှု၏ အကျိုးသက်ရောက်မှုသည် ရှင်းလင်းပါသည်။ သူတို့၏ဘိုးဘေးများသည် ဘုရားသခင့်ပဋိညာဉ်တရား၏ ဖျန်ဖြေသူအဖြစ် မောရှေအားရှု့မြင်ကြပြီး သူတို့သည်လည်း မြင်သင့်သည်။

**မောရှေ၏ပဋိညာဉ်တရား (၂၀:၂၁–၂၃:၃၃)။** မောရှေ၏အခွင့်အာဏာနှင့် ဣသရေလ၏ ပဋိညာဉ်ဆိုင်ရာ ဤအပိုင်း၏တတိယအဆင့်ကို ထွက်မြောက်ရာ ၂၀:၂၁–၂၃:၃၃ တွင်တွေ့ရှိရသည်။ ဤအခန်းများတွင် မောရှေ၏ပဋိညာဉ်တရား၏ အကြောင်းအရာကို တင်ပြထားသည်။ ဤအဆင့်တစ်ခုလုံးသည် ပညတ်တရားအား ဣသရေလလက်သို့အပ်ရန် ဘုရားသခင်ကိုယ်တော်တိုင် မောရှေအား မိန့်မှာထားကြောင်း သတိပြုမိခြင်းဖြင့် မောရှေ၏အခွင့်အာဏာကို ထင်ရှားစေသည်။

ဤအဆင့်ကို ၂၀:၂၁-၂၆ တွင်ဖော်ပြထားသည်။ ဤတွင်၊ ဣသရေလလူမျိုးတို့သည် ကိုယ်တော်၏ပညတ်များကိုဝတ်ပြုကိုးကွယ်ဖို့ရန် မောရှေအနေဖြင့်ပြောပြရန် ဘုရားသခင်ညွှန်ကြားခဲ့သည်—ရုပ်တုများနှင့် ယဇ်ပလ္လင်များဆိုင်ရာ ညွှန်ကြားချက်များဖြစ်သည်။ ဤအခန်းငယ်များသည် ပညတ်တော်ဆယ်ပါး၏ ပထမနှစ်ပါးနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြထားသည်။ ၎င်းပြီးနောက်၊ ၂၁:၁–၂၃:၃၃ တွင် ပဋိညာဉ်ကျမ်း၏အကြောင်းအရာကို ဣသရေလလူတို့အား ပြောပြရန်မောရှေအား ဘုရားသခင် ညွှန်ကြားခဲ့သည်။

ပဋိညာဉ်ကျမ်းသည် ဣသရေလတွင် မည်သို့လုပ်ဆောင်သည်ကို နားလည်ရန်၊ ထွက်မြောက်ရာ ၂၁:၁ အားသတိပြုရန် အရေးကြီးသည်၊ ဘုရားသခင်သည် ပဋိညာဉ်ကျမ်းကို ဤနည်းဖြင့်ဖော်ပြထားသည်_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထာဝရဘုရားကလည်း၊ သင်သည်ဣသရေလအမျိုးသားတို့၌
စီရင်ရသောဓမ္မသတ်ဟူမူကား၊ (ထွက်မြောက်ရာ ၂၁း၁)။

ဤနေရာတွင် "ဓမ္မသတ်" ဟုပြန်ဆိုထားသော ဟေဗြဲအသုံးအနှုန်းသည် **מִשְׁפָּטִים** (*hammishpatim*) ဖြစ်သည်။ ဤအသုံးအနှုန်းတွင် "တရားစီရင်ဆုံးဖြတ်ခြင်း" သို့မဟုတ် "စီရင်မှုတရားများ"ဟူ၍အဓိပ္ပါယ်များရှိသည်။ ပဋိညာဉ်ကျမ်းအတွက် ဤသတ်မှတ်ချက်သည် မောရှေအားဖြင့် ဘုရားသခင်၏ပဋိညာဉ်တရားနှစ်ပါးဆီသို့ ရှင်းလင်းသောဦးတည်ချက်ကို ကျွန်ုပ်တို့အားပေးသည်။ အခြေခံအားဖြင့်၊ ပညတ်တော်ဆယ်ပါးသည် ဣသရေလလူတို့၌ ဥပဒေဆိုင်ရာတရားများ သို့မဟုတ် ယေဘုယျတရားစီရင်ခြင်းဆိုင်ရာမူများအဖြစ် လုပ်ဆောင်သည်။ ပဋိညာဉ်ကျမ်းသည် ဣသရေလတရားသူကြီးများလိုက်နာရမည့် ကျယ်ပြန့်သောအကြောင်းအရာများနှင့်ပတ်သက်၍ တရားစီရင်ထုံးတမ်းများကို တင်ပြထားသည်။ ဤစံနှုန်းအများစုသည် ဟမ်မူရာဘီ၏ကိုဓဥပဒေနှင့် အခြားသော ရှေးခေတ်အရှေ့ပိုင်းအနီးဒေသဥပဒေများနှင့် ဆင်တူသည်။ ဤကိုဓဥပဒေများနှင့် ပဋိညာဉ်ကျမ်းများသည် တရားသူကြီးများအနေဖြင့် ၎င်းတို့လူမျိုးများ၏တရားရုံးများတွင် ကျင့်သုံးရန် ပုံစံပြုထားသည်။

ပဋိညာဉ်ကျမ်းသည် ဘီစီတတိယထောင်စုနှစ်နှောင်းပိုင်းမှ
ဒုတိယထောင်စုနှစ်အထိ ရှေးခေတ်အရှေ့ပိုင်းအနီးဒေသရှိ
အခြားတရားစီရင်ခြင်းဆိုင်ရာကိုဓဥပဒေများနှင့် တူညီမှုများစွာရှိသည်။
၎င်းသည် ပဋိညာဉ်ဆိုင်ရာအကြောင်းအရာတစ်ခု၌ ရှိနေသည်ဟူသော
အဓိပ္ပာယ်နှင့် ကွဲပြားသည်။ ဟမ်မူရာဘီ၏ကိုဓဥပဒေသည် ယင်းတို့အနက်
အကျော်ကြားဆုံးဖြစ်ပြီး ဤကိုဓဥပဒေများအနက် အကျယ်ပြန့်ဆုံး
ဖြစ်သည်...ဥပဒေများကို "အကယ်၍-ဆိုလျှင်" ပုံစံဖြင့် ရေးဆွဲထားခြင်းသည်—
"ထို့နောက်"ပုံစံနှင့်အတူ ပုံမှန်အားဖြင့် အခြေအနေအတွက်
အရပ်ဘက်ဒဏ်ခတ်အရေးယူမှုနည်းလမ်းဖြစ်သည်— ထွက်မြောက်ရာကျမ်း
၂၁:၁ မှ ၂၂:၁၆ ထိပညတ်တော်များကို ရေးဆွဲပုံနှင့် အလွန်ဆင်တူသည်ဟု
ကျွန်ုပ်ထင်ပါသည်၊ ၊ ၎င်းသည်ဥပဒေပုံစံ၊ အမှုအခင်းဥပဒေပုံစံ
ဟုခေါ်သော"အကယ်၍-ဆိုလျှင်" ဖွဲ့စည်းမှုမျိုးပုံစံဖြစ်သည်။
လက်တွေ့အသေးစိတ်အချက်အလက်များကို ကျွန်ုပ်တို့လေ့လာကြည့်သောအခါ၊
ရှေးဣသရေလလူ့အဖွဲ့အစည်းနှင့် ရှေးဗာဗုလုန်လူ့အဖွဲ့အစည်းကြား၊
မက်ဆိုပိုတေးမီးယားရှိ မြို့ပြအခြေအနေဟု ဆိုကြပါစို့၊
အလွန်ခြားနားသည်ကိုတွေ့ရသည်။ ဗာဗုလုန်နိုင်ငံရှိ ဗာဗုလုန်မြို့ကဲ့သို့
မြို့ပြတစ်ခုသည် လွတ်လပ်သောလူများ၊ လွတ်လပ်စွာမွေးဖွားလာသူများနှင့်
အခြားအဆင့်တွင် သာမန်လူတန်းစားများနှင့် ကျွန်များပါရှိသည့်
အလွန်ကွဲပြားသော လူ့အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ၎င်းသည်
လူ့အဖွဲ့အစည်းအတွင်း ကွဲပြားခြားနားသော စီးပွားရေးအခန်းကဏ္ဍများနှင့်
အလွန်ကွဲပြားစွာပိုင်းခြားထားသော စီးပွားရေးအခြေအနေလည်း ရှိသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို
ဝင်ကြည့်နိုင်ပါသည်။

> စီးပွားရေးတစ်ခုလုံးကိုချုပ်ကိုင်ထားသော အင်အားကြီး အခြေခံအဆောက်အအုံတစ်ခု ရှိသည်။ နန်းတော်၊ တော်ဝင်ဘုရင့်နန်းတော်သည် လူ့အဖွဲ့အစည်းအားဖွဲ့စည်းတည်ဆောက်မှုတွင် အဓိကအချက်ဖြစ်သည်။ ထို့ပြင် ၎င်းသည် အလယ်ခေတ်ပဒေသရာဇ်လူ့အဖွဲ့အစည်းအဖြစ် ကျွန်ုပ်တို့ရှု့မြင်သည့် ပဒေသရာဇ်လူ့အဖွဲ့အစည်းနှင့်အလွန်ဆင်တူသည်။ ဣသရေလ လူ့အဖွဲ့အစည်းသည် ခွင့်တူညီမျှဝါဒခံယူမှုစနစ်ဖြစ်ပြီး၊ တစ်သီးပုဂ္ဂလသဘောအရမဟုတ်ဘဲ၊ စိုက်ပျိုးရေးအခြေခံစီးပွားရေးနှင့် မြေယာပိုင်ဆိုင်ခွင့်အတွက် လူမျိုးစုအဖွဲ့အစည်းအပေါ် အခြေခံထားသည်။ ထို့ကြောင့်၊ ၎င်းတွင် ကွဲပြားခြားနားမှုမရှိပါ၊ ဟမ်မူရာဘီ၏ကိုဥပဒေတွင် သင်တွေ့ရှိရသကဲ့သို့ လူ့အဖွဲ့အစည်းအတွင်း ကွဲပြားသောအလွှာများ မရှိပါ။
>
> **ဒေါက်တာ Douglas Gropp**

**ပဋိညာဉ်အတည်ပြုချက် (၂၄:၁-၁၁)။** မောရှေ၏အခွင့်အာဏာနှင့် ဣသရေလပဋိညာဉ်၏ စတုတ္ထအဆင့်နှင့် အဆုံးသတ်အဆင့်၌၊ ထွက်မြောက်ရာ ၂၄:၁-၁၁ တွင် ပဋိညာဉ်အတည်ပြုချက်ကို မှတ်တမ်းတင်ထားသည်။ ဤစတုတ္ထအဆင့်သည် ထွက်မြောက်ရာ ၁၉:၁ မှစ၍ အခန်းငယ် ၈ ၏ အစပိုင်းရှိ ပဋိညာဉ်အစပျိုးခြင်းကို ပြီးမြောက်စေသည်။ အထူးသဖြင့် ထွက်မြောက်ရာ ၂၄:၃ နှင့် ၇ နှစ်ခုစလုံးသည် ၁၉:၈ တွင် ဘုရားသခင်မိန့်မှာထားသမျှကိုလုပ်ဆောင်ရန် ဣသရေလလူမျိုးများ တညီတညွတ်တည်း ကတိကဝတ်ပြုမှုကို ထပ်၍ဖော်ပြထားသည်ကို သတိပြုပါ။

၎င်းအပြင်၊ ဤအဆင့်၏နောက်ဆုံးမြင်ကွင်းသည် ဣသရေလခေါင်းဆောင်များသည် သိနာတောင်ပေါ်သို့တက်ခဲ့ရာ၊ ဘုရားသခင်ကိုမြင်ပြီး ကိုယ်တော်နှင့်အတူ အံ့သြဘွယ်ရာ ညီညွတ်စွာ စားသောက်ပုံကို ဖော်ပြသည်။ ဘုရားသခင်နှင့်အတူ ငြိမ်သက်ခြင်းနှင့် ညီညွတ်ခြင်း၏ ဤအံ့သြဖွယ်ရာ မြင်ကွင်းသည် ထွက်မြောက်ရာကျမ်း၏မူလပရိသတ်၌ရှိနေနိုင်သည့် တုံ့ဆိုင်းမှုမှန်သမျှကို ဖယ်ရှားရန် ပုံစံပြုထားသည်။ သူတို့သည် ဘုရားသခင်နှင့်အတူ ငြိမ်သက်ခြင်းနှင့် ညီညွတ်ခြင်းရှိသည်ကို မည်သို့ သိနားလည်နိုင်မည်နည်း။ မိမိတို့ခေတ်တွင် မောရှေမှတစ်ဆင့် ဘုရားသခင့်ပဋိညာဉ်တရား၏ တည်မြဲသောအခွင့်အာဏာကို အသိအမှတ်ပြုခြင်းဖြင့်သာ ဖြစ်နိုင်သည်။

ယခု ထွက်မြောက်ရာ ၁၉:၁–၂၄:၁၁ တွင် ဣသရေလ၏ပဋိညာဉ်ကို ကြည့်ရှုခြင်းဖြင့် သိနာတောင်တွင် ခါနာန်ပြည်အတွက် မောရှေနှင့် ဣသရေလ၏ပြင်ဆင်မှုကို လေ့လာခဲ့ပြီးနောက်၊ ထွက်မြောက်ရာကျမ်း၏အဓိကအာထူးပြုချက်ကို ကျွန်ုပ်တို့လေ့လာသင့်သည်။ မောရှေ၏အခွင့် အာဏာနှင့် ဣသရေလ၏တဲတော်အပေါ် အလေးပေးဖော်ပြချက်ကို ထွက်မြောက်ရာ ၂၄:၁၂–၄၀:၃၈ တွင် ဖော်ပြထားသည်။ ဤအခန်းများသည် မောရှေ၏တည်မြဲသောအခွင့်အာဏာကို ဘုရားသခင့် တဲတော်တည်ဆောက်ရာတွင် သူပါဝင်သည့်အရေးပါသောအခန်းကဏ္ဍကို အထူးပြုခြင်းဖြင့် ပံ့ပိုးပေး သည်။

## ဣသရေလ၏တဲတော် (၂၄:၁၂–၄၀:၃၈)

သမ္မာကျမ်းစာလေ့လာသူအများစုသည် ဣသရေလ၏တဲတော်သည် ဝတ်ပြုကိုးကွယ်ရန် ဘုရားကျောင်းတစ်ခုထက် အနည်းငယ်သာပိုသည်ဟု ထင်မြင်ကြသော်လည်း မကြာသေးမီအတွင်း ရှေးဟောင်းသုတေသနတွေ့ရှိချက်များအရ ယင်းထက်များစွာပိုသည်ကို အခိုင်အမာဖော်ပြသည်။ ရှေးခေတ်အီဂျစ်တွင် ဖာရောဘုရင်များသည် ၎င်းတို့၏တပ်များနှင့်အတူ စစ်တိုက်ထွက်ခြင်းသည် ထုံးစံဖြစ်သည်။ ထိုသို့လုပ်ဆောင်သောအခါတွင် ၎င်းတို့သည် သန့်ရှင်းသပ်ရပ်သော တဲအဆောက်အအုံများ၊ ရွှေ့လျားနန်းတော်များကဲ့သို့ပင် နေထိုင်ခဲ့ကြသည်။ ဤတော်ဝင်စစ်တပ်တဲများတွင် ခြံဝန်းတစ်ခုဖြင့် ဝန်းရံထားသော အတွင်းနှင့် အပြင်ခန်းများ ပါဝင်သည်။ ၎င်းတဲများတွင်၊ စစ်တပ်များသည် သူတို့၏ဘုရင်ကို ဂါဝရပြုကြပြီး ဘုရင်၏လမ်းညွှန်မှုကို ခံယူကြသည်။ ဤစည်းမျဉ်းများအရ၊ ထွက်မြောက်ရာကျမ်းသည် ဘုရား၏တဲတော်အား ဝတ်ပြုကိုးကွယ်ရန်အတွက် ဘုရားကျောင်းတစ်ခုထက်ပိုကြောင်းကို ဖော်ပြသည်။ ၎င်းသည်သူ၏တော်ဝင်စစ်တပ်တဲတော် ဖြစ်သည်။ ထို့ကြောင့်၊ ဣသရေလစစ်တပ်သည် ၎င်း၏မြင့်မြတ်သောဘုရင်အား ဂါဝရပြုကိုးကွယ်ရာနေရာဖြစ်ပြီး၊ ဣသရေလ၏မြင့်မြတ်သောဘုရင်သည် သူ၏ညွှန်ကြားချက်များကို ဣသရေလစစ်တပ်အား ဖော်ပြရာနေရာဖြစ်သည်။

**တဲတော်ဆိုင်ရာ ညွှန်ကြားချက်များ (၂၄:၁၂–၃၁:၁၈)။** မောရှေ၏အခွင့်အာဏာနှင့် ဣသရေလ၏တဲတော်မှတ်တမ်းကို အဓိကအပိုင်းသုံးပိုင်းခွဲထားသည်။ ပထမ၊ ထွက်မြောက်ရာ ၂၄:၁၂–၃၁:၁၈ တွင် မောရှေအားပေးသော တဲတော်ဆိုင်ရာ ဘုရားသခင်၏ညွှန်ကြားချက်များ ပါဝင်သည်။ ဘုရားသခင်၏ တဲတော်ဆိုင်ရာလမ်းညွှန်ချက်သည် ထွက်မြောက်ရာ ၂၄:၁၂-၁၈ တွင် ကျောက်ပြားပေါ်တွင် ပညတ်တော်ဆယ်ပါးကိုခံယူရန် မောရှေအား ဘုရားသခင်ခေါ်ခြင်းဖြင့် စတင်ခဲ့သည်။ ထို့နောက် ဘုရားသခင်၏ တဲတော်ဆိုင်ရာသီးခြားလမ်းညွှန်ချက်ကို ၂၅:၁–၃၁:၁၇ တွင် တွေ့ရသည်။ ဤလမ်းညွှန်ချက်များသည် တဲတော်၏ပရိဘောဂများနှင့် ဗိသုကာလက်ရာများအကြောင်း အသေးစိတ်ဖော်ပြပေးသည်။ တဲတော်၏အမှုထမ်းများနှင့် ကျင့်ထုံးများအတွက်လမ်းညွှန်ချက်များကိုလည်း ယဇ်ပုရောဟိတ်များ၊ လက်မှုပညာသည်များနှင့် ကျွမ်းကျင်လုပ်သားများအား ဘုရားသခင်ညွှန်ကြားထားသည်။ အပတ်စဉ်၏ ဥပုဒ်နေ့နှင့်စပ်လျဉ်း၍ တိုက်ရိုက်ညွှန်ကြားချက် ပေးခဲ့သည်။ ဤအသေးစိတ်အချက်အလက်များ၏ အရေအတွက်နှင့် အတိုင်းအတာသည် ဘုရားသခင်၏ တော်ဝင်စစ်တပ်တဲတော်တွင် အချို့သောသံခင်းတမန်ခင်းလုပ်ထုံးလုပ်နည်းများကို လေ့လာခြင်း၏အရေးကြီးပုံကို ထင်ဟပ်ပါသည်။ ထို့နောက်၊ ဤအဓိကညွှန်ကြားချက်များပြီးနောက်၊ ထွက်မြောက်ရာ ၃၁:၁၈ တွင်ပညတ်တော်ဆယ်ပါးပါရှိသော ကျောက်ပြားများကို မောရှေသည်အောင်မြင်စွာလက်ခံရရှိခြင်းကို ကျွန်ုပ်တို့တွေ့ရှိရသည်။ ၎င်းသည် ဘုရားသခင်၏ တဲတော်ဆိုင်ရာလမ်းညွှန်ချက်၏ အဆုံးသတ်ဖြစ်သည်။

ယခု၊ ဤအပိုင်းကဏ္ဍ၏အကြိမ်အခါများစွာတွင်၊ ဘုရားသခင်သည် သိနာတောင်တွင်ပေးသော သူ၏ညွှန်ကြားချက်များသည် ဣသရေလလူမျိုးအတွက်သာမဟုတ်ဟူသောအချက်ကို အတိအလင်းထောက်ပြသည်။ ၎င်းတို့သည် ထွက်မြောက်ရာဒုတိယမျိုးဆက် ပရိသတ်အတွက်လည်းဖြစ်သည်။ ထွက်မြောက်ရာ ၂၇:၂၁; ၂၈:၄၃; ၂၉:၉ နှင့် ၄၂; ၃၀:၂၁; နှင့် ၃၁:၁၆ တွင် "နောင်လာမည့် မျိုးဆက်များအတွက် တည်မြဲသော ပညတ်တော်"ဟူသောစကားစုတွင် ဘုရားသခင်သည် ကွဲလွဲမှုများစွာကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အသုံးပြုခဲ့သည်။ ၎င်းသည် ကိုယ်တော်၏ တဲတော်ဆိုင်ရာလမ်းညွှန်ချက်ရှုထောင့်များကို နောင်လာနောက်သားများ သတိပြုရမည့်အချက်ကို ဖော်ပြသည်။ မူလပရိသတ်အတွက် ဤမှတ်တမ်းများ၏ ဆိုလိုရင်းသည် ရှင်းပါသည်။ သူတို့သည် မိမိတို့၏ကာလတွင် ဘုရားသခင်၏ တဲတော်ဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာရမည်ဖြစ်သည်။

> ထွက်မြောက်ရာကျမ်းတွင်ဖော်ပြထားသည့်အတိုင်း အထူးသဖြင့် တဲတော်တည်ဆောက်ပုံနည်းပညာတွင် တူညီချက်များစွာရှိပြီး၊ တိုင်များ၊ စားပွဲများစသည်တို့ကို မည်ကဲ့သို့စုစည်းနိုင်မည်နှင့် ထို့နောက်ဖြုတ်ဖျက်ကာ သယ်ဆောင်သွားခြင်းဖြင့် ထိရောက်စွာရွေ့လျားသယ်ဆောင်နိုင်မည်ဖြစ်သည်။ အီဂျစ်တွင် ခေတ်ကာလများစွာနှင့်တူညီမှုများရှိသော်လည်း အထူးခြားဆုံး တူညီမှုမှာ Abu Simbel ဗိမာန်တော်တွင် Ramses II ၏သက်သာရာရခဲ့သော ကာဒေ့ရှ်တိုက်ပွဲဖြစ်ပြီး၊ ကာဒေ့ရှ်တိုက်ပွဲကို အထိမ်းအမှတ်ပြုသည့်အနေဖြင့် သူအနိုင်ရသည်ဟုဆိုသော်လည်း ပညာရှင်တို့သည် သူသည် ကံကောင်းထောက်မစွာအသက်ရှင်လျက် လွတ်မြောက်ခဲ့သည်ဟုဆိုကြသည်။ သို့သော် သူ၏စစ်တပ်တဲကိုဖော်ညွှန်ထားသော Abu Simbel ၏ နံရံတွင် ကယ်ဆယ်ရေးစခန်းတစ်ခုရှိပြီး၊ ၎င်းသည်တဲတော်ရှိ စတုရန်းအတွင်းခန်းတစ်ခု၏ အတိုင်းအတာနှင့်အတိအကျတူညီသည်၊ ၎င်းသည်သူ၏ပလ္လင်အခန်းဖြစ်ရမည်၊ အတွင်းခန်းထက် နှစ်ဆပိုရှည်သော စကြံတစ်ခုရှိပြီး၊ ၎င်း၏အပြင်ဘက်တွင် တဲတော်ပတ်လည်တွင်ရှိသော စတုဂံတံတိုင်းကဲ့သို့သော စတုဂံနန်းတော်ပုံသဏ္ဍာန်ရှိသည်။ ထို့ပြင်၊ တောလည်ရာကျမ်းတွင်ဖော်ပြထားသည့်အတိုင်း၊ ကယ်ဆယ်ရေးစခန်းများတွင်သူ၏စစ်တပ်လေးတပ်ကို လေးမျက်နှာ၌ထားရှိသည်ကို ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ တဲတော်ကို လေဝိသားတို့ရှေ့ဦးစွာဝိုင်းရံထားပြီး၊ လေးမျက်နှာ အရပ်ရပ်တွင် မျိုးနွယ်စုသုံးစုဖြင့် ဝိုင်းရံထားသည်။

**ဒေါက်တာ Douglas Gropp**

## ကျရှုံးခြင်းနှင့် အသစ်ပြန်လည်ဆန်းသစ်ခြင်း (၃၂:၁-၃၄:၃၅)။

ဘုရားသခင်၏တဲတော်ဆိုင်ရာညွှန်ကြားချက်ပြီးနောက်၊ မောရှေသည် ထွက်မြောက်ရာ ၃၂:၁–၃၄:၃၅ တွင် သိနာတောင်ခြေရင်း၌ ဣသရေလတို့၏ကျရှုံးမှုနှင့် အသစ်ပြန်လည်ဆန်းသစ်မှုကို ပြန်လည်ဖော်ပြခဲ့သည်။ အဆိုပါ အခန်းကြီးများအား အဓိကကျသော အပိုင်းကလေး သုံးခုအဖြစ် ခွဲခြားထားသည်။ ၃၂:၁-၃၅ တွင်၊ သိနာတောင်တွင် ရွှေနွားသငယ်ကို ကိုးကွယ်ခြင်းဖြင့် ဣသရေလလူတို့သည် ဘုရားသခင်နှင့်ပြုသောပဋိညာဉ်ကို ချိုးဖောက်ကြောင်း ကျွန်ုပ်တို့ဖတ်ရသည်။ မောရှေသည်ဣသရေလလူမျိုးနှင့်အနီးကပ်ရှိပြီး သူတို့အတွက် ဆုတောင်းပေးသောကြောင့် ဤအခန်းများတွင် မောရှေ၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အခွင့်အာဏာကို ထင်ရှားစေသည်။ မောရှေသည် မိမိအသက်နှင့်အမှုစွန့်စားပေးဆပ်ခြင်းကြောင့်၊ ဣသရေလတို့အပေါ် ဘုရားသခင်၏မျက်နှာသာပေးခြင်းကို ရရှိစေခဲ့သည်။ ဘုရားသခင်သည်လူမျိုးတော်ကို ရှင်းရှင်းမဖျက်ဆီးခဲ့ပါ။

ထို့နောက်၊ ထွက်မြောက်ရာ ၃၃:၁-၂၃ တွင် ဤအပိုင်း၏ဒုတိယအဆင့်သည် ဘုရားသခင်မရှိခြင်း၏ခြိမ်းခြောက်ခြင်းဆီသို့ ပြောင်းလဲသွားသည်။ လူမျိုးကို ချက်ခြင်းမဖျက်ဆီးရန် သဘောတူပြီးနောက်၊ ဘုရားသခင်သည် မောရှေအား ရှေ့တိုးရန်မိန့်တော်မူခဲ့သည်။ သို့ရာတွင် ဘုရားသခင်သည် လမ်းခရီး တစ်လျှောက်တွင် ဣသရေလလူတို့ကို ဖျက်ဆီးကောင်းဖျက်ဆီးမည်ဖြစ်သောကြောင့် သူ၏မျက်မှောက် တော်ကို ဖယ်ရှားပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ သို့သော် တစ်ဖန်၊ မောရှေသည် မိမိကိုယ်တိုင်ကို လူမျိုးနှင့် ခွဲခြားသိမြင်ပြီး၊ ဣသရေလကိုယ်စား အောင်မြင်စွာ ကြားဝင်ဆောင်ရွက်ပေးကာ ဘုရားသခင် မရှိခြင်း၏ အန္တရာယ်ကို ဖယ်ရှားပေးခဲ့သည်။

ဤအပိုင်း၏တတိယအဆင့်ဖြစ်သော ၃၄:၁-၃၅ တွင်၊ ဣသရေလနှင့်ဘုရားသခင်၏ပဋိညာဉ်ကို အသစ်ပြန်လည်ဆန်းသစ်ခြင်းပါဝင်သည်။ သူ၏ပဋိညာဉ်ကိုအသစ်ပြန်လည်ဆန်းသစ်ခြင်းဖြင့် ဣသရေလလူတို့နှင့်အတူ ခါနာန်ပြည်သို့လိုက်မည်အကြောင်း ဘုရားသခင်အတည်ပြုခဲ့သည်။ ပဋိညာဉ်အား အသစ်ပြန်လည်ဆန်းသစ်စဉ်အတွင်း သူ၏ထိရောက်သောဆုတောင်းချက်များကို ဖော်ပြခြင်းဖြင့် ဤအခန်းတွင် မောရှေအား ဣသရေလခေါင်းဆောင်အဖြစ် ချီးမြှောက်ထားသည်။

**တဲတော်ပြီးစီးခြင်း (၃၅:၁–၄၀:၃၈)။** နောက်ဆုံးတွင်၊ မောရှေ၏အခွင့်အာဏာနှင့် ဣသရေလ၏တဲတော်အပိုင်းသည် ထွက်မြောက်ရာ ၃၅:၁–၄၀:၃၈ တွင်တဲတော်ပြီးစီးခြင်းနှင့်အတူ အဆုံးသတ်သည်။ ဤအခန်းများသည် ၃၅:၁-၃ တွင် အပတ်စဉ်ဥပုဒ်နေ့ကို သတိပေးခြင်းဖြင့် အစပြုသည်။ ထို့နောက် ဘုရားသခင်သည် မောရှေအား ၃၅:၄–၃၉:၄၃ တွင် တဲတော်တည်ဆောက်ကာ လုပ်ငန်းများဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့သည်။ ထွက်မြောက်ရာ ၄၀:၁-၃၃ သည် တဲတော်အမှန်တကယ်တည်ဆောက်ခြင်းကို ဖော်ပြသည်။ ဤအခန်းငယ်များပါအသေးစိတ်အချက်များသည် တဲတော်တည်ဆောက်ပုံ၊ ဘုရားသခင်၏တော်ဝင်စစ်တပ်တဲတော်သည် ဘုရားသခင်၏အစောပိုင်းညွှန်ကြားချက်များနှင့်အညီ မည်သို့ပြည့်စုံကြောင်း သရုပ်ပြသည်။ တဲတော်ပြီးစီးမှုကို တုံ့ပြန်သည့်အနေနှင့် ဤအပိုင်းကို ၄၀:၃၄-၃၈ တွင် ဣသရေလလူမျိုးအပေါ် ဘုရားသခင်ကောင်းချီးပေးခြင်းဖြင့် အဆုံးသတ်သည်။

ဣသရေလအပေါ် ဘုရားသခင်ကောင်းချီးပေးသည့် ဤနောက်ဆုံးမြင်ကွင်းသည် မောရှေ၏အခွင့်အာဏာကို တစ်ဖန်အာရုံစိုက်သည်။ ဘုရားသခင့်တဲတော်၏စည်းမျဉ်းများအားလုံးကို လိုက်နာခြင်းအားဖြင့်မူလပရိသတ်များအနေဖြင့် မောရှေကိုနာခံဖို့ရန် တွန်းအားပေးသည်၊ သို့မှသာ သူတို့သည်လည်း ဘုရားသခင်၏ကောင်းချီးကို ခံစားရမည်ဖြစ်သည်။ ထွက်မြောက်ရာ ၄၀:၃၆-၃၈၊ ကျမ်း၏နောက်ဆုံးအခန်းငယ်များကို နားထောင်ပါ_

> ဣသရေလအမျိုးသားတို့သည် ခရီးသွားလေရာရာတွင်၊ မိုဃ်းတိမ်သည်
> တဲတော်အပေါ်မှ ကွာပြောက်သောအခါ ခရီးသွားကြ၏။ မိုဃ်းတိမ်မကွာ
> မပြောက်လျှင်၊ မကွာမပြောက်မှီနေ့တိုင်အောင်၊ ခရီးမသွားဘဲ နေကြ၏။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ခရီးသွားလေရာရာတွင် ဣသရေလအမျိုးသားအပေါင်းတို့ရှေ့မှောက်၌ ထာဝရဘုရား၏ မိုဃ်းတိမ်သည် နေ့အခါတဲတော်အပေါ်မှာတည်နေ၏။ ညဉ့်အခါ မီးလျှံဖြစ်လျက် တည်နေလေသတည်း (ထွက်မြောက်ရာ ၄၀:၃၆-၃၈)။

ခါနာန်ပြည်သို့ ဣသရေလတို့၏ခရီးစဉ်အကြောင်း ဤဘုန်းအသရေရှိသော အနှစ်ချုပ်နှင့်အတူ မောရှေသည် သူ၏ကျမ်းကို အဆုံးသတ်ခဲ့သည်။ မောရှေ၏ တဲတော်ဆိုင်ရာညွှန်ကြားချက်များကို ပထမမျိုးဆက်များသည်တင်ပြသောကြောင့် ဘုရားသခင်၏မျက်မှောက်တော်တည်ရှိနေမြဲဖြစ်ကြောင်း သူထောက်ပြခဲ့သည်။ ဒုတိယမျိုးဆက်ပရိသတ်များသည် ဘုရားသခင်၏ ကြီးကျယ်ခမ်းနားသော မျက်မှောက်တော်ကို ၎င်းတို့၏မျက်စိဖြင့် မြင်နိုင်သည်။ ကတိတော်ပြည်ကို သိမ်းပိုက်ပြီးသောအခါ သူတို့နှင့်အတူ ဘုရားသခင်၏မျက်မှောက်တော်ကို ဆက်ထိန်းထားရန် မျှော်လင့်ပါက၊ သူတို့သည် မောရှေ၏တဲတော်ဆိုင်ရာညွှန်ကြားချက်များကို လိုက်နာရမည်ဖြစ်သည်— ၎င်းတို့၏မြင့်မြတ်သော ဘုရင်၏ တော်ဝင်စစ်တပ်တဲတော်ဆိုင်ရာ ညွှန်ကြားချက်များဖြစ်သည်။

ယခု ကျွန်ုပ်တို့သည် ကနဦးစဉ်းစားမှုများနှင့် ထွက်မြောက်ရာကျမ်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာအချို့ကို လေ့လာခဲ့ပြီးနောက်၊ တတိယအဓိကအကြောင်းအရာဖြစ်သည့် ဤကျမ်း၏ အဓိကအကြောင်းအရာများကို လေ့လာသင့်ပါသည်။ မူလပရိသတ်များ၏ဘဝအပေါ် သက်ရောက်မှုရှိသော ထွက်မြောက်ရာကျမ်းတွင် အရေးကြီးဆုံးပြဿနာအချို့ကား အဘယ်နည်း။ ယနေ့ ခရစ်တော်၏ နောက်လိုက်များအတွက် ဤအဓိကအကြောင်းအရာများကို မည်သို့ကျင့်သုံးသင့်သနည်း။

# အဓိကအကြောင်းအရာများ

ဤသင်ခန်းစာတစ်လျှောက်တွင်၊ ဣသရေလလူမျိုးအပေါ် မောရှေ၏တည်မြဲသော အခွင့်အာဏာရှိနေခြင်းအကြောင်းကို မီးမောင်းထိုးပြရန် ထွက်မြောက်ရာကျမ်းကို မည်သို့ရေးသားထားကြောင်း ကျွန်ုပ်တို့ ထောက်ပြခဲ့ပါသည်။ ဤအကြောင်းအရာသည် အရေးကြီးသည်မှန်သော်လည်း၊ ၎င်းသည် ကျမ်းတွင် *တစ်ခုတည်းသော* အကြောင်းအရာမဟုတ်ကြောင်း ကျွန်ုပ်တို့ အမြဲသတိရနေရမည် ဖြစ်သည်။ ဤကျမ်းဂန်များသည် မောရှေ၏အခွင့်အာဏာအတွက် ကိစ္စရပ်များကိုတည်ဆောက်နေချိန် တွင်၊ ဤထင်ရှားသော၊ စည်းလုံးညီညွတ်သည့်အကြောင်းအရာနှင့်ပတ်သက်သည့် အခြားပြဿနာများ စွာကို အာရုံစိုက်ခြင်းဖြင့် ယင်းကိုလုပ်ဆောင်ကြသည်။

> ထွက်မြောက်ရာကျမ်းသည် အမှန်တကယ်တွင် မောရှေ၏အခွင့်အာဏာ အကြောင်းသာမက အခြားအကြောင်းအရာများစွာကို ဖော်ပြထားသောကြောင့် ကျွန်ုပ်တို့သည် ၎င်းကိုပုံစံအမျိုးမျိုးဖြင့် အကျဉ်းချုပ်ဖော်ပြနိုင်သည်။ သို့သော် ကျမ်း၏အဓိကအကြောင်းအရာများကို အကျဉ်းချုပ်ဖော်ပြရန် အထောက်အကူ အဖြစ်ဆုံးနည်းဗျူဟာတစ်ခုမှာ ဤကျမ်းသည် ဘုရားသခင်၏နိုင်ငံတော်ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> မည်သို့အလေးပေးသည်ကို လေ့လာရန်ဖြစ်သည်။ ယခု၊ ၎င်းအကြောင်းအရာသည် သမ္မာကျမ်းစာတစ်အုပ်လုံးနှင့်သက်ဆိုင်နေသည့် အကြောင်းအရာဖြစ်ပြီး၊ ၎င်းသည် ဓမ္မသစ်ကျမ်း၏ အထွတ်အထိပ်သို့ပင် ရောက်ရှိသွားသောကြောင့်၊ ဤကျမ်းတွင်လေ့လာရန် ကျွန်ုပ်တို့အတွက် အရေးကြီးသော အကြောင်းအရာ တစ်ခုဖြစ်သည်။ ယခု၊ တစ်ခါတစ်ရံ ခေတ်သစ်ခရစ်ယာန်များသည် ထွက်မြောက်ရာကျမ်း၏ဤအသွင်အပြင်အပေါ် လွဲချော်သွားသော်လည်း၊ ထွက်မြောက်ရာကျမ်းသည် ဣသရေလလူမျိုးများကို သိနာတောင်ပေါ်တွင် သစ္စာရှိသောလူမျိုးအဖြစ် ဘုရားသခင်ဖွဲ့စည်းသည်ကိုလည်းကောင်း၊ ကတိတော်ပြည်၌ တိုင်းနိုင်ငံတစ်ခုဖြစ်လာရန် ပြင်ဆင်ခြင်းနှင့် နောက်ပိုင်းတွင် ကမ္ဘာတစ်ဝှမ်းလုံးသို့ ရောက်ရှိခဲ့ခြင်းကို ဖော်ပြသည်ကို ကျွန်ုပ်တို့အားလုံး သိကြသည်။ ထို့ကြောင့်၊ ကျမ်းထဲတွင် ဘုရားသခင်၏နိုင်ငံတော်အပေါ် ဤအလေးပေးမှုကို ကျွန်ုပ်တို့တွေ့မြင်နိုင်သည်၊ သို့သော် ၎င်းကိုမြင်ရန် အကောင်းဆုံးနည်းလမ်းတစ်ခုမှာ ထွက်မြောက်ရာကျမ်းသည် ဘုရားသခင်ကို မည်ကဲ့သို့ပုံဖော်ထားသည်ကို ကြည့်ရန်ဖြစ်သည်။ ဘုရားသခင်သည် ထွက်မြောက်ရာကျမ်းတွင် အဓိကဇာတ်ကောင်ဖြစ်ပြီး၊ ဘုရားသခင်အကြောင်း ပြောစရာများစွာရှိသော်လည်း၊ ဘုရားသခင်သည် ဣသရေလတို့၏ ရှင်ဘုရင်ဖြစ်ကြောင်း အဓိကအလေးပေးဖော်ပြသည်။

**ဒေါက်တာ Richard L. Pratt, Jr.**

ထွက်မြောက်ရာကျမ်းသည် ဘုရားသခင်အား ရှင်ဘုရင်အဖြစ် *အတိအလင်း* ရည်ညွှန်း ဖော်ပြသော ပထမဆုံးကျမ်းဖြစ်သည်။ ထွက်မြောက်ရာ ၁၅:၁-၁၈ တွင်၊ ဣသရေလလူတို့သည် ခြောက်သွေ့သောမြေတွင်ပင်လယ်နီကိုဖြတ်ကျော်ပြီးနောက် မောရှေနှင့် ဣသရေလလူတို့သည် ထာဝရဘုရားအား သီချင်းဆိုကြသည်။ သီချင်း၏အကြောင်းအရာသည် ထွက်မြောက်ရာပထမနှင့် ဒုတိယမျိုးဆက်များ၏ အတွေ့အကြုံများကို စုစည်းထားသည်။ ၎င်းသည် အီဂျစ်ပြည်မှ ဣသရေလ လူမျိုးများကို ဘုရားသခင်၏ အတိတ်ကယ်နုတ်ခြင်းအပေါ် ဖော်ပြထားပြီး၊ ခါနန်ပြည်ကို သိမ်းပိုက်ခြင်းနှင့် အခြေချခြင်းတွင် ဣသရေလ၏ အနာဂတ်အောင်မြင်မှုကိုလည်း ဖော်ပြထားသည်။ စိတ်ဝင်စားစရာကောင်းသည်မှာ၊ ပင်လယ်တွင် မောရှေ၏နောက်ဆုံးစကားများသည် အီဂျစ်ပြည်မှအတိတ်ကယ်နုတ်ခြင်းနှင့် ဘုရားသခင်၏အုပ်ချုပ်မှုအောက်တွင် ခါနန်ပြည်၌အခြေချနေထိုင်ခြင်းတို့ကို ဖော်ပြသည်။ ထွက်မြောက်ရာ ၁၅:၁၈ မောရှေသည် ဤစကားများဖြင့် ဘုရားသခင်အားချီးမွမ်းခဲ့သည်ကိုနားထောင်ပါ_

> ထာဝရဘုရားသည် ကာလအစဉ်အမြဲစိုးစံတော်မူစေသတည်း (ထွက်မြောက်ရာ ၁၅း၁၈)။

ဤအခန်းငယ်ဖော်ပြသည့်အတိုင်း၊ ထွက်မြောက်ရာမျိုးဆက်နှစ်ခုစလုံးအတွက် ဘုရားသခင်၏ တန်ခိုးကြီးသောလုပ်ဆောင်မှုများသည် "အစဉ်အဆက် စိုးစံသောဣသရေလဘုရင်" အဖြစ် ကိုယ်တော်၏ဘုန်းအသရေကို ပြသသည်။

ဤအချက်အရ၊ မောရှေလက်ထက်တွင် ထွက်မြောက်ရာကျမ်းအထူးပြုသော ဘုရားသခင်၏ ရှင်ဘုရင်ဖြစ်ခြင်းဆိုင်ရာအချက်လေးချက်ကို အသိအမှတ်ပြုခြင်းအားဖြင့် အဓိကအကြောင်းအရာများကို စုစည်းရန် အထောက်အကူဖြစ်လိမ့်မည်။ ဦးစွာ၊ ထွက်မြောက်ရာ ၁:၁–၄:၃၁ တွင် ဣသရေလ၏ ပဋိညာဉ်ကို ထိန်းသိမ်းသူအဖြစ် ဘုရားသခင်ကို လေ့လာပါမည်။ ဒုတိယ၊ ထွက်မြောက်ရာကျမ်း ၅:၁–၁၈:၂၇ တွင် ဣသရေလ၏အောင်ပွဲခံတော်ဝင်စစ်သူရဲအဖြစ် ဘုရားသခင်အား ထွက်မြောက်ရာကျမ်းသည် အထူးဖော်ပြသည်ကို ကျွန်ုပ်တို့ မြင်တွေ့ရမည်ဖြစ်သည်။ ထို့နောက်၊ ထွက်မြောက်ရာ ၁၉:၁–၂၄:၁၁ တွင် တော်ဝင်ပဋိညာဉ်တရားပေးသူအဖြစ် ဘုရားသခင်၏ အကြောင်းအရာကို ကြည့်ပါမည်။ နောက်ဆုံးအနေနှင့်၊ ထွက်မြောက်ရာ ၂၄:၁၂–၄၀:၃၈ တွင် ဣသရေလ၏လက်ရှိစစ်သူရဲအဖြစ် ဘုရားသခင်၏အကြောင်းအရာကို ကျွန်ုပ်တို့လေ့လာပါမည်။ ဘုရားသခင်သည် တော်ဝင်ပဋိညာဉ်ကို ထိန်းသိမ်းသူဖြစ်သည်မှ အစပြု၍ ဤအကြောင်းအရာတစ်ခုစီကို ကြည့်ကြပါစို့။

## ပဋိညာဉ်စောင့်ထိန်းသူ (၁:၁–၄:၃၁)

ဣသရေလ၏တော်ဝင်ပဋိညာဉ်စောင့်သူအဖြစ် ဘုရားသခင်၏ အကြောင်းအရာသည် ထွက်မြောက်ရာကျမ်းတစ်လျှောက်တွင် တွေ့ရသော်လည်း ထွက်မြောက်ရာ ၁:၁–၄:၃၁ တွင် အဓိက အလေးပေးဖော်ပြထားသည်။ ဤအခန်းများသည် မောရှေမမွေးဖွားမီ မောရှေ၏ဣသရေလအပေါ် ခေါင်းဆောင်ဖြစ်လာခြင်းအကြောင်းဖြစ်ရပ်များကို ကြိုတင်၍ဖော်ပြထားသည်။ ဥပမာအားဖြင့် ထွက်မြောက်ရာ ၂:၂၄ ကို နားထောင်ပါ_

> သူတို့ ညည်းတွားမြည်တမ်းခြင်း အသံကို ဘုရားသခင်ကြားတော်မူလျှင်၊ အာဗြဟံ၊ ဣဇာက်၊ ယာကုပ်နှင့် ပြုခဲ့ဘူးသောပဋိညာဉ်ကို အောက်မေ့တော်မူ၏။ (ထွက်မြောက်ရာ ၂:၂၄)။

ဤကျမ်းပိုဒ်သည် အရေးကြီးပါသည်။ အကြောင်းမှာ၊ ဘုရားသခင်သည် သူ့ကိုကြောက်ရွံ့သော သားဖွားဆရာမများကို ကောင်းချီးပေးကြောင်း အတိုချုပ်မှတ်တမ်းမှတပါး၊ ဤသည်မှာ ထွက်မြောက်ရာကျမ်းတွင် ဘုရားသခင်ကို ပထမဆုံးအကြိမ် ဖော်ပြခြင်းဖြစ်သည်။ ထို့ကြောင့်၊ အစကတည်းကပင် ထွက်မြောက်ရာကျမ်းသည် ဘုရားသခင်အား "ပဋိညာဉ်တရားကိုမှတ်ထားသော" တော်ဝင်ပဋိညာဉ်စောင့်ထိန်းသူအဖြစ် ပုံဖော်ခဲ့သည်။

သမ္မာကျမ်းစာတွင် ဘုရားသခင်နှင့် ကိုယ်တော်၏ပဋိညာဉ်များကို ဖော်ပြသည့်အခါတိုင်း၊ သူတို့သည် ဣသရေလ၏ မြင့်မြတ်သောဘုရင်အဖြစ် ကိုယ်တော်ကို သွယ်ဝိုက်၍ဖော်ပြကြသည်။ သမ္မာကျမ်းစာခေတ်ကာလတွင်၊ ရှေးခေတ်အရှေ့ပိုင်းအနီးဒေသရှိ ဘုရင်ကြီးများသည် အခြားလူမျိုးများနှင့် ပဋိညာဉ်ပြုပုံဆင်တူသည့် နည်းလမ်းများဖြင့် ဘုရားသခင်သည် လူတို့နှင့် ပဋိညာဉ်ပြုခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယနေ့တွင်၊ ကျွန်ုပ်တို့သည် ဤနိုင်ငံတကာ သဘောတူစာချုပ်များကို သခင်_အစေခံစာချုပ်များ "suzerain-vassal treaties" ဟုခေါ်သည်။ ဤစာချုပ်များတွင် ကြီးမြတ်သောဘုရင်များ သို့မဟုတ် လက်အောက်ခံ ဘုရင်များသည် ငယ်သောဘုရင်များ သို့မဟုတ် အစေခံများ၊ ၎င်းတို့၏လူမျိုးများနှင့် အတူ ကြီးကျယ်ခမ်းနားသော အစီအစဉ်များကို ချမှတ်ကြသည်။ ဣသရေလတို့၏သစ္စာရှိသော *ပဋိညာဉ်ကိုစောင့်ထိန်းသူ* အဖြစ် ဘုရားသခင်သည်လည်း သူတို့၏မြင့်မြတ်သောဘုရင်ဖြစ်ကြောင်း ဣသရေလတို့နားလည်ကြသည်။ ကိုယ်တော်သည် မောရှေလက်ထက်၌ပြုမူဆောင်ရွက်ခြင်းအားဖြင့် ဣသရေလလူမျိုး၏ဘိုးဘေးတို့နှင့်ပြုခဲ့သောပဋိညာဉ်ကို ပြည့်စုံစေတော်မူသည်။ ထို့ကြောင့်၊ မောရှေနှင့် ဘုရားသခင်၏ပဋိညာဉ်သည် ဣသရေလလူမျိုး၏ဘိုးဘေးများနှင့်ပြုသော ကိုယ်တော်၏ယခင်ပဋိညာဉ် များနှင့် ဆန့်ကျင်ခြင်းမရှိပါ။ ၎င်းအစား၊ ၎င်းတို့အတွက် ပြည့်စုံမှုဖြစ်သည်။ ဘုရားသခင်သည် မောရှေ အား သူ၏နာမတော်ကို ဖော်ပြသည့် ထွက်မြောက်ရာ ၃:၁၄-၁၅ ကို နားထောင်ပါ_

> ဘုရားသခင်ကလည်း၊ ငါဖြစ်သည်အတိုင်း ငါဖြစ်၏ဟူ၍လည်းကောင်း၊ ငါဖြစ် သည်ဟု အမည်ရှိသောသူသည်၊ ငါ့ကိုသင်တို့ရှိရာသို့စေလွှတ်တော်မူပြီဟု သင်တို့ဘိုးဘေးများ၏ဘုရားသခင်၊ အာဗြဟံ၏ဘုရား၊ ဣဇက်၏ဘုရား၊ ယာကုပ်၏ဘုရားတည်းဟူသောထာဝရဘုရားသည် ငါ့ကိုသင်တို့ရှိရာသို့ စေလွှတ်တော်မူပြီ (ထွက်မြောက်ရာ ၃:၁၄-၁၅)။

အီဂျစ်ပြည်ရှိ ဣသရေလလူမျိုးအတွက် ကိုယ်တော်၏အမည်အားအမည်နာမသုံးမျိုးဖြင့် ခွဲခြားသတ်မှတ်ရန် ဘုရားသခင်သည်မောရှေအား မိန့်တော်မူသည်ကိုသတိပြုပါ_ "ငါဖြစ်သည်အတိုင်း ငါဖြစ်၏" "ငါဖြစ်၏" နှင့် "ထာဝရဘုရား"

ဤအမည်များသည် တော်ဝင်ပဋိညာဉ်ထိန်းသိမ်းသူအဖြစ် ဘုရားသခင်နှင့် မည်သို့သက်ဆိုင် သည်ကို နားလည်ရန်၊ အမည်သုံးခုစလုံးသည် တူညီသောဟေဗြဲကြိယာהָיָה (*hayah*)၏ ပြောင်းလဲချက် များဖြစ်သည်ကို နားလည်ရန်လိုသည်။ ဤစကားလုံးကို "to be" ကြိယာပုံစံအချို့ဖြင့် ဘာသာပြန်လေ့ ရှိသည်။ "ငါဖြစ်သည်အတိုင်း ငါဖြစ်၏"ဟုမြင်ရန် လွယ်ကူသည်—သို့မဟုတ် "ငါဖြစ်မည်အတိုင်း ငါဖြစ်မည်"ဟု ဟီးဘရူးဘာသာပြန်ဆိုနိုင်သကဲ့သို့ —အတိုကောက်ပုံစံ၊ "ငါဖြစ်သည်" သို့မဟုတ် "ငါဖြစ်မည်" ဟူသော first-person ကြိယာပုံစံများပါဝင်သည်။ သို့သော် "ထာဝရဘုရား" ဟုပြန်ဆိုထား သောအမည်သည် ရှင်းပြချက်အနည်းငယ်လိုအပ်သည်။

"ထာဝရဘုရား" ဟူသောအသုံးအနှုန်းသည် ဟေဗြဲအက္ခရာလေးလုံးပါသော ဘုရားသခင်၏ နာမတော်"YHWH"ဖြစ်ပြီး၊ မြင့်မြတ်သော tetragrammaton ဟုမကြာခဏဘာသာပြန်ဆိုလေ့ရှိသည်။ မကြာသေးမီတွင် ရှေးဟောင်းသုတေသနတွေ့ရှိချက်များသည် ဤအသုံးအနှုန်းကို "Yahweh" ဟု အသံထွက်သင့်သည်ဟု ညွှန်ပြခဲ့သည်။ ယေဟောဝါအား "ထာဝရဘုရား" ဟု အများအားဖြင့် ဘာသာပြန် ဆိုသည်။ သို့သော် အမှန်တကယ်တွင် ၎င်းသည် ကြိယာ "*hayah*" ၏ third-person ပုံစံဖြစ်ပြီး "သူဖြစ် သည်" သို့မဟုတ် "သူဖြစ်မည်" ဟု ဘာသာပြန်နိုင်သည်။ ဟေဗြဲဘာသာစကား၏ ပြောဆိုအသုံးပြုပုံကို လေ့လာပါက၊ "သူ၏ဖြစ်ခြင်းအကြောင်း" သို့မဟုတ် "သူဖြစ်မည့်အကြောင်း" ဟု အဓိပ္ပာယ်ရသည်။

ဤတူညီသောစာကြောင်းများတစ်လျှောက် "ငါဖြစ်သည်အတိုင်း ငါဖြစ်၏" ကို "ငါဖြစ်ခြင်းသည် ငါ့ကိုဖြစ်စေသည်" ဟုပြန်ဆိုနိုင်သည်။ "ငါဖြစ်သည်"ကို "ငါဖြစ်ခြင်း" ဟု ဘာသာပြန်နိုင်သည်။

ဤအခန်းငယ်များတွင်ရှိသော ထာဝရဘုရား Yahweh ဟူသော နာမတော်သည်မှန်ကန်သည်ဟု ယူဆပါက၊ ဤနာမတော်နှင့် ဆက်စပ်နေသော အမည်များသည် ဘုရားသခင်သည် သူ၏ပဋိညာဉ်ကတိတော်များ ဖြစ်မြောက်စေခဲ့သည်ဟူသောအချက်ကို တိုက်ရိုက်ညွှန်ပြသည်။ တစ်နည်းဆိုရသော်၊ သူသည် ဣသရေလလူမျိုး၏ဘိုးဘေးများနှင့် ပဋိညာဉ်ကတိတော်များကို ပြည့်စုံစေရန် သယ်ဆောင်လာခြင်းဖြင့် စောင့်ရှောက်နေခြင်းဖြစ်သည်။

ဘုရားသခင်သည် မိမိ၏ပဋိညာဉ်ကတိတော်များကို သစ္စာရှိစွာ ဖြည့်ဆည်းပေးကြောင်း မောရှေ အနေဖြင့်အဘယ်ကြောင့် အလေးပေးဖော်ပြသည်ကို မြင်တွေ့ရန် မခဲယဉ်းပါ။ ကမ္ဘာဦး ၁၅:၁၄ တွင်၊ ဘုရားသခင်သည် ဣသရေလလူမျိုးကို တိုင်းတစ်ပါးလက်ဆင်းရဲဒုက္ခထဲမှ ကယ်နှုတ်မည်ဟု ကတိပြုထားသည်။ သူတို့၏ခေတ်တွင် ဘုရားသခင်သည် ဤကတိတော်ကို ဖြည့်ဆည်းပေးသည်ကို မောရှေ၏ ပရိသတ်များသိဖို့လိုသည်။ သူတို့၏အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့တွင် ကောင်းချီးမင်္ဂလာတိုင်းသည် ဘုရားသခင်သည် သူတို့၏ဘိုးဘေးများနှင့်ပြုသော ပဋိညာဉ်ကိုစောင့်ထိန်းခြင်း၏ရလဒ်ဖြစ်သည်ကို မြင်ရန် လိုအပ်သည်။

များသောအားဖြင့်၊ ခရစ်တော်၏နောက်လိုက်များအတွက် အလားတူပင်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်တို့တွင်လည်း ဣသရေလဘိုးဘေးများနှင့် ဖွဲ့ထားသည့် ပဋိညာဉ်များကို စောင့်ရှောက်သည်။ လုကာ ၁:၆၈-၇၃ တွင် အာဗြဟံနှင့် ဘုရားသခင့်ပဋိညာဉ်၏ နောက်ဆုံး ပြည့်စုံမှုသည် ခရစ်တော်၏နိုင်ငံတော်စတင်တည်ထောင်ချိန်၊ သူ၏ပထမဆုံးပေါ်ထွန်းခြင်းတွင် စတင်သည်ဟု သွန်သင်သည်။ ထို့ပြင်၊ ဂလာတိ ၃:၁၅-၁၈ တွင် ခရစ်တော်၏နိုင်ငံတော် ဆက်လက်တည်တံ့နေချိန်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အာဗြဟံအားပြုခဲ့သော ကိုယ်တော်၏ကတိတော်များကို ဆက်၍ကိုးစားရမည်ဟုဆိုသည်။ ထို့ပြင်၊ ရောမ ၄:၁၃ တွင် ခရစ်တော်၏နိုင်ငံတော်ပြည့်စုံချိန်တွင်၊ ခရစ်တော်၌ကျွန်ုပ်တို့ရရှိမည့် ထာဝရဘုန်းအသရေသည် ဣသရေလလူမျိုး၏ဘိုးဘေးများအတွက် ဘုရားသခင်၏ကတိတော်အတိုင်း ပြည့်စုံလိမ့်မည်ဖြစ်ကြောင်း သွန်သင်ထားသည်။

ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိကြ၏။ ခရစ်တော်သည် အာဗြဟံ၏ပဋိညာဉ်ဆိုင်ရာအမွေခံဖြစ်သည်။ ဘုရားသခင်သည် အာဗြဟံနှင့် သူ၏ပဋိညာဉ်ကို စောင့်ထိန်းရန် ပျက်ကွက်မည်မဟုတ်ပါ။ ကျွန်ုပ်တို့၏အချိန်ကာလနှင့် အလားတူကျင့်သုံးမှုများသည် ဘုရားသခင်အား ဣသရေလ၏ပဋိညာဉ်စောင့်ထိန်းသောဘုရင်အဖြစ် ဖော်ပြသောထွက်မြောက်ရာကျမ်းပိုဒ်တိုင်းမှ စီးဆင်းနေပါသည်။

> ထွက်မြောက်ရာကျမ်းသည် ဘုရားသခင်သည် မိမိပဋိညာဉ်အပေါ်
> အမြဲသစ္စာရှိကြောင်း သက်သေပြသည်။ အကြောင်းမှာ
> ဣသရေလအမျိုးသားတို့သည် မောရှေကို ပုန်ကန်၍
> ရွေးယခင်သူတို့၌ပြုတော်မူသော ဘုရားသခင်ကို မထီမဲ့မြင်ပြုသောအခါ၌ပင်၊
> ဘုရားသခင်သည် သူတို့ကို ကယ်နှုတ်မည်ဟူသောကတိတော်များကို
> စောင့်ရှောက်တော်မူသည်။ ဘုရားသခင်သည် သူတို့၏ပုန်ကန်မှုကြောင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> စွန့်ပစ်မည်မဟုတ်၊ သူတို့အား ကယ်တင်ရန် သူချမှတ်ထားသည့်ပန်းတိုင်ကို အရောက်လှမ်းမည်ဖြစ်သည်။ ထို့ပြင် ဘုရားသခင်သည်ကျွန်ုပ်တို့အားလုံး သူ့ထံသို့ပိုနီးကပ်လာရန်ချမှတ်ထားသည့် ပန်းတိုင်ဖြစ်သည်။ ဘုရားသခင်ထံမှ ကျွန်ုပ်တို့ အကွာအဝေးမည်မျှ လျှောက်လှမ်းသွားသော်လည်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုယ်တော်နှင့် ပိုမိုနီးကပ်စေရန် ကြိုးစားပြီး စောင့်ထိန်းတော်မူပါသည်။ ကျွန်ုပ်တို့မည်မျှပင် ကွဲကြေနေသော်လည်း၊ သူသည်ကျွန်ုပ်တို့ကို ပြုပြင်ပေးနိုင်ဖို့နှင့် ကျွန်ုပ်တို့ကို အိမ်ပြန်နိုင်စေဖို့အတွက် သူနှင့်ပိုနီးကပ်စေခဲ့သည်။ ထို့ကြောင့် ထွက်မြောက်ရာကျမ်းသည် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ခေါ်သောအသက်တာ၏ ရောင်ပြန်ဟပ်မှုတစ်ခုဖြစ်သည်။ ကယ်တင်ရန်အတွက် သူရှိနေသည်။ အမှန်တကယ်၊ ထွက်မြောက်ရာကျမ်းသည် ကယ်တင်သောကျမ်းဖြစ်သည်။ လူတို့သည်ကျရှုံးကာ သူတို့ကိုကယ်တင်ရန်လိုသည်၊ ကျွန်ုပ်တို့ နေ့တိုင်းပြုနေကြသည်။ ဘုရားသခင်သည် ၎င်းကိုလုပ်ဆောင်တော်မူသည်။ ကျေးဇူးတော်နှင့်ဝေးရာသို့ ကျွန်ုပ်တို့ပြေးသွားသည့်တိုင် ကျွန်ုပ်တို့အားကိုယ်တော်နှင့် ပိုမိုနီးကပ်စေရန် ကိုယ်တော်သည် အထူးကျွမ်းကျင်ပါသည်။
>
> **— Rev. Dr. Cyprian K. Guchienda**

ဣသရေလ၏တော်ဝင်ပဋိညာဉ်ကို ထိန်းသိမ်းသူအဖြစ် ဘုရားသခင်၏အဓိကအကြောင်းအရာ အပြင်၊ ထွက်မြောက်ရာ ၅:၁–၁၈:၂၇ တွင် ဣသရေလ၏အောင်ပွဲခံတော်ဝင်စစ်သူရဲအဖြစ် ဘုရားသခင်ကို ကျွန်ုပ်တို့သတိပြုသင့်သည်။

## အောင်ပွဲခံစစ်သူရဲ (၅:၁-၁၈:၂၇)

မောရှေခေတ်၏ အဓိကအင်ပါယာတိုင်းရှိ ရှေးဟောင်းသုတေသနရှာဖွေတွေ့ရှိမှုများသည် စစ်ပွဲတွင် နတ်ဘုရားနှင့် လူသားဘုရင်တို့၏ဆက်နွယ်ခြင်းသည် အောင်ပွဲခံခြင်းနှင့်မည်မျှသက်ဆိုင်ကြောင်းပြသသည်။ ထို့ကြောင့်၊ ဣသရေလ၏အောင်ပွဲခံစစ်သူရဲအဖြစ် ဘုရားသခင်အား အနည်းငယ်ရည်ညွှန်းခြင်းသည်ပင်၊ သူသည်လည်း ဣသရေလ၏အောင်ပွဲခံဘုရင်ဖြစ်ကြောင်း ညွှန်ပြနေပါသည်။

မောရှေအီဂျစ်ပြည်တွင်ရှိစဉ် ဘုရားသခင်သည်ဣသရေလ၏အောင်ပွဲခံ တော်ဝင်စစ်သူရဲဖြစ်ခြင်းကို ကျွန်ုပ်တို့ ဦးစွာလေ့လာကြမည်။ မောရှေနှင့် ဣသရေလလူတို့သည် အီဂျစ်ပြည်မှသိနာသို့ ချီတက်ခြင်းတွင် ဤအကြောင်းအရာကိုကြည့်ပါမည်။ အီဂျစ်၌မောရှေရှိစဉ်ဖြင့် စကြပါစို့။

## အီဂျစ်၌

ဤအခင်းအကျင်းသည် ထွက်မြောက်ရာကျမ်းတစ်လျှောက်တွင် တွေ့နိုင်သော်လည်း အထူးသဖြင့် ၅:၁–၁၃:၁၆ တွင် ဣသရေလ၏ကယ်နုတ်ခြင်းကာလအတွင်း ၎င်းကို ကျွန်ုပ်တို့ တွေ့မြင်နိုင်သည်။ အီဂျစ်ပြည်အပေါ် ဘုရားသခင်၏ အံ့ဖွယ်တရားစီရင်ချက်များသည် မောရှေ၏ အခွင့်အာဏာကို သက်သေပြရုံသာမက၊ ဣသရေလ၏ တော်ဝင်စစ်သူရဲအဖြစ် ဘုရားသခင်၏ အောင်ပွဲကိုလည်း ပြသခဲ့သည်။

ထွက်မြောက်ရာကျမ်း ၁၂:၁၂ တွင်၊ ဘုရားသခင်သည် သူ၏အကြီးမြတ်ဆုံးသောတရားစီရင်ခြင်း ဖြစ်သည့် ပသခါတရားစီရင်ခြင်း၏ အရေးပါမှုကို ဤနည်းဖြင့် အကျဉ်းချုပ်ဖော်ပြသည်_

> ယနေ့ညဉ့်တွင် အဲဂုတ္တုပြည်ကို ငါသည် ထုတ်ချင်းခပ်သွား၍၊ အဲဂုတ္တုပြည်၌ရှိသော လူတို့၏ သားဦးများနှင့် တိရစ္ဆာန်တို့၏ သားဦးများအပေါင်းတို့ကို ဒဏ်ခတ်၍၊ အဲဂုတ္တုပြည်၏ ဘုရားတို့ကို တရားစီရင်မည်။ ငါသည် ထာဝရဘုရားဖြစ်၏ (ထွက်မြောက်ရာ ၁၂:၁၂)။

ဤကျမ်းပိုဒ်တွင် ဘုရားသခင်သည် "ငါသည် ထာဝရဘုရားဖြစ်၏" သို့မဟုတ် "ငါသည် [ယေဟောဝါ]ဖြစ်၏" ဟု ကြေငြာထားသည်ကို သတိပြုပါ။ ဤတွင်၊ ဘုရားသခင်သည် ပဋိညာဉ်ကို ပြည့်စုံစေခြင်းဖြင့် မိမိ၏ပဋိညာဉ်ကို သတိရသူအဖြစ် မိမိကိုယ်ကို ဖော်ထုတ်ခဲ့သည်။ ဣသရေလ၏ အောင်ပွဲခံတော်ဝင်စစ်သူရဲအဖြစ် သူသည် "လူနှင့်တိရစ္ဆာန်တို့၏သားဦးအပေါင်းတို့ကို ဒဏ်ခတ်" လိမ့်မည်။ တစ်နည်းဆိုရသော်၊ သူတို့သည် သူတို့ကိုယ်သူတို့ ကိုယ်တော်နှင့်ရန်သူဖြစ်စေခဲ့သောကြောင့် အီဂျစ်လူမျိုးများနှင့် ၎င်းတို့၏လူ့အဖွဲ့အစည်းကို ဖျက်ဆီးပစ်တော့မည်ဖြစ်သည်။ ဤလူသားကို အလေးပေးဖော်ပြမှုနှင့်အတူ၊ ဘုရားသခင်သည် "အီဂျစ်ပြည်၏နတ်ဘုရားအားလုံးအပေါ် တရားစီရင်" တော်မူမည်။ အီဂျစ်တို့ ကိုးကွယ်သောနတ်ဆိုးများ၊ ဘုရားအတုအယောင်များကို အနိုင်ယူမည်။

ဖာရောနှင့် အီဂျစ်လူတို့အပေါ် ယေဟောဝါ၏ အံ့ဖွယ်တရားစီရင်ချက်များတွင် ဤနှစ်ထပ် စီရင်မှုကို ကျွန်ုပ်တို့တွေ့မြင်နိုင်သည်။ အားလုံးမဟုတ်လျှင်လည်း၊ ဤတရားစီရင်ချက်များထဲမှ အများစုသည် အီဂျစ်ပြည်၏မှားယွင်းသောဘုရားတစ်ဆူ သို့မဟုတ် တစ်ခုထက်ပိုသောဘုရားများအပေါ် အောင်ပွဲခံသည်။ ဥပမာအားဖြင့်၊ အာရုန်၏တောင်ဝှေးသည် မြွေဖြစ်လာပြီး ဖာရောဘုရင်မှော်ဆရာများ၏မြွေများကို မျိုချလိုက်သောအခါ၊ ၎င်းသည် ဖာရောဘုရင်အပေါ် အောင်ပွဲတစ်ခုမျှသာ မဟုတ်ပါ။ ဖာရောဘုရင်၏သရဖူကို အလှဆင်သည့်မြွေဟောက်သင်္ကေတဖြစ်သော နတ်တန်ခိုးကို အောင်ပွဲခံခြင်း ဖြစ်သည်။ ဘုရားသခင်သည် နိုင်းမြစ်ကို သွေးအဖြစ်ပြောင်းလဲသောအခါ၊ ငါးသင်္ကေတဖြစ်သော Khnum နှင့် Hatmehyt မိကျောင်းပုံစံ Hapi၊ Sepek ကဲ့သို့ နိုင်းမြစ်နှင့်ဆက်စပ်နေသော အီဂျစ်နတ်ဘုရားများနှင့် နတ်သမီးများအပေါ်တွင် ကိုယ်တော်၏တန်ခိုးကို ပြသခဲ့သည်။ ဖားများဘေးဒဏ်သည် ဖားခေါင်းနှင့်လူသားအဖြစ် ပုံဖော်ထားသည့် အီဂျစ်နတ်ဘုရားမ Hekhet အပေါ် ဘုရားသခင်၏တန်ခိုးကို ပြသသည်။ အီဂျစ်နတ်ဘုရားများသည် ခြင်ကောင်များ၏ဘေးဒဏ်နှင့် လုံးဝဆက်စပ်မှုမရှိပါ။ သို့သော် ပညာရှင်တို့သည် မြေကြီး၏နတ်ဘုရားဖြစ်သော Geb ကို များစွာအကြံပြုကြသည်။

ဤကပ်ရောဂါသည် အီဂျစ်ယဇ်ပုရောဟိတ်များနှင့် မှော်ဆရာများကို အရှက်ရစေနိုင်သည်။ ယင်ရဲများ၏ ကပ်ဘေးသည် ပျံပိုးများအဖြစ် မကြာခဏ ကိုယ်စားပြုခံရသော Khepre နတ်ဘုရားအပေါ် ဦးတည်ပေမည်။ တိရစ္ဆာန်များသေဆုံးခြင်းသည် နွားအဖြစ်ပုံဖော်ထားသော Apis, Buchis, Mnevis, Ptah နှင့် Re စသည့်နတ်ဘုရားအမျိုးအမျိုးနှင့် နတ်ဘုရားများ၏မိဖုရား Isis နှင့် အလှနတ်သမီး Hathor တို့အပေါ် ဘုရားသခင်၏တန်ခိုးတော်ကိုပြသခြင်းဖြစ်သည်။ ထိုနတ်ဘုရားမနှစ်ပါးကို နွားအဖြစ် ပုံဖော်ထားသည်။ အနာအကျိတ်ရောဂါသည် ရောဂါနှင့် ပျောက်ကင်းခြင်းနှင့် ဆက်စပ်နေသောနတ်ဘုရား Sekhmet နှင့် Imhotep တို့အပေါ် ဘုရားသခင်၏ တန်ခိုးပြသမှုတစ်ခု ဖြစ်နိုင်သည်။ မိုးသီးတရားစီရင်ချက်သည် ကောင်းကင်နတ်ဘုရားမနှင့် ကောင်းကင်ကို ကိုင်ထားသည့်နတ်ဘုရား Nut အပေါ် ဘုရားသခင်၏ တန်ခိုးကို ပြသသည်။ ကျိုင်းကောင်တို့သည် ပိုးမွှားများရန်မှ ကာကွယ်သောနတ်ဘုရား Senehem ကို ဆန့်ကျင်ပြသည်။ အမှောင်ထုစီရင်ခြင်းသည် ကြီးမြတ်သောနေနတ်ဘုရား Re သို့မဟုတ် Amon-Re အပေါ်၌ ထာဝရဘုရား၏တန်ခိုးတော်ကို ပြသခဲ့သည်။ ထို့နောက် ကပ်ရောဂါ၏နိဂုံးချုပ်သည့် သားဦးသေဆုံးခြင်းသည် မျိုးပွားခြင်းနှင့်ဆက်စပ်နေသော နတ်ဘုရား Min နှင့် Isis ကို ရန်စခြင်းပင်ဖြစ်သည်။ ဤအချက်များဖော်ပြသည့်အတိုင်း အီဂျစ်ပြည်ရှိ ဘုရားသခင်၏ အံ့ဖွယ်တရားစီရင်ချက်များသည် သူ၏ ရုပ်ပိုင်းဆိုင်ရာရန်သူများကိုအောင်ပွဲခံရုံသာမက၊ သူ၏ဝိညာဉ်ရေးရန်သူများ၊ စာတန်၏စွမ်းအားများကိုပါ အောင်ပွဲခံကြောင်းသက်သေပြခဲ့သည်။

မောရှေ အီဂျစ်ပြည်တွင်ရှိစဉ် ဣသရေလ၏ အောင်ပွဲခံတော်ဝင်စစ်သူရဲအဖြစ် ဘုရားသခင်၏ အကြောင်းအရာကို ကျွန်ုပ်တို့ မြင်တွေ့ခဲ့ပြီးဖြစ်သည်။ သို့သော် မောရှေနှင့် ဣသရေလလူတို့သည် ထွက်မြောက်ရာ ၁၃:၁၇–၁၈:၂၇ တွင် သိနာသို့ သွားသောအခါတွင် ဘုရားသခင်သည် လူသားနှင့် ဝိညာဉ်ရေးရန်သူများအပေါ် အောင်ပွဲခံနေဟန်ရှိသည်။

## ချီတက်ခြင်း (၁၃း၁၇-၁၈း၂၇)၊

သိနာတောင်သို့သွားရာလမ်းတွင် ဣသရေလစစ်တပ်ကို ခက်ခဲသောအချိန်အခါတွင် ဦးဆောင်ခဲ့သောအချက်သည် ကိုယ်တော်ကို ဣသရေလ၏တော်ဝင်စစ်သူရဲအဖြစ်ဖော်ပြသည်။ သို့သော် ထွက်မြောက် ရာကျမ်း၏ဤအသွင်အပြင်ကို သရုပ်ဖော်ရန် အကောင်းဆုံးနည်းလမ်းမှာ ပင်လယ်နီတွင်သီဆိုသော မောရှေ၏သီချင်းကို တစ်ဖန်ပြန်လေ့လာရန်ဖြစ်သည်။ မောရှေသီဆိုခဲ့သော ထွက်မြောက်ရာ ၁၅:၃-၄ ကို နားထောင်ပါ_

> ထာဝရဘုရားသည် စစ်သူရဲဖြစ်တော်မူ၏။ ထာဝရဘုရားတည်းဟူသော နာမတော်ရှိတော်မူ၏။ ဖာရောဘုရင်၏ရထားနှင့် ဗိုလ်ခြေတို့ကို ပင်လယ်ထဲသို့ လှဲချတော်မူပြီ (ထွက်မြောက်ရာ ၁၅:၃-၄)။

ဤနေရာတွင် မောရှေသည် ထာဝရဘုရားအား "စစ်သူရဲ" အဖြစ် အတိအလင်းဖော်ပြခဲ့ပြီး "[ယေဟောဝါ] သည် သူ၏နာမတော်ဖြစ်သည်" ဟု ထပ်ခါတလဲလဲ ပြောဆိုခဲ့သည်။ စစ်သူရဲတစ်ဦးအဖြစ် ဘုရားသခင်၏နာမတော်နှင့် ဘုရားသခင်ကြား နီးကပ်စွာဆက်နွယ်မှုသည် ဓမ္မဟောင်းအသုံးအနှုန်းဖြစ်သည့် "ဗိုလ်ခြေအရှင်သခင်" သို့မဟုတ် "ဗိုလ်ခြေအရှင်ထာဝရဘုရား" ၏နောက်ခံကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖြစ်ပေါ်စေခဲ့သည်။ သူ၏အမည်ဖော်ပြသည့်အတိုင်း၊ ဘုရားသခင်တော်ဝင်စစ်သူရဲသည် ကောင်းကင်ဗိုလ်ခြေအရှင် သို့မဟုတ် စစ်တပ်များကိုဖြစ်စေပြီး ရန်သူများကို အနိုင်ယူတော်မူသည်။ ဤအခြေအနေတွင်၊ သူသည် "ဖာရောဘုရင်၏ရထားများနှင့် သူ၏စစ်တပ်များ" ကို "ပင်လယ်ထဲသို့လှဲချ" ခြင်းဖြင့် အောင်နိုင်ခဲ့သည်။ ထို့နောက်၊ ထွက်မြောက်ရာ ၁၅:၁၁ တွင်၊ မောရှေသည် ဘုရားသခင်၏ဝိညာဉ်ရေးအောင်ပွဲဘက်ကိုလည်း ဖော်ထုတ်ခဲ့သည်_

> အို ထာဝရဘုရား၊ ဘုရားများတို့တွင် အဘယ်မည်သော ဘုရားသည် ကိုယ်တော်နှင့်တူပါသနည်း။ သန့်ရှင်းခြင်းအားဖြင့် ဘုန်းကြီးတော်မူထသော၊ ချီးမွမ်းခြင်းကို ခံစဉ်တွင်၊ ကြောက်မက်ဘွယ် ဖြစ်တော်မူထသော၊ အံ့ဘွယ်သောအမှုတို့ကို ပြုတော်မူသော၊ ကိုယ်တော်နှင့် အဘယ်ဘုရား တူပါသနည်း။ (ထွက်မြောက်ရာ ၁၅:၁၁)။

ဘုရားသခင်၏အောင်ပွဲသည် အီဂျစ်လူသားစစ်တပ်အပေါ် သူ၏တန်ခိုးကိုပြသရုံသာမက အီဂျစ်၏အတုအယောင်နတ်ဘုရားအားလုံးအပေါ်လည်း သူ၏အောင်ပွဲကို ပြသခဲ့သည်။

> ဘုရားသခင်သည် အောင်ပွဲခံသောစစ်သူရဲဖြစ်သည် ဟူသည်မှာ အဘယ်နည်း။ မှန်ပါသည်၊ ရှေးကာလတွင် ဘုရားသခင်သည် ဖန်ဆင်းခြင်း၏အရှင်ဖြစ်ပြီး စစ်မှန်သောဘုရင်ဖြစ်ကြောင်း အခြေခံအားဖြင့်ဆိုလိုသည်ကို၊ ထွက်မြောက်ရာကျမ်း ၁၅ တွင် ကျွန်ုပ်တို့တွေ့မြင်ရပြီးဖြစ်သည်။ ၁၅:၁၁ တွင် ဤချီးမွမ်းခြင်း၌ ကြီးစွာသောမေးခွန်းကို မေးသည်_ "ကိုယ်တော်နှင့် အဘယ်ဘုရား တူပါသနည်း။" အဖြေသည် မည်သူမျှမရှိပါ။ မည်သူမျှမရှိပါ၊ အထူးသဖြင့် ဘုရားသခင်နှင့်တူသော အခြားနတ်ဘုရားများ သို့မဟုတ် နတ်ဘုရားမများ မရှိပါ။ ထို့ကြောင့် ဤသည်မှာ၊ ဘုရားသခင်သည် အောင်နိုင်သူစစ်သူရဲဖြစ်ကြောင်း ကျွန်ုပ်တို့ပြောသောအခါ၊ ၎င်းသည် ဘုရားသခင်၏ဘွဲ့တော်အတွက် ပြိုင်ဆိုင်နေကြသော အခြားနတ်ဘုရားရာနှင့်ချီရှိခဲ့သည့်အခြေအနေတွင် တန်ခိုးကြီးသောဖော်ပြချက်တစ်ခုဖြစ်သည်။ အခြေခံအားဖြင့်၊ သမ္မာကျမ်းစာပြသည့်အရာသည် အမှန်တကယ် လိမ္မာနူးညံ့သိမ်မွေ့သည်။ "ကိုယ်တော်နှင့် အဘယ်ဘုရား တူပါသနည်း။" ဟူသောမေးခွန်းကို မေးသည်။ အဖြေသည် မည်သူမျှမရှိပါ။ ဆိုလိုရင်းမှာ- အခြားဘုရားများရှိလိမ့်မည်ဟု သင်ထင်နိုင်သော်လည်း နောက်ဆုံးတွင်၊ ဘုရားသခင်ဟူသော ဘွဲ့အမည်နှင့် ထိုက်တန်သူ တစ်ဦးတည်းသာရှိပြီး ၎င်းမှာ ထာဝရဘုရားဖြစ်သည်။ ထို့နောက် ထွက်မြောက်ရာကျမ်း ၁၅ တွင် "ထာဝရဘုရားသည် ကာလအစဉ်အဆက် စိုးစံလိမ့်မည်" နှင့် အဆုံးသတ်ထားသည်။ ထို့ပြင် ၎င်းသည်ကျွန်ုပ်တို့အတွက် တိုက်ပွဲဝင်စေလိုသော သူရဲကောင်းမျိုးဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**ဒေါက်တာ Brian D. Russell**

ထွက်မြောက်ရာကျမ်းသည် ဖာရောဘုရင်နှင့် သူ၏မိစ္ဆာဘုရားများအပေါ် ယေဟောဝါ၏ အောင်ပွဲအကြောင်း ဒုတိယမျိုးဆက်ပရိသတ်အား ယုံကြည်စိတ်ချစေရန်အလေးပေးဖော်ပြခဲ့သည်။ ဘုရားသခင်သည် *သူတို့၏* ရုပ်ပိုင်းဆိုင်ရာနှင့် ဝိညာဉ်ရေးရာရန်သူများကိုလည်း အနိုင်ယူနိုင်ခဲ့သည်။ ရှေးအတိတ်တွင် သူတို့၏ဘိုးဘေးများအတွက် ဘုရားသခင်သည် မည်သို့တိုက်ခိုက်ပေးခဲ့သည်ကို သင်ယူခဲ့ကြသည်။ ဤနည်းအားဖြင့်၊ ခါနာန်ပြည်ကို တိုက်ခိုက်သိမ်းပိုက်စဉ်အနာဂတ်တွင် ၎င်းတို့အား အောင်နိုင်ခြင်းကိုပေးမည့်ပုံကိုလည်း သင်ယူခဲ့ကြသည်။

အလားတူပင်၊ ခရစ်ယာန်များသည် ထွက်မြောက်ရာကျမ်းတွင် ဘုရားသခင်၏ ကြီးမြတ်သော အောင်ပွဲအကြောင်း သင်ယူသကဲ့သို့၊ ဓမ္မသစ်ကျမ်းတွင် ခရစ်တော်၏အောင်ပွဲအကြောင်း သွန်သင်ထား သည်များကို ကျွန်ုပ်တို့သည်ဆင်ခြင်သုံးသပ်နိုင်ပါသည်။ မဿဲ ၁၂:၂၈ နှင့် ၂၉၊ ယောဟန် ၁၂:၃၁ နှင့် ကောလောသဲ ၂:၁၅ တွင် ခရစ်တော်သည် သူ၏နိုင်ငံတော်ကို စတင်တည်ထောင်ခဲ့ချိန်တွင် ကျွန်ုပ်တို့၏ မြင့်မြတ်သော တော်ဝင်စစ်သူရဲအဖြစ်ဆောင်ရွက်ခဲ့ကြောင်း ဓမ္မသစ်ကျမ်းသည် သွန်သင်ထားသည်။ သို့သော် ယေရှုသည် စာတန်နှင့် လောက၏မိစ္ဆာဘုရားများကို အနိုင်ယူစဉ်တွင်၊ ကိုယ်တော်ထံ အရှုံးပေး ဝန်ခံတိုးဝင်သူအားလုံးကို ဘုရားသခင်နှင့်ပြန်လည်သင့်မြတ်ခြင်းနှင့် ခွင့်လွှတ်ခြင်းကို မေတ္တာကရုဏာ ဖြင့် ကမ်းလှမ်းခဲ့သည်။

ထို့အပြင်၊ ၁ ကောရိန္သု ၁၅:၂၅၊ ဟေဗြဲ ၁:၃ နှင့် ၁ ပေတရု ၃:၂၂ တွင်၊ ယေရှုသည် သူ၏နိုင်ငံတော် ဆက်လက်တည်တံ့နေချိန်အတွင်း ကျွန်ုပ်တို့၏ တော်ဝင်အောင်ပွဲခံစစ်သူရဲဖြစ်ကြောင်း သိရှိရသည်။ အသင်းတော်သမိုင်းတစ်လျှောက်တွင် ကျွန်ုပ်တို့သည် လောကရှိ စာတန်နှင့် အခြားနတ်ဆိုးများကို အနိုင်ယူရန် ခရစ်တော်၏ဗျူဟာကို အတုယူရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုယုံကြည်ခြင်း အားဖြင့် ခွင့်လွှတ်ခြင်းနှင့် ပြန်လည်သင့်မြတ်ခြင်းတို့ကို ဆက်လက်ကမ်းလှမ်းရမည်ဖြစ်သည်။

နောက်ဆုံးတွင်၊ ၂သက်သာလောနိတ် ၁:၆ နှင့် ၇၊ ဟေဗြဲ ၁၀:၂၇၊ နှင့် ၂ ပေတရု ၃:၇ တွင်၊ သူ၏ နိုင်ငံတော်ပြည့်စုံသောအခါ ခရစ်တော်သည် မြင့်မြတ်သောတော်ဝင်စစ်သူရဲအဖြစ် တစ်ဖန်ပြန်လည် ကြွလာလိမ့်မည်ကို တွေ့ရှိရသည်။ သို့သော် သူပြန်လာချိန်တွင် ခရစ်တော်၏ကရုဏာတော်ဖြင့် ပြန်လည်သင့်မြတ်ခြင်းကမ်းလှမ်းမှု ပြီးဆုံးမည်ဖြစ်သည်။ ခရစ်တော်ထံသို့လာရန် ငြင်းဆိုသူများသည် စာတန်နှင့် သူ၏ လက်အောက်ခံများ၏ကံကြမ္မာနည်းတူ ခံစားကြရမည်ဖြစ်သည်—ဘုရားသခင်၏ ထာဝရတရားစီရင်ခြင်းဖြစ်သည်။

ဣသရေလ၏ တော်ဝင်ပဋိညာဉ်စောင့်ထိန်းသူနှင့် အောင်ပွဲခံတော်ဝင်စစ်သူရဲအဖြစ် ဘုရားသခင် ၏အဓိကအကြောင်းအရာများကို ကြည့်ရှုပြီးနောက်၊ ထွက်မြောက်ရာကျမ်း၏ တတိယအဓိက အကြောင်းအရာကို ကျွန်ုပ်တို့ဆက်၍လေ့လာသင့်သည်_ ဘုရားသခင်သည် ထွက်မြောက်ရာ ၁၉:၁– ၂၄:၁၁ တွင် ဣသရေလ၏ တော်ဝင်ပဋိညာဉ်တရားပေးသူဖြစ်သည်။

# ပဋိညာဉ်တရားပေးသူ (၁၉:၁–၂၄:၁၁)

အစောပိုင်းတွင် ကျွန်ုပ်တို့မြင်ခဲ့သည့်အတိုင်း၊ ဤအခန်းငယ်များသည် မောရှေ၏အခွင့်အာဏာနှင့် ဣသရေလလူမျိုး၏ပဋိညာဉ်တရားတော်ကို အာရုံစိုက်စေသည်။ ရှေးခေတ်အရှေ့ပိုင်းအနီးဒေသရှိ၊ လူသားများနှင့် နတ်ဘုရင်များတို့သည် သူတို့ပေးခဲ့သော ပညတ်တရားများမှတစ်ဆင့် သူတို့၏ဉာဏ်ပညာကို ထုတ်ဖော်ပြသခဲ့သည်ဟု ယုံကြည်ခဲ့ကြသည်။ ထို့ကြောင့်၊ ဘုရားသခင်သည် ၎င်းတို့၏တော်ဝင်ပဋိညာဉ်တရားပေးသူဖြစ်သည်ဟုဆိုခြင်းသည် ထွက်မြောက်ရာကျမ်း၏မူလပရိသတ်ကို အံ့အားသင့်စေမည်မဟုတ်ပါ။ သို့သော်၊ မောရှေသည် ဤအကြောင်းအရာကို မည်သို့အလေးပေးဖော်ပြသည်ကို ကျွန်ုပ်တို့သိရှိနားလည်ရန်၊ ထွက်မြောက်ရာကျမ်းတွင် ဘုရားသခင်သည်သူ၏ပညတ်ကို *အဘယ်ကြောင့်* ပေးခဲ့သည်ကိုလေ့လာရန် အထောက်အကူဖြစ်ပါလိမ့်မည်။

ပရိုတက်စတင့်၏ အဓိကအစဉ်အလာအားလုံးသည် ပညတ်တရား၏အဓိကအသုံးပြုမှုသုံးရပ်ကို ပြောဆိုကြသည်။ ပထမအချက်မှာ “*usus pedagogicus*” ဟု မကြာခဏ ခေါ်ဝေါ်လေ့ရှိသည့် ပညတ်တရား၏သင်ကြားပြသမှုဆိုင်ရာ အသုံးပြုမှုဖြစ်သည်။ ဂလာတိ ၃:၂၃-၂၆၊ ရောမ ၃:၂၀၊ နှင့် ရောမ ၅:၂၀၊ ၂၁ တွင်ဘုရားသခင်သည် အပြစ်ကိုလှုံ့ဆော်ရန်နှင့် ဖော်ထုတ်ရန် ပညတ်တရားကို အသုံးပြုကြောင်း သွန်သင်ထားသည်။ ဤနည်းအားဖြင့်၊ လူသားများသည် ကယ်တင်ခြင်းအတွက် ခရစ်တော်ထံ တွန်းပို့ခံရသည်။ ဒုတိယ၊ ပရိုတက်စတင့်များသည် တစ်ခါတစ်ရံတွင် “*usus civilus*” ဟု ခေါ်ဝေါ်ကြသည့် ပြည်သူ့ရေးရာ သို့မဟုတ် နိုင်ငံရေးအရ ပညတ်တရားအားအသုံးပြုမှုကို ရည်ညွှန်းသည်။ ဤအသုံးပြုမှုတွင်၊ ပညတ်တရားသည် လူ့အဖွဲ့အစည်းအတွင်း အပြစ်ကို ဘုရားသခင်၏ပြစ်ဒဏ်ခတ်ခြိမ်းခြောက်မှုဖြင့် တားမြစ်ထားသည်။ သို့သော်၊ ယေဘုယျအားဖြင့်ဤအမြင်များသည် သမ္မာကျမ်းစာ၏သွန်သင်ချက်များနှင့်ကိုက်ညီသော်လည်း၊ ထွက်မြောက်ရာကျမ်းသည် “ပညတ်တရားအား တတိယ အသုံးပြုခြင်း” ဟု ခေါ်သည့်အရာကို အလေးပေးဖော်ပြသည်။ ၎င်းကို တစ်ခါတစ်ရံတွင် “*usus normativus*”၊ စံနှုန်းအသုံးပြုမှု သို့မဟုတ် “*usus didacticus*” မှတ်သားဖွယ်အသုံးပြုမှုဟု ရည်ညွှန်းသည်။ ဤအခြေအနေတွင်၊ ဘုရားသခင်သည် သူ၏ကျေးဇူးတော်အောက်တွင်ရှိပြီးသားသူများအတွက် စံနှုန်း သို့မဟုတ် ညွှန်ကြားချက်ဖြစ်သည်။ ထို့ကြောင့်၊ ထွက်မြောက်ရာကျမ်းတွင် ဘုရားသခင်သည် သူ၏လူ့ဣသရေလလူမျိုးအား အဓိကအားဖြင့်သူ၏ကောင်းချီးများဆီသို့ လမ်းညွှန်ရန် ပညတ်တရားကိုပေးခဲ့သည်။

ဤအကြောင်းအရာသည် ထွက်မြောက်ရာကျမ်းတွင် နေရာများစွာတွင် တွေ့ရသည်။ သို့သော် ၁၉:၁–၂၄:၁၁ တွင် အထူးသဖြင့် ထင်ရှားသည်၊ ဣသရေလနှင့်ဘုရားသခင်၏ပဋိညာဉ် စတင်ခြင်းမှအစပြုပြီး ပဋိညာဉ်ကိုအတည်ပြုခြင်းမှတဆင့်ဆက်လက်လုပ်ဆောင်နေခြင်းဖြစ်သည်။ ဘုရားသခင်သည် ဣသရေလလူတို့ကို မိန့်တော်မူသော ထွက်မြောက်ရာ ၁၉:၄ ကို နားထောင်ပါ_

> ငါသည် အဲဂုတ္တုလူတို့၌ ပြုသော အကြောင်း၊ သင်တို့ကို ရွှေလင်းတအတောင်ဖြင့် ထမ်း၍ ကိုယ်ဘို့ သိမ်းယူသောအကြောင်းကို သင်တို့သည် သိမြင်ရကြပြီ (ထွက်မြောက် ၁၉း၄)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဣသရေလလူတို့သည် ပညတ်တရားကို မခံယူခင်ကပင် ဘုရားသခင်၏ကျေးဇူးတော်ကို ခံစားဖူးကြပြီးဖြစ်သည်ကို ဤနေရာတွင် မြင်ရသည်။ ထို့နောက် အခန်းငယ် ၅ နှင့် ၆ တွင်၊ ဘုရားသခင်သည် ဣသရေလလူမျိုး၏ပညတ်တရားကို နာခံမှုနှင့် သစ္စာစောင့်သိခြင်း၏ အကျိုးကျေးဇူးများဆိုင်ရာ တောင်းဆိုချက်အကြောင်း ဖြစ်သည်။ ကိုယ်တော်က_

> ထို့ကြောင့် ယခုတွင် သင်တို့သည် ငါ့စကားကို နားထောင်၍ ငါ့ပဋိညာဉ်ကို စောင့်ရှောက်ကြလျှင် အခြားသော လူမျိုးတကာတို့ထက် သင်တို့သည် ငါပိုင်ထိုက်သော ဘဏ္ဍာတော် ဖြစ်ရကြလိမ့်မည်။ မြေကြီးရှိသမျှသည် ငါ၏ဥစ္စာဖြစ်၏။ သင်တို့သည်လည်း မင်းစည်းစိမ်ရှိသောယဇ်ပုရောဟိတ်မျိုး၊ သန့်ရှင်းသောလူမျိုး ဖြစ်ရကြလိမ့်မည် (ထွက်မြောက် ၁၉း၅-၆)။

ဘုရားသခင်၏ကျေးဇူးတော်ကို ခံယူပြီးသော ဣသရေလလူမျိုးများသည် ကိုယ်တော်၏ တရားကိုနာခံပါက သူ၏ "ဘဏ္ဍာတော်" "ယဇ်ပုရောဟိတ်မျိုးနှင့် သန့်ရှင်းသောလူမျိုး" ဖြစ်လာမည် ဖြစ်သည်။ ရှင်းလင်းသည်မှာ၊ ဣသရေလလူမျိုးများကယ်တင်ခြင်းရရှိစေရန်အတွက် ဘုရားသခင်၏ ပညတ်တရားကို ပေးထားခြင်းမဟုတ်ပါ။ သူ၏လူများကိုကရုဏာပြပြီးသည့်နောက်တွင် ပညတ်တရားအား ဆုလက်ဆောင်အဖြစ်ပေးခြင်းဖြစ်သည်။

ထွက်မြောက်ရာ ၂၀:၁-၁၇ တွင် အလားတူပုံစံတစ်ခု တွေ့ရသည်။ ၂၀:၂ တွင်၊ ဘုရားသခင်သည် ဣသရေလလူမျိုးအပေါ် သူ၏ကြင်နာမှုကို ဖော်ပြခြင်းဖြင့် ပညတ်တော်ဆယ်ပါးကို အစပြုခဲ့သည်မှာ_

> ငါသည် သင့်ကို ကျွန်ခံနေရာ အဲဂုတ္တုပြည်မှ ကယ်နှုတ်ဆောင်ယူခဲ့ပြီးသော သင်၏ ဘုရားသခင် ဖြစ်၏ (ထွက်မြောက် ၂၀း၂)။

တစ်ဖန်၊ ဘုရားသခင်၏ကရုဏာတော်သည် ဣသရေလလူမျိုး၌ သူ၏ပညတ်တရားရှေ့တွင် ရှိကြောင်း ကျွန်ုပ်တို့တွေ့မြင်ရသည်။ ဘုရားသခင်သည် ဣသရေလလူမျိုးအား ပညတ်တော်ဆယ်ပါးကို ပေးတော်မူပြီးသည့်တိုင်အောင် ဤကြေငြာချက်မပြီးသေးပါ။ ထို့အပြင်၊ ပညတ်တော်ဆယ်ပါး၏ အရေအတွက်ကို အတိအလင်းဖော်ပြထားသည်နှင့်အမျှ၊ ဣသရေလများသည် ပညတ်တရားကို နာခံခြင်းဖြင့် ကောင်းချီးများရရှိမည်ဖြစ်သည်။

> ဘုရားသခင်၏တရားတော်သည် အကျဉ်းချုပ်ဖြစ်ပြီး ကျေးဇူးတော်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်ဟု လူအချို့ထင်နိုင်သော်လည်း၊ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်ပေးထားသည့် ပညတ်တရားကို လေ့လာကြည့်သောအခါ၊ တရားကိုပေးခြင်းသည် ဘုရားသခင်အတွက် ကြင်နာသောအမှုအရာဖြစ်ကြောင်း သူလုပ်ဆောင်ခဲ့ပုံကိုကြည့်လျှင် ကျွန်ုပ်တို့ သိမြင်နိုင်သည်။ ။ အဲဂုတ္တုပြည်၌ ကျွန်ခံခြင်းမှ ရွေးနှုတ်တော်မူပြီးနောက် ဘုရားသခင်သည် မိမိလူမျိုးအား ပညတ်တရားကို ပေးခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်ရခြင်းဖြစ်သည်။ သူတို့ကိုယ်စားအစွမ်းတန်ခိုးဖြင့် ကြားဝင်ဆောင်ရွက်ပေးခြင်းဖြင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သူတို့ကိုခေါ်ဆောင်ခဲ့ပြီး တောထဲသို့ပို့ဆောင်ခဲ့သည်၊ သူတို့ကို သနားကြင်နာကာသူတို့၏ကြီးမြတ်သောဘုရင်ဖြစ်သော ဘုရားသခင်၏အုပ်ချုပ်မှုအောက်တွင် မည်သို့နေထိုင်ရမည်ဟူသော ကိုယ်တော်၏အစီအစဉ်ကို ဖော်ပြသည်။ ထို့ကြောင့်၊ ပညတ်တရားသည် ဘုရားသခင်အနေဖြင့် မိမိလူတို့ကို ရွေးနှုတ်နိုင်စေခြင်းအလို့ငှာထိန်းသိမ်းရန် ဘုရားသခင်တောင်းဆိုသည့်အရာမဟုတ်ပါ။ ၎င်းအစား၊ ဘုရားသခင်သည် သူတို့ကို အဲဂုတ္တုပြည်မှ ရွေးနှုတ် *ပြီးနောက်* ပညတ်တရားပေးခဲ့ပြီး သူ၏လူများကို ဘုရားသခင်၏ကြီးမြတ်သောဘုရင်အဖြစ် အုပ်စိုးမှုအောက်တွင် မည်သို့အသက်ရှင်ရမည့်နည်းလမ်းနှင့် ရွေးနှုတ်သောလူမျိုးအဖြစ် အချင်းချင်းကြားတွင် မည်သို့နေထိုင်ရမည်ကို ပြသခဲ့သည်။ ထို့ကြောင့်၊ ပညတ်တရားအကြောင်းဓမ္မဟောင်းကျမ်းတွင် သင်ဖတ်ရှုသည့်အခါတိုင်း၊ ဘုရားသခင်သည် သူ၏လူတို့အား သနားကြင်နာမှုကရုဏာကို ပေးအပ်ထားပြီးဖြစ်သည်။
>
> **ဒေါက်တာ Brandon D. Crowe**

ပဋိညာဉ်ကိုအတည်ပြုချိန်တွင်လည်း ဘုရားသခင်သည်ဤပုံစံကို ပြသခဲ့သည်။ ထွက်မြောက်ရာ ၂၄:၁ နှင့် ၂ တွင်၊ သိနာတောင်ပေါ်သို့ တက်လာရန် ဣသရေလခေါင်းဆောင်များကို ကြင်နာစွာ ဖိတ်ကြားခဲ့သည်။ အခန်းငယ် ၃-၈ တွင်၊ လူတို့သည် တရားတော်ကို နာခံရန် ကတိပြုခဲ့ကြသည်။ အခန်းငယ် ၉-၁၁ တွင်၊ ဣသရေလခေါင်းဆောင်များသည် ဘုရားသခင်၏ငြိမ်သက်ခြင်းကောင်းချီးမင်္ဂလာကိုခံစားခဲ့ကြပြီး ဘုရားသခင်ကို အမှန်တကယ်မြင်ခဲ့ကြသည်။

မူလပရိသတ်အတွက်၊ ဤအချက်သည် အတိတ်၌ ဘုရားသခင့်ပညတ်တော်၏ နူးညံ့သိမ်မွေ့ပြီး အကျိုးရှိသောစရိုက်လက္ခဏာအပေါ် အလေးပေးဖော်ပြခြင်းသည် သူတို့၏အချိန်ကာလတွင် ဘုရားသခင်၏ပညတ်တော်ကို လိုက်နာရန်လိုအပ်ကြောင်း သတိပေးခဲ့သည်။ ပညတ်တရားသည် ၎င်းတို့၏လက်ရှိအခြေအနေများနှင့် အနာဂတ်အတွက်လည်း ဘုရားသခင်ထံမှ ဆုလက်ဆောင်ဖြစ်သည်။

ခရစ်တော်၏နောက်လိုက်များအနေနှင့်ကျွန်ုပ်တို့သည်၊ ထွက်မြောက်ရာကျမ်းတွင် ဣသရေလ လူတို့အား ဘုရားသခင်၏အမိန့်တော်များကို မြင်ရတိုင်း၊ ၎င်းတို့ကို ခရစ်တော်၌ ကျွန်ုပ်တို့အတွက် ဘုရားသခင်၏ကျေးဇူးတော်နှင့် အကျိုးရှိသောလက်ဆောင်အဖြစ် ရှုမြင်ရမည်ဖြစ်သည်။

ယခု၊ သူ၏နိုင်ငံတော်စတင်တည်ထောင်ချိန်၌၊ ယေရှု၊ တမန်တော်များနှင့် ပရောဖက်တို့သည် မောရှေ၏ပညတ်ကို ကျွန်ုပ်တို့ခေတ်နှင့်အညီကျင့်သုံးနိုင်ရန် အသင်းတော်အား ဖွင့်လှစ်ဖော်ပြမှုအသစ်များပေးခဲ့ကြောင်း ကျွန်ုပ်တို့သိကြသည်။ သို့သော် မဿဲ ၅:၁၇၊ ရောမ ၈:၄ နှင့် ဟေဗြဲ ၈:၁၀ တွင် ယေရှုနှင့် သူ၏နောက်လိုက်များသည် မောရှေ၏ပညတ်တော်၏အခွင့်အာဏာကို မလျှော့နည်းစေကြကြောင်း ထင်ရှားသည်။ နိုင်ငံတော်တည်ဆဲကာလတွင်လည်း အလားတူပင်ဖြစ်သည်။ ယနေ့တွင်၊ ခရစ်တော်ကြွလာခြင်းမရှိသကဲ့သို့ ဘုရားသခင်၏ပညတ်တရားကိုနာခံရန် ကျွန်ုပ်တို့သည်ကြိုးစားရန်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မလိုပါ။ သို့သော် ခရစ်တော်၌ဘုရားသခင်၏နောက်ထပ် ဖွင့်လှစ်ဖော်ပြမှုအလင်းဖြင့် ယနေ့ကျွန်ုပ်တို့ ၎င်းကိုကျင့်သုံးရမည်ဖြစ်သည်။ ကျွန်ုပ်တို့သိသည်အတိုင်း၊ ခရစ်တော်သည် သူ၏နိုင်ငံတော် ပြည့်စုံချိန်တွင် ပြန်လည်ကြွလာသောအခါ၊ သူ၏လူတို့သည် အပြည့်အဝ သန့်ရှင်းခြင်းသို့ ရောက်ကြလိမ့်မည်။ ထို့နောက် ဖန်ဆင်းခြင်းအသစ်တွင် ကျွန်ုပ်တို့၏စိတ်နှလုံးပေါ်တွင် ရေးထားသော ဘုရားသခင်၏ ပြီးပြည့်စုံသောတရားတော်ကို နာခံပါမည်။

ကျွန်ုပ်တို့သည် ဣသရေလ၏တော်ဝင်ပဋိညာဉ်စောင့်ထိန်းသူ၊ အောင်ပွဲခံတော်ဝင်စစ်သူရဲအဖြစ်၊ တော်ဝင်ပဋိညာဉ်တရားပေးသူအဖြစ် ဘုရားသခင်ကိုဖော်ပြခြင်းဖြင့် ထွက်မြောက်ရာကျမ်းရှိ အဓိက အကြောင်းအရာများကို လေ့လာခဲ့ကြပါသည်။ နောက်ဆုံးတွင်၊ ထွက်မြောက်ရာ ၂၄:၁၂–၄၀:၃၈ တွင် ဣသရေလလူမျိုး၏ပစ္စုပ္ပန်စစ်သူရဲအဖြစ် ဘုရားသခင်၏ အကြောင်းအရာကို ကြည့်ကြပါစို့။

## ပစ္စုပ္ပန်စစ်သူရဲ (၂၄:၁၂–၄၀:၃၈)၊

> ထွက်မြောက်ရာကျမ်းသည် ဣသရေလလူမျိုးကို အုပ်စိုးသော ထာဝရဘုရား၏အုပ်စိုးခြင်းနှင့်ပတ်သက်၍ အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့်အချက်ကို ဖော်ပြထားသည်။ ဓမ္မဟောင်းကျမ်းကို လေ့လာသောအခါ လူတို့သည် ဣသရေလ၏ပထမဆုံးသောဘုရင်ကို ရှောလုအဖြစ် ထင်မြင်ကြပြီး၊ သူသည် မြေကြီးပေါ် ရှိ ပထမဆုံးသောဘုရင်ဖြစ်ကြောင်း ပြောဆိုကြသည်။ သို့သော် ထွက်မြောက်ရာ ၁၉:၅ နှင့် ၆ ကိုဖတ်သောအခါ၊ ဣသရေလသည် "ယဇ်ပုရောဟိတ်မျိုး" ဖြစ်ကြောင်း ပြောဆိုသည်။ အမှန်တကယ်ပင်၊ ရှင်ဘုရင်မရှိဘဲနိုင်ငံတစ်ခု မရှိနိုင်သောကြောင့်၊ ထွက်မြောက်ရာ ၁၉:၅-၆ ၏ရှုထောင့်သည် ဣသရေလနိုင်ငံ၏ပထမဆုံးသောဘုရင်သည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်။ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်သည် ခရစ်တော်၌ လူ့ဇာတိခံယူခြင်းမဟုတ်သော်လည်း၊ သူသည် နေ့အချိန်၌ မိုးတိမ်များနှင့် ညအချိန်၌ မီးတိုင်များမှတစ်ဆင့် ဘုရင်အဖြစ်နှင့် ခရစ်တော်၌သူ၏ဘုရင်အဖြစ်ကို မြင်နိုင်စေသည်။ တဲတော်သည် "ကျွန်ုပ်တို့နှင့်အတူရှိသောဘုရားသခင်" မောနွေလ၏သင်္ကေတဖြစ်လာသည်။ ထို့ကြောင့်၊ ခရစ်တော်အားဖြင့် သူ၏ကိုယ်ပိုင်အုပ်စိုးခြင်းနှင့် ဘုရင်ဖြစ်ခြင်းကို ဣသရေလအားပြသသည့် ဤဖော်ပြချက်များနှင့် သင်္ကေတများတွင် ဘုရားသခင်၏ဘုရင်အဖြစ်ကို မြင်နိုင်သည်။

**ဒေါက်တာ Don Collett**

ထွက်မြောက်ရာ ၂၄:၁၂–၄၀:၃၈ တွင် ဘုရားသခင်၏ ရှင်ဘုရင်အဖြစ်တည်ရှိခြင်း၏အကြောင်းအရာကို ကျွန်ုပ်တို့ အရှင်းလင်းဆုံးမြင်ရသည်။ ဤထွက်မြောက်ရာကျမ်း၏ စတုတ္ထမြောက်အဓိက



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အပိုင်းသည် မောရှေ၏အခွင့်အာဏာနှင့် ဣသရေလ၏တဲတော်ကို အထူးပြုထားသည်။ ဤအခန်းများတွင် ဘုရားသခင်သည် မောရှေအား တဲတော်ဆိုင်ရာလမ်းညွှန်ထားပုံ၊ သိနာတောင်ခြေတွင် ဣသရေလကျရှုံးပုံနှင့် တဲတော်ဆောက်လုပ်မှုတွင် ဣသရေလကို မောရှေဦးဆောင်ခဲ့ပုံတို့ကို ကြိုတင်၍မိန့်တော်မူထားသည်။ ဤဖြစ်ရပ်တစ်ခုစီသည် သူ၏လူများနှင့်အတူ ဘုရားသခင်၏မျက်မှောက်တော်တည်ရှိခြင်းကို အလေးပေးဖော်ပြသည်။ ထွက်မြောက်ရာ ၃၃:၁၄ တွင် ဘုရားသခင်သည် မောရှေအား အာမခံခဲ့သည်_

> ငါကိုယ်တိုင်သွား၍ ငြိမ်ဝပ်ခြင်းချမ်းသာကိုပေးမည်ဟု မိန့်တော်မူ၏
> (ထွက်မြောက်ရာ ၃၃:၁၄)။

ဤအခန်းငယ်ရှိ "ငါကိုယ်တိုင်" ဟူသောအသုံးအနှုန်းသည် ဟေဗြဲနာမ် **פָּנִים**(*panim*) ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပြီး အများအားဖြင့် "မျက်နှာတော်" ဟုပြန်ဆိုထားသည်။ ထွက်မြောက်ရာကျမ်းနှင့် အခြားနေရာများရှိ ကျမ်းပိုဒ်များစွာတွင်၊ ဘုရားသခင်၏ "မျက်နှာတော်" သည် ကိုယ်တော်၏လူများအား အထူး၊ အလွန်ကြီးမားသော၊ ဂရုပြုမှုနှင့် မကြာခဏ မျက်မြင်တွေ့ရခြင်းကို ဆိုလိုသည်။

ဘုရားသခင်သည် နေရာတိုင်းတွင်တည်ရှိသော်လည်း သမ္မာကျမ်းစာတစ်လျှောက်လုံးတွင် ကိုယ်တော်သည် မိမိ၏လူမျိုးအတွက် အထူးနည်းလမ်းများဖြင့် မိမိကိုယ်ကို ဖော်ပြလေ့ရှိသည်။ ထွက်မြောက်ရာကျမ်း၏ ဤအပိုင်းတွင်၊ ဘုရားသခင်၏ မျက်မှောက်တော်သည် အနီးနားနှင့် တဲတော်အတွင်း၌ တည်ရှိနေပါသည်။ ဤသင်ခန်းစာ၏အစောပိုင်းတွင်ဖော်ပြထားသည့်အတိုင်း၊ တဲတော်သည် ဘုရားကျောင်း သို့မဟုတ် ဣသရေလတို့၏ ဝတ်ပြုကိုးကွယ်မှုကျင်းပရာနေရာထက် များစွာပိုပါသည်။ တဲတော်သည် ဘုရားသခင်၏ တော်ဝင်စစ်တဲဖြစ်သောကြောင့် ဣသရေလတို့သည် ဘုရားသခင်ကို ကိုးကွယ်ကြသည်။ ရှေးကာလလူသားရှင်ဘုရင်များသည် ၎င်းတို့၏စစ်တပ်များကို စစ်တိုက်ရာတွင် ဦးဆောင်ရန် တော်ဝင်စစ်တဲများတွင် နေထိုင်ခဲ့ကြသကဲ့သို့၊ ဘုရားသခင်သည် ခါနာန်ပြည်ကိုသိမ်းပိုက်ရန် ဣသရေလစစ်တပ်ကိုဦးဆောင်ရန် သူ၏တဲတော်တွင် တည်နေခဲ့သည်။

ယခု ထွက်မြောက်ရာ ၃၂:၁–၃၄:၃၅ တွင်၊ သူ၏လူများနှင့်အတူ ဘုရားသခင့်မျက်မှောက်တော်တည်ရှိခြင်းသည် ပြင်းထန်စွာ ခြိမ်းခြောက်ခံရသည်။ ဤအပိုင်းတွင်၊ သိနာတောင်တွင် ဣသရေလ၏ကျရှုံးမှုနှင့် အသစ်ပြန်လည်ဆန်းသစ်မှုအကြောင်း ကျွန်ုပ်တို့ လေ့လာနိုင်သည်။ သိနာတွင် ဣသရေလလူတို့သည် ရွှေနွားရုပ်ကို ကိုးကွယ်နေကြသည်ကို ဘုရားသခင်သည်မြင်သောအခါ မောရှေမှလွဲ၍ လူမျိုးတစ်ခုလုံးကို ဖျက်ဆီးပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ သို့သော် မောရှေ၏ဆုတောင်းချက်ကြောင့် ဘုရားသခင်သည် နောင်တရပြီး အပြစ်ပြုသူများကိုသာ အပြစ်ပေးခဲ့သည်။ သို့တိုင်၊ သူတို့သည်ရှေ့ဆက်သည်နှင့်အမျှ ဘုရားသခင်သည် သူ၏လူများ၌သူ၏မျက်မှောက်တော်တည်ရှိမှုကို ဖယ်ရှားပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။ သို့သော် ဘုရင်မင်းကြီးဖြစ်သောဘုရား၏မျက်မှောက်တော်မပါဘဲ ရှေ့သို့ချီတက်ရန် စိတ်ကူးသည် မတွေးဝံ့စရာပင်ဖြစ်သည်။ ဘုရားသခင်အား မောရှေပြောခဲ့သော ထွက်မြောက်ရာ ၃၃:၁၅-၁၆ ကို နားထောင်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> တဖန်မောရှေက၊ ကိုယ်တော်တိုင်မသွားလျှင် အကျွန်ုပ်တို့ကိုဤအရပ်မှ ပို့တော်မမူပါနှင့်။ အကျွန်ုပ်နှင့် ကိုယ်တော်၏လူတို့သည် ရှေ့တော်၌ မျက်နှာရသောအကြောင်းသည် အဘယ်သို့ထင်ရှားပါမည်နည်း။ အကျွန်ုပ်တို့နှင့် ကြွသွားတော်မူသောအားဖြင့်သာ ထင်ရှားပါမည်မဟုတ်လော။ ထိုသို့ အကျွန်ုပ်နှင့်ကိုယ်တော်၏လူတို့သည် မြေကြီးပေါ်မှာရှိသမျှသောလူတို့နှင့် ခြားနားရပါမည်ဟု လျှောက်ဆိုလျှင် (ထွက်မြောက်ရာ ၃၃:၁၅-၁၆)။

"ကိုယ်တော်တိုင်မသွားလျှင်" ဣသရေလလူတို့ကိုစေလွှတ်ခြင်းမပြုရန် ဤနေရာတွင် မောရှေသည် ဘုရားသခင်ထံတောင်းဆိုခဲ့သည်ကို သတိပြုပါ။ သူသည် သူတို့အကြားတွင် အရာအားလုံးမှန်ကန်ကြောင်း အာမခံချက်ရှာခဲ့သည်။ "မြေကြီးပေါ်မှာရှိသမျှသောလူတို့" ဟူသည်မှာ သူတို့ကို ခွဲခြားထားသောအရာဖြစ်သော ၎င်းတို့နှင့်အတူဘုရားသခင်၏မျက်မှောက်တော်ရှိနေခြင်းကို ဖယ်ရှားခြင်းမပြုရန် ဘုရားသခင်ထံတောင်းဆိုခဲ့သည်။ ထွက်မြောက်ရာ ၃၃:၁၇ တွင် ဘုရားသခင်သည် ဤနည်းဖြင့် တုံ့ပြန်ခဲ့သည်_

> ထာဝရဘုရားက၊ သင်လျှောက်သည်အတိုင်း ငါပြုမည်။ သင်သည် ငါ့ရှေ့၌မျက်နှာရပြီ။ သင့်ကိုသင်၏နာမဖြင့် ငါသိ၏ဟု မောရှေအားမိန့်တော်မူ၏ (ထွက်မြောက်ရာ ၃၃:၁၇)။

ကျမ်း၏နောက်ဆုံးအခန်းငယ်ဖြစ်သော ထွက်မြောက်ရာ ၄၀:၃၈ သည် တဲတော်၌ဣသရေလလူမျိုးနှင့်အတူ ဘုရားသခင်၏မျက်မှောက်တော်တည်ရှိခြင်းကို မီးမောင်းထိုးပြသည်မှာ အံ့သြစရာမဟုတ်ပါ_

> ခရီးသွားလေရာရာတွင် ဣသရေလအမျိုးသားအပေါင်းတို့ရှေ့မှောက်၌ ထာဝရဘုရား၏ မိုဃ်းတိမ်သည် နေ့အခါ တဲတော်အပေါ်မှာ တည်နေ၏။ ညဉ့်အခါ မီးလျှံဖြစ်လျက် တည်နေလေသတည်း (ထွက်မြောက်ရာ ၄၀:၃၈)။

> ဘုရားသခင်သည် သူ၏လူများနှင့်အတူ ရှိနေသည်။ ကိုယ်တော်၏ မျက်မှောက်တော်သည် ချုံပုတ်ထဲတွင် မောရှေနှင့်အတူ ရှိနေသည်။ ကိုယ်တော်၏မျက်မှောက်တော်သည် သူ၏လူများတွင်မီးတိုင်နှင့် တိမ်တိုက်ဖြင့် တည်ရှိနေကာ၊ ညဘက်တွင် မီးနှင့် နေ့ဘက်တွင် တိမ်တိုက်ဖြင့် လမ်းပြသည်။ ထို့နောက် ကျွန်ုပ်တို့သည် ကျမ်း၏နောက်ဆုံးအခန်းများကို လေ့လာသောအခါ၊ လျစ်လျူရှုခံရလေ့ရှိသော ကျမ်း၏အစိတ်အပိုင်းများဖြစ်သော ဘုရားသခင်သည် သူတို့ကို တဲတော်တစ်ခုပေးထားသည်။ ဤတဲတော်အတွင်း၌ ဘုရားသခင်၏ မျက်မှောက်တော်တည်ရှိခြင်းကိုပံ့ဆောင်သောအားဖြင့် ပဋိညာဉ်သေတ္တာကို သူတို့အားပေးတော်မူသည်။ ဤအရာနှင့်ပတ်သက်ပြီး ကျွန်ုပ်နှစ်သက်သော အရာမှာ ဘုရားသခင်သည် သူ၏လူများနှင့်အတူရှိလိုသော ဘုရားသခင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဖြစ်တော်မူကြောင်းကို တွေ့မြင်ရခြင်းဖြစ်ပြီး၊ ယောဟန် ၁ တွင် ကျွန်ုပ်တို့ ကြုံတွေ့ရသောအရာများကို ကောင်းစွာကြိုတင်အရိပ်ပြဖော်ပြသည်မှာ_
>
> နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကို ခံယူ၍၊ သူ၏လူများတို့တွင်တည်နေတော်မူသည်ဖြစ်၍၊ (ယောဟန် ၁း၁၄၊ စကားပြေ)။
>
> ဓမ္မဟောင်းတွင် ဘုရားသခင်သည် သူ၏လူများနှင့် အတူရှိလိုပြီး၊ နောက်ဆုံးတွင် ဘုရားသခင်သည် သူ၏သားတော်ယေရှုအား ဓမ္မသစ်တွင် သူ၏လူများနှင့် အတူရှိရန် စေလွှတ်ခဲ့သည်။
>
> **ဒေါက်တာ David T. Lamb**

ဓမ္မသစ်ကျမ်းသည် ခရစ်တော်၏နိုင်ငံတော် အဆင့်သုံးဆင့်စလုံးရှိ ခရစ်တော်၏နောက်လိုက်များအား ဘုရား၏အထူးရှင်ဘုရင်ဖြစ်ခြင်း၏ အဓိကအကြောင်းအရာကို ကျင့်သုံးသည်။ မဿဲ ၁၈:၂၀ နှင့် ယောဟန် ၂:၁၉-၂၁ တွင် သူ၏နိုင်ငံတော် စတင်တည်ထောင်ချိန်၌၊ ခရစ်တော်ကိုယ်တော်တိုင်သည် သူ၏လူများနှင့်အတူ သဘာဝလွန်တည်ရှိနေခဲ့ကြောင်း ရှင်းပြထားသည်။ အမှန်တကယ်၊ ယောဟန် ၁:၁၄ သည် ဣသရေလလူမျိုး၏တဲတော်နှင့် ယေရှု၏ပထမဆုံးပေါ်ထွန်းခြင်းကြားတွင် ထင်ရှားစွာ ချိတ်ဆက်ထားသည်။ ဤကျမ်းပိုဒ်ကို နားထောင်ပါ_

> နှုတ်ကပတ်တော်သည်လည်း လူဇာတိအဖြစ်ကို ခံယူ၍၊ ကျေးဇူးတော်နှင့်၎င်း၊ သစ္စာတော်နှင့်၎င်း ပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူသည်ဖြစ်၍၊ ခမည်းတော်၌တပါးတည်းသောသားတော်၏ ဘုန်းကဲ့သို့ သူ၏ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ (ယောဟန် ၁:၁၄)။

"ငါတို့တွင်တည်နေတော်မူသည်" ဟူသောအသုံးအနှုန်းသည် ဂရိဝေါဟာရ σκηνόω (*skénoó*) မှဆင်းသက်လာသည်။ ဂရိဓမ္မဟောင်း Septuagint သည် တဲတော်အတွင်း ဘုရားသခင်၏မျက်မှောက်တော်တည်ရှိခြင်းအတွက် ထွက်မြောက်ရာကျမ်းတွင် ဖော်ပြသည့် ဟေဗြဲကြိယာ **שָׁכַן**(*shâkan*) အတွက် အလားတူအသုံးအနှုန်းကို အသုံးပြုခဲ့သည်။ ထို့ကြောင့်၊ ဤကျမ်းပိုဒ်သည် ခရစ်တော်၏ လူ့ဇာတိခံယူခြင်းသည် ဘုရားသခင်သည်သူ၏လူများနှင့်အတူရှိကာ သူတို့ကိုအောင်မြင်ခြင်းသို့ ပို့ဆောင်ပေးသည်ဟု ဖော်ပြသည်။

ထို့အပြင်၊ တမန်တော် ၂:၁၇ နှင့် ရောမ ၅:၅ တွင်သခင်ယေရှု ကောင်းကင်ဘုံသို့ တက်ကြွသောအခါ ခရစ်တော်၏နောက်လိုက်များအပေါ်၌ သူ၏ဝိညာဉ်တော်ကို သွန်းလောင်းကြောင်း ဖော်ပြသည်။ ထို့ကြောင့်၊ ခရစ်တော်၏နိုင်ငံတော် ဆက်လက်တည်တံ့နေချိန်တစ်လျှောက်လုံး၊ သန့်ရှင်းသောဝိညာဉ်တော်သည် ကိုယ်တော်၏အသင်းတော်၌ ကျိန်းဝပ်တော်မူသည်။ ဘုရားသခင်သည် တဲတော်အား သူ၏မျက်မှောက်တော်ဖြင့် ပြည့်စေသည်နှင့်အမျှ၊ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ဘုရားသခင်၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လမ်းညွှန်မှုနှင့် အောင်မြင်မှုများကို နေ့စဉ်ပြုလုပ်ရန် အာမခံချက်ပေးသော သူ၏အထူး၊ ကြီးမားသော တည်ရှိမှုဖြင့် သူ၏လူတို့ကို ပြည့်ဝစေပါသည်။

အမှန်ပင်၊ ဗျာဒိတ် ၂၁:၃ ကဲ့သို့သော ဓမ္မသစ်ကျမ်းပိုဒ်များသည် ခရစ်တော်၏လူ့ဇာတိခံယူခြင်းနှင့် ယခု ဝိညာဉ်တော်ရောက်ရှိနေခြင်းသည် ဖန်ဆင်းခြင်းအသစ်တွင် ဘုရားသခင်၏ တော်ဝင်တည်ရှိခြင်း၏ အံ့သြဖွယ်ရာများကို ကြိုမြင်နေကြောင်းကိုသွန်သင်ပါသည်။ ခရစ်တော်သည် သူ၏နိုင်ငံတော် ပြည့်စုံချိန်တွင် ပြန်လည်ကြွဆင်းလာသောအခါ၊ အရာခပ်သိမ်းကို အသစ်ဖြစ်စေမည်ဖြစ်သည်။ ဖန်ဆင်းခြင်းတစ်ခုလုံးသည် ကျွန်ုပ်တို့၏လက်ရှိစစ်သူရဲဘုရင်၏ မြင်ရသောဘုန်းအသရေနှင့် ပြည့်နေပေလိမ့်မည်။

# နိဂုံး

"ထွက်မြောက်ရာကျမ်းအား ခြုံငုံသုံးသပ်ခြင်း" ခေါင်းစဉ်ဖြင့် ဤသင်ခန်းစာတွင် ၎င်း၏ ကျမ်းရေးသူ၊ အချိန်အခါ၊ မူလအဓိပ္ပာယ်နှင့် ခေတ်သစ်ကျင့်သုံးမှုတို့အပါအဝင် မှတ်သားထားရန် ကနဦး စဉ်းစားချက်များကို မိတ်ဆက်ပေးထားပါသည်။ ကျမ်းကို အဓိကအပိုင်းနှစ်ပိုင်းခွဲခြင်းဖြင့် ထွက်မြောက်ရာကျမ်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကိုလည်း ကျွန်ုပ်တို့လေ့လာခဲ့ကြသည်။ ထို့ပြင် ကျမ်းတစ်အုပ်လုံးတွင် ဘုရားသခင်၏ဘုရင်ဖြစ်ခြင်း၏အတိုင်းအတာသည် မည်မျှအထိသက်ရောက်မှုရှိသည်အပါအဝင် အဓိကအကြောင်းအရာအချို့ကို ကျွန်ုပ်တို့ ကြည့်ရှုခဲ့ပြီးဖြစ်သည်။

ထွက်မြောက်ရာကျမ်းသည် ၎င်း၏မူလဣသရေလပရိသတ်အတွက် ကတိတော်ပြည်၏ နယ်စပ်တွင် မောရှေနှင့်အတူစခန်းချနေစဉ် ကြီးမားစွာအရေးပါမှုရှိသည်။ ဣသရေလလူတို့သည် မိမိတို့ခေတ်တွင် ဘုရားသခင်အတွက် အသက်ရှင်ခြင်းဆိုင်ရာ စိန်ခေါ်မှုများကို တွေးတောဆင်ခြင်သကဲ့သို့၊ မောရှေအား ၎င်းတို့၏လူမျိုး၏ ဘုရားသခင်ခန့်အပ်သော ခေါင်းဆောင်အဖြစ် ကတိကဝတ်ကို ထပ်မံအတည်ပြုရန် ထွက်မြောက်ရာကျမ်းသည် တောင်းဆိုသည်။ ဤကျမ်းသည် အီဂျစ်ပြည်မှ သိနာတောင်သို့ ကယ်နုတ်ခြင်းတွင် မောရှေ၏အခန်းကဏ္ဍကို သူတို့အားအမှတ်ရစေသည်။ ထို့ပြင် ကတိတော်ပြည်အတွက်သူတို့အား ဘုရားသခင်မည်သို့ပြင်ဆင်ထားသည်ကို သူတို့အားအမှတ်ရစေသည်။

အလားတူ၊ ယနေ့ခရစ်တော်၏နောက်လိုက်များအနေနှင့်၊ ထွက်မြောက်ရာကျမ်းသည် မောရှေ၏ အခွင့်အာဏာအပေါ် ကျွန်ုပ်တို့၏သစ္စာစောင့်သိမှုကို အတည်ပြုရန် ကျွန်ုပ်တို့ကို တောင်းဆိုထားသော်လည်း၊ ခရစ်တော်၌ ဘုရားသခင် ပြီးမြောက်စေသောအရာကို ထင်ရှားစေပါသည်။ ဣသရေလလူမျိုး၏ ခေါင်းဆောင်အဖြစ် မောရှေအားဖြင့် ဘုရားသခင်ပြုသကဲ့သို့၊ ထွက်မြောက်ရာကျမ်းသည် ခရစ်တော်အားဖြင့် ဘုရားသခင်သည် မည်မျှလုပ်ဆောင်ခဲ့သည်ကိုဖော်ပြထားသည်။ ခရစ်တော်၌၊ ဘုရားသခင်သည် အပြစ်တရား၏ကျွန်ခံခြင်းနှင့် စာတန်၏အုပ်စိုးခြင်းမှ ကျွန်ုပ်တို့အားထာဝရကယ်လွှတ်ခဲ့သည်။ ခရစ်တော်၌၊ ဘုရားသခင်သည် ခရစ်တော်၏ဝိညာဉ်တော်၏မျက်မှောက်တော်နှင့်ကျွန်ုပ်တို့ကိုလမ်းပြရန်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လမ်းညွှန်ချက်များ ပေးထားသည်။ ဤအချက်အရ၊ ထွက်မြောက်ရာကျမ်းသည် ကောင်းကင်သစ်နှင့် မြေကြီးသစ်တွင်ကတိပြုထားသည့် ထာဝရအမွေသို့ ကျွန်ုပ်တို့အားပို့ဆောင်ပေးသည်နှင့်အမျှ ခရစ်တော်နောက်သို့ မည်သို့လိုက်ရမည်အကြောင်း ပိုမိုသိရှိရန် မရေမတွက်နိုင်သော လေ့လာရန်အခွင့်အရေးများကို ကျွန်ုပ်တို့အားပေးပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။